# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက် ၂၀၁၇ ခုနှစ်၊ သြဂုတ် ၂၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၆)၊ အမှတ်(၃၂၉)


# အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများအား အားပေးခြင်း၊ ထောက်ခံခြင်း၊ ပူးပေါင်းခြင်း မပြုကြရန် အသိပေး တိုက်တွန်း

**နေပြည်တော် သြဂုတ် ၂၇**

အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများအား အားပေးခြင်း၊ ထောက်ခံခြင်း၊ ပူးပေါင်းခြင်း မပြုကြရန် နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက တိုက်တွန်းချက်တစ်ရပ်ကို ယနေ့ ညနေ ၆ နာရီ ၄၅ မိနစ်က ထုတ်ပြန်လိုက်သည်။

အဆိုပါထုတ်ပြန်ချက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ၂၀၁၇ ခုနှစ် သြဂုတ် ၂၅ ရက်တွင် မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်၌ ပါဝင်သော အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများနှင့် ARSA တို့ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားပြီးဖြစ်ကြောင်း။

လက်ရှိအချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဥပဒေနှင့်အညီ ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်တို့ကို အကာအကွယ်ပေးရန်၊ မောင်တောဒေသအတွင်း တည်ငြိမ်အေးချမ်းမှု အမြန်ဆုံးတည်ဆောက်နိုင်ရန် ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြိုးပမ်းလျက်ရှိကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများကိုသာ နှိမ်နင်းနိုင်ရေး ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ပြီး အကြမ်းဖက်သမားများနှင့် ပတ်သက်ဆက်နွှယ်မှု မရှိသူများကို ဦးတည်ခြင်းမရှိကြောင်း ဖော်ပြထားသည်။

သို့ရာတွင် အကြမ်းဖက်သမားများကို ရှာဖွေဖော်ထုတ်ချေမှုန်းရာ၌ ကလေးသူငယ်များကို ရှေ့မှထား၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရန်ပြုခြင်း၊ လူနည်းစု တိုင်းရင်းသားကျေးရွာများကို လူအုပ်စုဖြင့် ဝင်ရောက်၍ မီးရှို့ခြင်း၊ အကြမ်းဖက် သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ယင်းအကြမ်းဖက်မှုများတွင် ပါဝင်သောလူပုဂ္ဂိုလ်အားလုံးသည် အကြမ်းဖက်မှု မြောက်မည်ဖြစ်ကြောင်း။

အစွန်းရောက်အကြမ်းဖက်သမားများနှင့် ပတ်သက်ဆက်နွှယ်ခြင်းမရှိသူ ဘင်္ဂါလီများအနေဖြင့် စိုးရိမ်ပူပန်မှုမရှိကြရန် လိုအပ်ကြောင်း၊ ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်အရ ဆောင်ရွက်ရာတွင် တုတ်၊ ဓား၊ လက်နက်များ ကိုင်ဆောင်ခြင်း၊ ရန်လိုခြင်းနှင့် ရန်ပြုခြင်းများ မပြုလုပ်ဘဲ အသာတကြည်ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပုဒ်မ ၁၄၄ ထုတ်ပြန်၍ သတ်မှတ်ထားသော ညမထွက်ရ နယ်မြေဒေသများတွင်လည်း သတ်မှတ်အချိန်များတွင် ပြင်ပသို့ သွားရောက်ခြင်းများ မပြုလုပ်ရန် အထူးအရေးကြီးကြောင်း။

အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများနှင့် ပတ်သက်ဆက်စပ်ခြင်းမရှိဘဲ အေးချမ်းစွာ နေထိုင်လိုသူများအနေဖြင့် စိုးရိမ်ထိတ်လန့်ခြင်းမရှိဘဲ အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ကြပြီး ဒေသတည်ငြိမ်အေးချမ်းရေးကို ပါဝင်ဆောင်ရွက်ကြရန် အသိပေးတိုက်တွန်းအပ်ပါကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**




စတုတ္ထအကြိမ် Clean Yangon Campaign တွင် ပြည်သူများ မြို့သာယာလှပရေး သက်ဝင်လှုပ်ရှားနေစဉ်

# ပြည်သူ ၁၅၀၀ ကျော်နှင့်အတူ အနုပညာရှင်များ ပါဝင်လှုပ်ရှားသော Clean Yangon Campaign

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် သြဂုတ် ၂၇**

မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာကျပြီး လူဦးရေထူထပ်များပြားလှသော မြို့တော်ရန်ကုန်မြို့၌ ပြည်သူ ၁၅၀၀ ကျော်နှင့်အတူ အနုပညာရှင်များ ပူးပေါင်းပါဝင်သည့် မြို့တွင်းသာယာလှပရေး အကောင်အထည်ဖော်ဆောင်သော Clean Yangon Campaign လှုပ်ရှားမှုကြီးကို ယနေ့ ညနေ ၃နာရီတွင် လမ်းကြောင်းလေးကြောင်းခွဲ၍ စတင်သက်ဝင်လှုပ်ရှားဆောင်ရွက်ခဲ့သည်။

"ကျွန်တော်တို့ Clean Yangon Campaign နဲ့ပတ်သက်လို့ ပြောရရင် တစ်ကြိမ်နဲ့တစ်ကြိမ် ပြည်သူပူးပေါင်းပါဝင်မှု ပိုမိုများပြားလာတာကိုလည်း တွေ့ရပါတယ်။ အခုအကြိမ်ဆို ပြည်သူတွေသာမကဘဲ

*စာမျက်နှာ ၇ ကော်လံ ၁* ◆

## ရောဝတီ၊ ငဝန်နှင့် တိုးမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် သြဂုတ် ၂၇**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၌ နှစ်ပေခန့်နှင့် ဇလွန်မြို့၌ နှစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့်စီ ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ နှစ်ပေခန့်နှင့် သာပေါင်းမြို့၌ နှစ်လက်မခန့် ယင်းမြို့များ၏ စိုးရိမ်းရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း တစ်ပေခန့်စီ ဆက်လက်မြင့်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

တိုးမြစ်ရေသည် မအူပင်မြို့၌ တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဧရာဝတီမြစ်ရှိ ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်၊ ငဝန်မြို့ရှိ ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့နယ်၊ တိုးမြစ်ရှိ မအူပင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

## အမေရိကန်ကသတိပေးခဲ့ပြီးနောက် စစ်ရေးလေ့ကျင့်မှုများ ဗင်နီဇွဲလား ပြုလုပ်

စာ » ၁၄


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်အုပ်စု၏ ရေရှည်ရည်မှန်းချက်နှင့် နည်းဗျူဟာ

အကြမ်းဖက်အုပ်စုသည် ၎င်း၏ သရုပ်အမှန်ကို အထုပ်ဖြေပြကာ နည်းစုံလမ်းစုံဖြင့် မီးကုန်ယမ်းကုန် ကြမ်းရမ်းပြနေပြီ ဖြစ်သည်။ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက ဒေသခံတိုင်းရင်းသားလူနည်းစု နေထိုင်ရာကျေးရွာငယ်များကိုတုတ်၊ ဓား၊ သေနတ်စသော လက်နက်များကိုင်ဆောင်ကာ လူအုပ်စုအင်အားဖြင့် ဝိုင်းပတ်ပိတ်ဆို့ခြင်း၊ ထိုးခုတ်ရိုက်နှက် သတ်ဖြတ်ခြင်း၊ ကျေးရွာများမှ နေအိမ်များ၊ ဈေးဆိုင်များနှင့် ဘုန်းတော်ကြီးကျောင်းတို့ကို မီးရှို့ခြင်း၊ မိုင်းခွဲခြင်း၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ကင်းစခန်းများကို တိုက်ခိုက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ ယင်းသို့ တိုက်ခိုက်ရာတွင် တိုက်ခိုက်မှုများ စတင်သည့်နေ့ရက်ကို ရွေးချယ်ခြင်း၊ တိုက်ခိုက်ပုံနည်းလမ်းကို သတ်မှတ်ခြင်း၊ မီဒီယာနည်းလမ်းများကို အသုံးပြုခြင်းစသည့် နည်းဗျူဟာများကို အသုံးပြုကာ တိုက်ခိုက်မှုများ မဖြစ်မနေ အဆုံးသတ်ပြီးသည့်အချိန်တွင် တစ်စုံတစ်ရာသော အကျိုးအမြတ်ကျန်ရစ်ပြီး ဆယ်စုနှစ်များစွာကြာအောင် စောင့်ဆိုင်းဆင်နွှဲဦးမည့် အကြမ်းဖက်စစ်ပွဲအတွက် အခြေခံများ ချထားပေးနိုင်ခဲ့သည့် ရည်မှန်းချက်များ ရှိထားသည်ကို တွေ့ရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဒေသခံတိုင်းရင်းသားတို့အပေါ် အစွန်းရောက်အကြမ်းဖက်ဘင်္ဂါလီတို့၏ တိုက်ခိုက်မှုများမှာ ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၂-၄၃ ခုနှစ်များအတွင်းကပင် စတင်ခဲ့ခြင်းဖြစ်ပြီး လွတ်လပ်ရေးရပြီးခါစကာလ ၁၉၄၈ ခုနှစ်အတွင်း မူဂျာဟစ်သူပုန်များအဖြစ် ပုန်ကန်ထကြွခဲ့ရာတွင် တိုင်းရင်းသားတို့၏ ကျေးရွာအမြောက်အမြားနှင့် ၎င်းတို့ လုပ်ကိုင်စားသောက်ကြသည့် လယ်ယာမြေကေပေါင်းမြောက်မြားစွာတို့မှာ ဘင်္ဂါလီတို့၏လက်တွင်းသို့ ကျရောက်သွားခဲ့ရသည်။ ယင်းနောက်ပိုင်းတွင် နိုင်ငံတော်၌ အရေးပေါ်ချိန်ကာလများသို့ ကျရောက်သည့်အခါတိုင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင် အပြောင်းအလဲကာလများ ဖြစ်ပေါ်သည့်အခါတိုင်း အခြေအနေပေးလျှင်ပေးသလို တစ်နည်းနည်းနှင့် ထကြွဆူပူ သောင်းကျန်းကြကာ ၎င်းတို့အတွက် အမြတ်အစွန်းတစ်ခုခုကို ရယူခဲ့ကြသည်ချည်းဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသတွင်း ဩဇာကြီးသည့် နိုင်ငံတစ်ခုတွင် အခြေစိုက်ဖွဲ့စည်းထားကာ ဟာရာကာအယ်လ်-ယာကင်ဟူသော အာရေဗျအမည်ကို ခံယူထားသည့် အဖွဲ့အစည်းက နောက်ခံပြုလျက် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ARSA ဟူသောအမည်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာခြင်း၏ ရည်မှန်းချက်မှာ နိုင်ငံတကာတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသကို ပိုမိုအာရုံစိုက်လာစေရေး၊ မြန်မာနိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့အပေါ် နိုင်ငံတကာမှ ဖိအားများ ပိုမိုကျရောက်လာစေရေး၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်အုပ်စုတို့၏ ဩဇာများလွှမ်းမိုးစေကာ ၎င်းတို့၏ အခြေခံစခန်းများ တည်ဆောက်နိုင်ရေးနှင့် လူနည်းစုမျှသာရှိနေသော တိုင်းရင်းသားအုပ်စုငယ်များကို ဒေသတွင်းမှ အပြီးတိုင် ရှင်းလင်းရေးတို့အတွက် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ရှင်းလင်းစွာတွေ့မြင်နေရပြီ ဖြစ်သည်။

တုတ်၊ ဓား၊ လှံ၊ မှိန်းနှင့် ရရာလက်နက်များ စွဲကိုင်ထားသည့် လူအုပ်စုနှင့် ကလေးများကို ရှေ့မှတင်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခိုင်းခြင်း၊ ၎င်းတို့၏ နေအိမ်များ၊ ဈေးဆိုင်များ၊ ဘာသာရေးအဆောက်အအုံများကိုပါ ၎င်းတို့ကိုယ်တိုင် မီးရှို့ခြင်းတို့ကို ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာမှ ခေါင်းဆောင်များ၊ နိုင်ငံရေးသမားများ၊ နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်အကျော်အမော်များ အသုံးများသော လူမှုကွန်ရက်ဖြစ်သည့် တွစ်တာကို အများဆုံးအသုံးပြုကာ ကမ္ဘာသုံးဘာသာစကားဖြစ်သော အင်္ဂလိပ်ဘာသာဖြင့် ဝါဒဖြန့်ချိမှုများ ပြုလုပ်နေသည်ကိုလည်း တွေ့ရသည်။ ထို့အပြင် ပြည်တွင်းပြည်ပမီဒီယာအချို့တွင်လည်း လက်ရှိဖြစ်ရပ်များ၊ ဖြစ်စဉ်များအပေါ် သတင်းရေးသားရာ၌ သတင်းကိုချဉ်းကပ်သည့် ရှုထောင့်၊ သတင်းရေးသားရာတွင် အသုံးပြုသည့်ဝေါဟာရများမှအစ ဘက်လိုက်ခြင်း၊ ပုံဖျက်ခြင်းတို့ ပြုလုပ်ကြသည့်အပြင် ကိုးကွယ်ရာဘာသာရေးကို အကြောင်းပြု၍ ဖြစ်သယောင်ယောင် ထင်မြင်လာအောင် ရေးသားနေကြသည်များကိုလည်း တွေ့ရှိနေရသည်။

နိဂုံးချုပ်အားဖြင့်ဆိုရလျှင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်အုပ်စုတို့၏ ရည်မှန်းချက်နှင့် နည်းဗျူဟာများမှာ ရေရှည်သဘောကိုဆောင်ပြီး နိုင်ငံတကာသို့ပင် လက်တံရှည်သည့်အလျောက် ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးကို ကိုင်တွယ်ဖြေရှင်းရာတွင် အကြမ်းဖက်အုပ်စု၏ နည်းဗျူဟာထောင်ချောက်အတွင်း မကျရောက်စေရေးအတွက် သတိမူကြရပါမည့်အကြောင်း။ ။

## ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုအရ စဥ့်ကူးမြို့နယ် ရွှေမုဋ္ဌောဘုရားပွဲ၌ ဆွမ်းကပ်လှူပွဲသာ ကျင်းပမည်

**စဥ့်ကူး ဩဂုတ် ၂၇**

စဥ့်ကူးမြို့ သီရိမင်္ဂလာအာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင် ရွှေမုဋ္ဌောစေတီတော်မြတ်၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ရွှေမုဋ္ဌောစေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ဘုရားဂေါပကအဖွဲ့တို့က ကြီးမှူး၍ နှစ်စဉ်တော်သလင်းလဆန်း ၇ ရက်မှ ၁၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



ယခုအခါ အချို့နေရာများ၌ ရာသီတုပ်ကွေး (H1N1) ရောဂါများဖြစ်ပွားလျက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ရွှေမုဋ္ဌော ဘုရားဂေါပကအဖွဲ့တို့၏ အစည်းအဝေးညှိနှိုင်းဆုံးဖြတ်ချက်များအရ ဘုရားပွဲတော်တွင် ဇာတ်ပွဲနှင့်ပျော်ပွဲရွှင်ပွဲများ၊ ဈေးဆိုင်ခန်းများ ခင်းကျင်းရောင်းချခြင်းများ ခွင့်ပြုခြင်းမရှိတော့သည့်အတွက် ဘုရားဂေါပကအဖွဲ့အနေဖြင့် ဘုရားပွဲတော်နေ့တွင် ဘုရားပွဲတော်အစဉ်အလာအတိုင်း ဘုရားအနေကဇာတင်မင်္ဂလာနှင့်သံဃာတော်များအား ဆွမ်းကပ်လှူပွဲသာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

စဥ့်ကူးမြို့ ရွှေမုဋ္ဌောဘုရားပွဲတော်တွင် ပျော်ပွဲရွှင်ပွဲနှင့် ဈေးဆိုင်ခန်းတည်ဆောက်မှုများ ပိတ်သိမ်းသဖြင့် ဆွဲယူထားသော ဇာတ်ကန်ထရိုက်ကို ငွေကျပ် ၅၅ ဒသမ ၅၅ သိန်းအား ဂေါပကအဖွဲ့က ပြန်လည်ထုတ်ဝေပေးခဲ့ပြီး ဈေးဆိုင်ခန်းဆွဲယူသူအား နောင်နှစ်တွင် အစားပြန်လည်ဆွဲယူခွင့်ပေးခဲ့ကြောင်း ရွှေမုဋ္ဌောဘုရားဂေါပကအဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(မြို့နယ် ပြန်/ဆက်)

ထင်သာမြင်သာပြုပြင်စရာ

## ဖြူးမြို့နယ် ညောင်ကားယားကျေးရွာရှိ အန္တရာယ်ရှိကျောင်းဆောင် ပြုပြင်ပေးစေလို

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ညောင်ကားယားကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းကို ၁၉၉၄ ခုနှစ်က အလျားပေ ၁၂၀ ၊ အနံပေ ၃၀ နှင့် အမြင့် ၁၅ ပေ ဖြင့် တည်ဆောက်ထားခဲ့ရာ ယနေ့အချိန်တွင် ၂၃ နှစ်တာကာလ ကြာမြင့်နေပြီဖြစ်၍ အချို့တိုင်များ၏ အောက်ခြေများ ပြတ်နေခြင်း၊ ကွန်ကရစ်နံရံများ ယိုင်နဲ့နေခြင်း၊ ပြတင်းတံခါးများခြတက်၍ အဖွင့်အပိတ်ပြုလုပ်မရခြင်းများ ဖြစ်နေသည်မှာ သုံးနှစ်ခန့် ကြာမြင့်နေပြီဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ပါက ကျောင်းနံရံများ အချိန်မရွေး ပြိုကျပျက်စီးနိုင်သဖြင့် အမြန်ဆုံး ပြုပြင်ပေးစေလိုကြောင်း အဆိုပါကျောင်း၏ ကျောင်းအုပ်ဆရာမ



ဒေါ်ခင်မာလတ်က ပြောကြားခဲ့သည်။

အဆိုပါမူလွန်ကျောင်းတွင် KG တန်းမှ ဆဋ္ဌမတန်းအထိရှိပြီး စာသင်ခန်း ခုနစ်ခန်းဖြင့် ကျောင်းဆောင်တစ်ခုထဲတွင် စုပေါင်းသင်ကြားနေရကြောင်း သိရသည်။

အကယ်၍များ ဤကျောင်းနံရံများ ပျက်စီးပြိုကျလာမည်ဆိုပါက ကျောင်းသားကျောင်းသူ ကလေးသူငယ်များ အတွက် နေ့စဉ်နှင့်အမျှ စိုးရိမ်ပူပန်နေရကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

## ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဆွေးနွေး

**နမ့်ခမ်း ဩဂုတ် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီနှင့် မြို့နေကလေးငယ်များ၊ လူငယ်များ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ်လ တတိယပတ်က တိုင်းမင်္ဂလာခန်းမ၌ ကျင်းပခဲ့ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားသည်။

ထို့နောက် နမ့်ခမ်းမြို့နယ် Save the Children တာဝန်ခံ ဦးစိုင်းစိုးညွန့်က တွေ့ဆုံ ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသောလူငယ်များက ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မူးယစ်ဆေးဝါး၊ ဒေသလုံခြုံ ရေးဆိုင်ရာကိစ္စရပ်များ၊ ကလေးသူငယ်များ၏ အခွင့်အရေးနှင့် ကြုံတွေ့ရသော အခက်အခဲများကို တင်ပြဆွေးနွေးခဲ့ကြပြီး တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ဖြေကြားခဲ့သည်။

**ညဏ်မင်း(နမ့်ခမ်း)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၇-၈-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၇၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ | · ၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၅ | · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၉ | · ၆၃ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | · ၇၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | · ၂၅ |
| တရုတ် | တစ်ယွမ် | ၂၀၄ | · ၂၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ | · ၃၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

# မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ ပဏာမအဆင့်ပြိုင်ပွဲ ရန်ကုန်မြို့၌ကျင်းပ

**ရန်ကုန်　သြဂုတ် ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့် Forever Group ၏ ပံ့ပိုးမှုဖြင့် ကျင်းပသည့် မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ ပဏာမအဆင့်ပြိုင်ပွဲ (ရန်ကုန်) ကို ယနေ့ ညပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ဒီမိုကရေစီနေ့အထိမ်းအမှတ်ပြုပြီး ဒီမိုကရေစီပွဲတော်တွင် ရုပ်ရှင်၊ သဘင်၊ ဂီတကဏ္ဍများအလိုက် ကျင်းပကြခြင်းဖြစ်ကြောင်း။

ဂီတအနုပညာရှင်များနှင့် တွေ့ဆုံစဉ် မိမိတို့နိုင်ငံသည် ဒီမိုကရေစီကူးပြောင်းချိန်ဖြစ်သည့်အတွက် ဒီမိုကရေစီနှင့်ပတ်သက်သည့် အများပြည်သူ သိသင့်သိထိုက်သည့် အကြောင်းအရာများ၊ အများပြည်သူတို့တွင် ရှိသင့် ရှိထိုက်သည့် ဒီမိုကရေစီစိတ်ဓာတ်နှင့် သဘောထားအမြင်များကို ဖြည့်တင်းပေးနိုင်ရန်၊ ဂီတပညာဖြင့် ဖန်တီးဆောင်ရွက်ပေးနိုင်ရန် မေတ္တာရပ်ခံခဲ့ရာ ဂီတပညာရှင်များက တေးသီချင်းများ ရေးစပ်ပေးခဲ့ပါကြောင်း။

ရုပ်ရှင်ဇာတ်ကားများတွင်လည်း ဒီမိုကရေစီသဘောတရား အနှစ်သာရနှင့် ဒီမိုကရေစီနိုင်ငံများတွင် ရှိရမည့် နိုင်ငံသားများ၏ စိတ်ဓာတ်များကို ဖော်ပြခြယ်မှုန်းထားသည်ကို တွေ့ရပါကြောင်း။

ယနေ့တင်ဆက်ပြိုင်ပွဲဝင်ကြမည့် အငြိမ့်သဘင် အနုပညာသည်များသည်လည်း ဒီမိုကရေစီအနှစ်သာရများဖြင့် အငြိမ့်သဘင်၏ ရသပညာများကို ပေါင်းစပ်ပြီး စိတ်ဝင်စားဖွယ်တင်ဆက်ပြသသွားနိုင်ကြပါရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မုဒိတာစကားပြောကြားပြီး ပြိုင်ပွဲစီစဉ်သူ ဦးသူရ(ခေါ်) ဇာဂနာက ပြိုင်ပွဲများ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ ပဏာမအဆင့်ပြိုင်ပွဲကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပရန် စီစဉ်ထားရှိရာ ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ သြဂုတ် ၂၇ ရက်မှ ၃၀ ရက်အထိ အငြိမ့်အဖွဲ့ ၂၁ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ၎င်းတို့အနက်မှ လေးဖွဲ့ကို ပဏာမအဆင့် ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ မန္တလေးမြို့တွင် အမျိုးသားဇာတ်ရုံ၌ သြဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ကာ ၎င်းတွင် အငြိမ့်အဖွဲ့ ၁၃ ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ၎င်းအနက်မှ အငြိမ့်အဖွဲ့ သုံးဖွဲ့ကို ပဏာမအဆင့်ရွေးချယ်သွားမည်ဖြစ်ကြောင်း။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ ပဏာမအဆင့်ပြိုင်ပွဲ (ရန်ကုန်)တွင် အမှာစကားပြောကြားစဉ်

အဆိုပါ ရွေးချယ်ခံရသည့် အငြိမ့်အဖွဲ့များသည် စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ ထပ်မံယှဉ်ပြိုင်ကြမည်ဖြစ်ကာ ယင်းတို့အနက်မှ ပထမ၊ ဒုတိယ၊ တတိယဆုနှင့် အထူးဆုများကို ရွေးချယ်မည်ဖြစ်ပြီး အကောင်းဆုံး လူရွှင်တော်အဖွဲ့၊ အကောင်းဆုံး ဆိုင်းအဖွဲ့၊ အကောင်းဆုံး မင်းသမီးဆုနှင့် ပရိသတ်အကြိုက်ဆုံးအဖွဲ့ဆုများကိုလည်း ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

ဆုချီးမြှင့်ငွေအဖြစ် ပထမဆုငွေကျပ် သိန်း ၅၀၊ ဒုတိယဆုငွေကျပ် သိန်း ၃၀၊ တတိယဆုငွေကျပ်သိန်း ၂၀၊ အထူးဆုငွေကျပ် ၁၀ သိန်း၊ အကောင်းဆုံးဆုများအတွက် ငွေကျပ်သိန်း ၂၀ ချီးမြှင့်မည်ဖြစ်ပြီး ပရိသတ်အကြိုက်ဆုံးအဖွဲ့ဆုကိုလည်း ငွေကျပ်သိန်း ၂၀ ချီးမြှင့်ရန် လျာထားကြောင်း၊ သြဂုတ် ၂၇ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည့် ပြိုင်ပွဲများတွင် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း။

ရန်ကုန်မြို့၌ ကျင်းပသည့် ပြိုင်ပွဲများအတွက် အကဲဖြတ်ဒိုင်များအဖြစ် ဒါရိုက်တာ မောင်သီ၊ ဦးဝင်းနိုင်(အနုပညာ)၊ ဒေါ်နုနုစိန်၊ ဒေါ်သီတာဝင်း၊ ရွာစားသီရိမောင်မောင်တို့က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# သက်ကြီးရွယ်အိုများအား ပိုမိုကောင်းမွန်သည့် အခွင့်အလမ်းများ ပေးအပ်ရန်ရှိ

**နေပြည်တော်　သြဂုတ် ၂၇**

သက်ကြီးရွယ်အိုများအား ကူညီစောင့်ရှောက်သည့် လုပ်ငန်းကို နိုင်ငံတော်က ပံ့ပိုးကူညီပေးနေပြီး ယခုထက်ပိုမိုသည့် အခွင့်အရေးများ ပေးအပ်နိုင်ရန်အတွက် ဆောင်ရွက်ရန်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် အခြေခံလူ့အခွင့်အရေးရရှိရေး၊ ဒီမိုကရေစီစံနှုန်းနှင့် ညီညွတ်သော လူ့ဂုဏ်သိက္ခာ အပြည့်အဝရရှိရေးနှင့် လူမှုအသိုက်အဝန်းတစ်ရပ်ဖြစ်လာရေးအတွက် အကောင်အထည်ဖော်လျက်ရှိရာ သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးလုပ်ငန်းကို ဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒများနှင့် လက်တွေ့ကျကျဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သက်ကြီးရွယ်အို အခွင့်အလမ်းဥပဒေအရ သက်ကြီးရွယ်အိုများအနေဖြင့် ကိုယ်ပိုင်ရပ်တည်ပါဝင်ပိုင်ခွင့်၊ ဆောင်ရွက်ခွင့်ရှိကြောင်း၊ သက်ကြီးရွယ်အိုတိုင်း အိုမင်းမစွမ်းများ မဟုတ်ကြဘဲ စွမ်းဆောင်နိုင်သည့် သက်ကြီးများအတွက် လူ့အခွင့်အရေးဆိုင်ရာလုပ်ဆောင်နိုင်ချက်များကို အသိအမှတ်ပြုပေးမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ၌ အဘိုးအဘွားများအား သွားရောက်ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားခဲ့သည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် အသက် ၉၀ နှစ်အထက် ဘိုးဘွားများအား ဧပြီလမှ စတင်ကာ တစ်လလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် သုံးလတစ်ကြိမ် လူမှုရေးပင်စင်ကို ထောက်ပံ့ပေးလျက်ရှိသည်။ သက်ကြီးရွယ်အိုဆိုင်ရာ ဥပဒေကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် အတည်ပြုနိုင်ခဲ့ပြီး သက်ကြီးရွယ်အိုများကို အိမ်တိုင်ရာရောက်စောင့်ရှောက်ခြင်းနှင့် နေ့ခင်းပိုင်း စောင့်ရှောက်ခြင်းလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ကြောင်း ဒေါက်တာဝင်းမြတ်အေးထံမှ သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် သီးခြားဆောင်ရွက်လျက်ရှိသည့် သက်ကြီးရွယ်အို ထိန်းသိမ်းစောင့်ရှောက်ရေးဂေဟာများ၊ ဘိုးဘွားရိပ်သာများကိုလည်း ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဖြစ်ပြီး ပြီးခဲ့သည့်လအထိ စာရင်းများအရ အသက် ၉၀ နှစ်အထက်ဘိုးဘွားလေးသောင်းနီးပါးကိုလည်း လူမှုရေးပင်စင်ခံစားခွင့်အားလုံး ရရှိနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အသက်အရွယ်ကြီးရင့်လာသည့် သက်ကြီးများအား တက်ကြွသော စိတ်ဓာတ်နှင့် ကျန်းမာသော ကိုယ်ခန္ဓာကို ရရှိလာစေရန် အိုမင်းမစွမ်းမဖြစ်မီကတည်းက ကြိုတင်ပြုစုစောင့်ရှောက်ရန်အတွက် နိုင်ငံတော်နှင့် ပြည်သူများအားလုံးက ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

နေပြည်တော်ရှိ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာသည် အဘိုး ၁၂၁ ဦးနှင့် အဘွား ၃၉ ဦးတို့ကို ပြုစုစောင့်ရှောက်လျက်ရှိပြီး အဘိုးအဘွားများ၏ ကျန်းမာရေးလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုနှစ်အတွင်း အသက် ၉၀ နှစ်အထက် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင်ထောက်ပံ့မှုမှာ ငွေကျပ်သန်း ၄၂၀၀ ခန့်လျာထားပြီး အဘိုးအဘွားဦးရေများပြားသဖြင့် လက်ရှိတွင် အသက် ၉၀ နှစ်အောက် အဘိုးအဘွားများအတွက် ထောက်ပံ့ပေးနိုင်ခြင်း မရှိသေးဘဲ လာမည့် ဘဏ္ဍာနှစ်များအတွင်း အသက်အရွယ်ပိုမိုတိုးမြှင့်ကာ လူမှုရေးပင်စင်ပေးအပ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

နေပြည်တော်ရှိ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာသည် အဘိုးအဘွား ၁၅၅ ဦးကို လက်ခံရန်အတွက် ဝန်ထမ်း ၁၂၂ ဦးက ပြုစုစောင့်ရှောက်ပေးလျက်ရှိပြီး တပ်မတော်မှ အငြိမ်းစားယူကာ ပြုစုစောင့်ရှောက်ရန် အခက်အခဲရှိသူများနှင့် တပ်မတော်သား သက်ကြီးရွယ်အိုမိသားစုဝင်များအတွက် ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သိရသည်။ တိုင်းပြည်နှင့် လူမျိုးအတွက် နှစ်ရှည်လများ သက်စွန့်ကြိုးပမ်း စစ်ဆင်ရေး တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ကြီးရွယ်အို အဘိုးအဘွားများအတွက် ပြုစုစောင့်ရှောက်ရန် ရည်ရွယ်ထားပြီး အဘိုးအဘွား ၇၀၀ နီးပါးနေထိုင်နိုင်ရန် ရည်ရွယ်တည်ဆောက်ထားသည်။

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-ကရုဏာကမ္ဘာ**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မွန်ပြည်နယ်ညွှန်ကြားရေးမှူးရုံး ပန္နက်တင်

**မော်လမြိုင်　သြဂုတ် ၂၇**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့၏ မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံးအဆောက်အအုံ ပန္နက်တင်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မော်လမြိုင်မြို့ ကျိုက်မရောလမ်း မင်းရွာကျေးရွာရှိ အဆိုပါရုံးအဆောက်အအုံနေရာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမင်းအေးကိုက မွန်ပြည်နယ်ညွှန်ကြားရေးမှူးရုံးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး၊ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပြည်နယ်ဆောက်လုပ်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးနှင့် အင်ဂျင်နီယာချုပ် (အဆောက်အအုံ)တို့က သတ်မှတ်နေရာအသီးသီး၌ ပန္နက်တင်ပေးကြသည်။ **(ယာပုံ)**



ယခုတည်ဆောက်မည့် မွန်ပြည်နယ်ညွှန်ကြားရေးမှူးရုံးသည် (၄၈× ၆၀)ပေအကျယ် သံကူကွန်ကရစ်နှစ်ထပ် အဆောက်အအုံဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အထူး ဆောက်လုပ်ရေးအဖွဲ့အမှတ်(၁၃)က တာဝန်ယူတည်ဆောက်မည်ဖြစ်သည်။

ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့၌လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အလားတူ ရုံးအဆောက်အအုံများကို ဆက်လက်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းပဒေသာပင် အလှူငွေများလှူဒါန်း




**နေပြည်တော် ဩဂုတ် ၂၇**

နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်များနှင့် သာသနာ့အန္တယ်ဝင် သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ ငွေတောင်တောရပရိယတ္တိ စာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် နေပြည်တော် တပ်ကုန်းမြို့မဟာသီဟနာဒကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ဆန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် ဆေးများကို တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ပဓာနနာယကဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဆွမ်းပဒေသာပင်အလှူငွေများကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ဒုတိယ ဗိုလ်ချုပ်ကြီး ဆန်းဦးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(ဝဲပုံ)**

ယနေ့ လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၁၀၃၀၈၀၀၀၊ ဆန် ၆၃၂ အိတ်၊ ဆီ ၁၃၅ ပိဿာ ၈၀ ကျပ်သား ၊ ပဲ ၁၃၅၈ ပိဿာ၊ ဆား ၁၃၅၈ ပိဿာ၊ ဆေးမျိုးစုံ ၇၁၀၄ ဘူးနှင့် ငါးပိထောင်းဘူး၊ ငရုတ်သီးမှုန့်နှင့် မဆလာထုပ်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေး၌ ပထမဆုံး အသည်းအစားထိုးခွဲစိတ်ကုသမှုအောင်မြင်

**မန္တလေး ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ပထမဆုံးအသည်းအစားထိုးခွဲစိတ်ကုသမှုကို ပြုလုပ်ခဲ့ရာ အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း အသည်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုပညာဌာနမှ ပါမောက္ခဌာနမှူး ဆရာဝန်ကြီး ဒေါက်တာရှိန်မြင့်က ယနေ့ နံနက် ၁၀ နာရီက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အသည်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုပညာဌာန၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

"၂၀၁၇ ခုနှစ် ဇူလိုင် ၅ ရက်မှာ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ပြုလုပ်ခဲ့ပါတယ်။ အခုမှ သတင်းစာရှင်းလင်းပွဲလုပ်ပြီး ပြောရတာကတော့ ခွဲစိတ်မှုလုပ်ပြီး တစ်လလောက်စောင့်ကြည့်ပြီးမှ ကောက်ချက်ချနိုင်တာကြောင့်ပါ။ အခုဆိုရင် အလှူရှင်ဖြစ်တဲ့ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဘီလူးမြို့နယ်ခွဲ ကျေးရွာဒေသမှ စက်ချုပ်လုပ်ငန်းနဲ့ အသက်မွေးစီးပွားဖြစ်လုပ်ကိုင်နေတဲ့ အသက် ၃၀ အရွယ် မနီလာဝင်းနဲ့ အသက် ၅၅ နှစ်ရှိတဲ့ လူနာ ဒေါ်ဝင်းမြပါ ကျန်းမာပျော်ရွှင်နေကြတယ်လေ။ ဒါကြောင့် မန္တလေးမှာ ပထမဆုံး အသည်းအစားထိုးခွဲစိတ်မှု အောင်မြင်ပါတယ်။ ခွဲစိတ်မှုက အချိန် ကိုးနာရီလောက်တော့ ကြာခဲ့ပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါ အစားထိုးကုသမှုကို မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အသည်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုပညာဌာနမှ ပါမောက္ခဌာနမှူး ဆရာဝန်ကြီး ဒေါက်တာရှိန်မြင့် ဦးဆောင်သော ဆရာဝန်ကြီးများက အိန္ဒိယနိုင်ငံ YASHODA HOSPITALS မှ ဆရာဝန်ကြီးများ၏ ကူညီမှုဖြင့် ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သော်လည်း ခွဲစိတ်ကုသမှု ၁၀ ကြိမ်ခန့် ပြုလုပ်ပြီးပါက ပြည်ပပညာရှင်များ၏ အကူအညီမပါဘဲ ခွဲစိတ်ကုသနိုင်တော့မည်ဖြစ်ပြီး ယခု ကုသမှုတွင် လိုအပ်သော ဆေးစစ်ဆေးမှုများ ပြုလုပ်ရခြင်းကြောင့်သာ ငွေကျပ်သိန်း ၂၀၀ ခန့် ကုန်ကျခဲ့ရကြောင်း သိရသည်။

"နိုင်ငံခြားမှာဆိုရင် နေစရိတ်၊ စားစရိတ်တွေအပြင် ကုသမှုအတွက် ကုန်ကျတဲ့စရိတ်က ငွေကျပ်သိန်း ၇၀၀၊ ၈၀၀ လောက် ကုန်ပါတယ်။ ဒါထက် ပိုသက်သာပြီး နိုင်ငံတော်က သတ်မှတ်ထားတဲ့နှုန်းထားနဲ့ အသည်းအစားထိုးကုသမှုကို မန္တလေးမှာလည်း ပြုလုပ်နိုင်ပြီဆိုတာကို မန္တလေးက ပြည်သူတွေသာမကဘဲ မြန်မာတစ်နိုင်ငံလုံးက ပြည်သူတွေကို သိစေချင်ပါတယ်။ အသည်းအစားထိုးကုသမယ်ဆိုရင် အကြမ်းဖျင်းအားဖြင့် ကျန်းမာဖို့လိုပါတယ်။ ပြီးရင် အသည်းထဲမှာရှိတဲ့ သွေးကြောလေးတွေက အလှူခံမယ့် လူနာဆီမှာ ထည့်လို့ရ၊ မရ အရင်စစ်ဆေးရပါတယ်။ ဆွေမျိုးတော်စပ်သူတွေက လှူတယ်ဆိုရင် အကောင်းဆုံးပါပဲ" ဟု ၎င်းက ဆက်လက်ပြောပြသည်။




အသည်းအစားထိုးခွဲစိတ်ကုသမှုကို ၂၀၀၄ ခုနှစ်မှစ၍ ရန်ကုန်မြို့၌ ပြုလုပ်ခဲ့ပြီး လက်ရှိတွင် ကိုရီးယားနိုင်ငံမှ ဆရာဝန်ကြီးများနှင့် ပူးပေါင်း၍ ကုသမှုများ ရှိခဲ့သော်လည်း မန္တလေးမြို့၌ ပထမဆုံးအကြိမ်ဖြစ်ကာ နိုင်ငံတော်မှ လိုအပ်သော ပံ့ပိုးကူညီမှုများ ရရှိခဲ့ပြီး အိန္ဒိယနိုင်ငံပညာရှင်များကလည်း အသည်းအစားထိုးခွဲစိတ်ကုသမှုကို မန္တလေးမြို့မှ ခွဲစိတ်ကုပညာဌာနဆရာဝန်ကြီးနှင့် ဆရာဝန်များအဖွဲ့တို့နှင့်အတူ ဆက်လက်ပူးပေါင်းအားပေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၈ ခုနှစ်တွင် ဒေါ်လာ ၉၀၀၀၀ ကျော်တန်ဖိုးရှိ စက်ပစ္စည်းများ ရရှိနိုင်ရန်အတွက် နိုင်ငံတော်သို့ ဆက်လက်တင်ပြထားကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ မော်လမြိုင်၌ ကျင်းပ

**မော်လမြိုင် ဩဂုတ် ၂၇**

မွန်ပြည်နယ်၌ အလုပ်ရှင်/အလုပ်သမားပြဿနာသည် မရှိသလောက်လျော့နည်းကြောင်း အလုပ်ရှင်/အလုပ်သမား ကြီးကြီးမားမားပြဿနာတိုင်ကြားမှု၊ ဖြေရှင်းပေးရမှု မရှိသေးကြောင်း ဩဂုတ် ၂၅ ရက်ကကျင်းပခဲ့သော အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ သုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် ကော်မတီအတွင်းရေးမှူး ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်ထွေးက ပြောသည်။

ယင်းဆွေးနွေးပွဲကို မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ရှိ အလုပ်သမားများ၊ အလုပ်ရှင်များနှင့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ကော်မတီဝင်များ တက်ရောက်ကြသည်။

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက်မှစတင်ကာ တစ်နိုင်ငံလုံးအနေဖြင့် တစ်ရက်လုပ်ခ ရှစ်နာရီအတွက် အနည်းဆုံးအခကြေးငွေကို ငွေကျပ် ၃၆၀၀ သတ်မှတ်ခဲ့ပြီး နည်းဥပဒေ ၄၁(က)တွင် ပြောင်းလဲလာသောအခြေအနေများအရ နှစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြင်ဆင်နိုင်သည်ဟု ပါရှိသဖြင့် အခြားဒေသများရှိ အလုပ်သမားများနည်းတူ မွန်ပြည်နယ်အတွင်း အလုပ်သမားများ အလုပ်ရှင်များထံမှ အကြံပြုချက်၊ ဆွေးနွေးချက်များ တောင်းဆိုခြင်းဖြစ်ကြောင်း သိရသည်။

"နည်းဥပဒေအရ နှစ်နှစ် တစ်ကြိမ် ပြင်ဆင်သတ်မှတ်နိုင်တယ်လို့ ဆိုထားပေမယ့် အခြေခံကုန်ဈေးနှုန်းမြင့်မားနေတာ၊ ငွေကြေးခိုင်မာမှုမရှိတာတွေက အဓိကပြဿနာပါ။ ကုန်ဈေးနှုန်းတည်ငြိမ်မယ်၊ ငွေကြေးခိုင်မာမှုရှိမယ်ဆိုရင် အလုပ်ရှင်/အလုပ်သမား ဝိရောဓိတွေလည်း လျော့နည်းသွားမယ်လို့ ယူဆပါတယ်" ဟု ရေးမြို့နယ်မှ တက်ရောက်လာသည့် စက်ရုံမှူးတစ်ဦးက အလုပ်ရှင်နှင့် အလုပ်သမားများကြား အခြေအနေကို သုံးသပ်တင်ပြခဲ့ပြီး အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဦးနှစ်ဖက်မျှမျှတတဖြစ်မှ လုပ်ငန်းတိုးတက်အောင်မြင်ကာ လူမှုဘဝဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ အခြေခံဈေးနှုန်းများနှင့် လိုက်လျောညီထွေဖြစ်စေမည့် အနည်းဆုံးအခကြေးငွေကို စားစရိတ်ငြိမ်း ငွေကျပ် ၅၀၀၀ နှုန်း သတ်မှတ်ပေးသင့်ကြောင်း သထုံမြို့ သုဝဏ္ဏဘူမိဟိုတယ်မှ တာဝန်ရှိသူတစ်ဦးက ဆွေးနွေးခဲ့သည်။

လတ်တလောတွင် အခြားဒေသအလုပ်သမားများဘက်က အနည်းဆုံးအခကြေးငွေနှင့်စပ်လျဉ်း၍ တစ်ရက်လျှင် ငွေကျပ် ၃၆၀၀ ထက်ကျော်ကာ ငွေကျပ် ၆၀၀၀ အထိပေးရန် တောင်းဆိုမှုများရှိနေသည်ဟု သိရသည်။

ယခုဆွေးနွေးပွဲနှင့်ပတ်သက်၍ အလုပ်ရှင်နှင့် အလုပ်သမားများသည် အခြားဒေသများကဲ့သို့ ဆွေးနွေးငြင်းခုံခြင်းများ မတွေ့ရှိရကြောင်း သိရသည်။

ပညာရှင်အဖြစ် တက်ရောက်လာသူ ဦးခင်မောင်ညို(ဘောဂဗေဒ)ကလည်း "တခြားဒေသတွေမှာဆို အလုပ်ရှင်/အလုပ်သမား မပြေလည်တာတွေကြောင့် စက်ရုံတွေပိတ်လိုက်ရတယ်။ လုပ်သားအင်အားတွေ လျော့ချကြတယ်။ ဒါတွေဖြစ်ကြတယ်။ ဒီဘက်က အလုပ်သမားတွေက နယ်စပ်နဲ့လည်းနီးတော့ ပြည်ပထွက်အလုပ်အကိုင်ရှာဖို့ အခွင့်အလမ်းများတော့ ဒီဘက်ဒေသမှာ အလုပ်ရှင်တွေဆီကို အနည်းဆုံးအခကြေးငွေ ဘယ်လောက်သတ်မှတ်ပေးပါလို့ အချေအတင်ဖြစ်ကြတာ မတွေ့ရဘူး" ဟု ၎င်း၏အမြင်ကိုပြောပြသည်။

ယခုဆွေးနွေးပွဲမှရလာသည့် အချက်အလက်များကို ပြည်နယ်ကော်မတီ အစည်းအဝေးတွင် သုံးသပ်ချက်များရယူကာ အမျိုးသားကော်မတီသို့ စက်တင်ဘာ နောက်ဆုံးပတ်မတိုင်မီ ဆက်လက်တင်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြတ်မွန်ထွေး (မြန်မာ့အလင်း)**

# စီမံကိန်းလည်ပတ်ရန်ပုံငွေများ ပေးအပ်

**ပြည် ဩဂုတ် ၂၇**

၂၀၁၇-၂၀၁၈ ခုနှစ်တွင် ပြည်မြို့နယ်၌ ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာ ကိုးရွာသို့ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ စီ စီမံကိန်းလည်ပတ်ရန်ပုံငွေများပေးအပ်ပွဲနှင့် စီမံကိန်းဆိုင်ရာ ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၅ ရက်က ကျင်းပရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ရွှေဝါ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် စီမံကိန်းတာဝန်ခံများ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်က စီမံကိန်းဝင်ကျေးရွာ ကိုးရွာမှ တာဝန်ရှိသူများထံသို့ စီမံကိန်းရန်ပုံငွေများ ပေးအပ်ကာ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ ငွေစာရင်းထိန်းသိမ်းနည်းများကို သင်တန်းဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# မြန်မာအမျိုးသမီးများနှင့် ယဉ်ကျေးမှုရာ ဟောပြော

**ရန်ကုန် ဩဂုတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ "မြန်မာအမျိုးသမီးများနှင့် ယဉ်ကျေးမှုရာ" စာတမ်းဖတ်ပွဲကို ဩဂုတ် ၂၆ ရက်က ကမာရွတ်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ခိုင်က အမှာစကားပြောကြားသည်။ ယင်းနောက် ကမာရွတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်လှက "မြန်မာအမျိုးသမီးများနှင့် ယဉ်ကျေးမှုရာ" စာတမ်းကို ဖတ်ကြားရှင်းလင်းဆွေးနွေးပြီး စာတမ်းဖတ်ပွဲသို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာနွယ်နီလွင်နှင့် ဆရာမများ၊ ကျောင်းသူများ စုစုပေါင်း ၄၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။

**(၃၄၉)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၇**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**(မိုး/ဇလ)**

# စစ်တွေမြို့၌ ကျင်းပမည့် ငြိမ်းချမ်းရေးဂီတပွဲတော် ယာယီရွှေ့ဆိုင်းခဲ့မှုအပေါ် သူတို့၏ အမြင်များ


ဦးမြင့်ထွေး (ညွှန်ကြားရေးမှူးချုပ်)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား


နောင်နောင်(Sun flower)
ငြိမ်းချမ်းရေးဂီတပွဲတော် အကဲဖြတ်ဒိုင်


ခင်မြတ်မွန် (တေးသံရှင်)
ငြိမ်းချမ်းရေးဂီတပွဲတော် အကဲဖြတ်ဒိုင်


မောင်အောင်မျိုးမြင့်
(ဒေသခံပြိုင်ပွဲဝင်)


မောင်ဖြူလု
(ဒေသခံ ပြိုင်ပွဲဝင်)


ဦးဝင်းမောင်မောင်
(ဒေသခံ)

စစ်တွေ ဩဂုတ် ၂၇

**ရခိုင်ပြည်နယ် စစ်တွေမြို့၌ ဩဂုတ် ၂၇ ရက် ညပိုင်းတွင် ကျင်းပမည့် ငြိမ်းချမ်းရေး ဂီတပွဲတော်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသရန် စီစဉ်ထားခဲ့သော်လည်း ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သော မောင်တောဒေသဖြစ်စဉ်များနှင့် အခြေအနေအရပ်ရပ်တို့ကြောင့် ယာယီရွှေ့ဆိုင်းလိုက်သည်။**

ရခိုင်ပြည်နယ် စစ်တွေမြို့မှ ဂီတ ဝါသနာရှင်များကို ဩဂုတ် ၂၄ ရက်တွင် အသံစစ်ဆေးရွေးချယ်ခဲ့ပြီး အဆိုပါ ပြိုင်ပွဲဝင်များထဲမှ နောက်ဆုံးအဆင့် ဆန်ခါတင် ၁၀ ဦး ထွက်ပေါ်ခဲ့ရာ ဩဂုတ် ၂၇ ရက်တွင် ၎င်းတို့၏ သီဆိုယှဉ်ပြိုင်ပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်တင်ဆက်ပေးရန် စီစဉ်ထားခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း မောင်တောဒေသဖြစ်စဉ်များတွင် ကျဆုံးဒဏ်ရာရရှိသူများနှင့် ၎င်းတို့၏ မိသားစုများကို စာနာထောက်ထားသောအားဖြင့် ငြိမ်းချမ်းရေးပွဲတော် တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်တင်ဆက်မှုများကို ယာယီရွှေ့ဆိုင်းလိုက်ခြင်းဖြစ်ပြီး အဆိုပါ ယာယီရပ်ဆိုင်းခဲ့မှုနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးဂီတပွဲတော်မှ တာဝန်ရှိသူများ၊ ရွေးချယ်ခံထားသည့် ပြိုင်ပွဲဝင်များနှင့် ဒေသခံများကို သတင်းအဖွဲ့က သွားရောက်မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-

**ဦးမြင့်ထွေး (ညွှန်ကြားရေးမှူးချုပ်)**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**

ကျွန်တော်တို့ မူလအစီအစဉ်က ဩဂုတ် ၂၇ ၇က် ညမှာ စစ်တွေရဲ့ ငြိမ်းချမ်းရေးဂီတပွဲတော် ဖိုင်နယ်ပွဲစဉ်ကို Live ထုတ်လွှင့်ဖို့ စီစဉ်ထားပေမယ့် ဩဂုတ် ၂၅ ရက်မှာ ဖြစ်ခဲ့တဲ့ မောင်တော ဖြစ်စဉ်တွေကြောင့် အဲ့ဒီဖြစ်စဉ်တွေမှာ ထိခိုက်ကျဆုံးဒဏ်ရာ ရရှိသွားကြတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ သေဆုံးဒဏ်ရာရကြတဲ့ အပြစ်မဲ့ပြည်သူတွေ၊ တိုင်းရင်းသားတွေ၊ သူတို့ရဲ့ မိသားစုဝင်တွေကို စာနာထောက်ထားပြီး ဒီပြိုင်ပွဲအစီအစဉ်ကို ယာယီရွှေ့ဆိုင်းလိုက်ရတာဖြစ်ပါတယ်။ ပြန်ပြီးကျင်းပမယ့် ရက်ကိုလည်း ဆက်လက်ကြေညာပေးပါ့မယ်။

**နောင်နောင် (Sun flower)တေးရေးဆရာ**
**ငြိမ်းချမ်းရေးဂီတပွဲတော် အကဲဖြတ်ဒိုင်**

ကျွန်တော်က ငြိမ်းချမ်းရေးဂီတပွဲတော်မှာ အကဲဖြတ်ဒိုင်တစ်ယောက်အဖြစ် ဆောင်ရွက်ပေးသလို ငြိမ်းချမ်းရေး ပရဟိတ အလှူဒါနပြုရေးကော်မတီမှာလည်း ပါဝင်ပါတယ်။ အခုပရိသတ်တွေ ကြားသိနေရတဲ့အတိုင်း မောင်တောဖြစ်စဉ်နဲ့ ပတ်သက်ပြီး တော်တော်ကို စိတ်မကောင်းဖြစ်ရပါတယ်။ ဒီဖြစ်စဉ်မှာ တိုင်းပြည်အတွက် အသက်ပေးသွားတဲ့ နိုင်ငံ့သားကောင်းတွေအတွက် အလွန်စိတ်ထိခိုက်ရပါတယ်။ ဒါကြောင့်လည်း ဒီပြိုင်ပွဲကို ခဏရွှေ့ဆိုင်းလိုက်တဲ့သဘောပါပဲ။ ဒါကို ထိထိရောက်ရောက် အမြန်ဆုံး အရေးယူဆောင်ရွက်ပြီး ဒေသမှာရှိတဲ့ ပြည်သူတွေအတွက် ကာကွယ်စောင့်ရှောက်ပေးဖို့ လိုပါတယ်။

မောင်တောဖြစ်စဉ်နဲ့ ပတ်သက်ပြီး ကျဆုံးသွားတဲ့ သူတွေအတွက် လေးစားပြီး ဒီပြိုင်ပွဲကို ရွှေ့ဆိုင်းလိုက်တာဖြစ်ပါတယ်။ ဒီနေ့လည်း ဒီဒေသမှာရှိတဲ့ တိုက်ပွဲရှောင်တွေကို သွားရောက်လှူဒါန်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။

**ခင်မြတ်မွန် (တေးသံရှင်)**
**ငြိမ်းချမ်းရေးဂီတပွဲတော် အကဲဖြတ်ဒိုင်**

စစ်တွေမြို့မှာ ငြိမ်းချမ်းရေးဂီတပွဲတော် ဒေသအတွက် ဆန်ခါတင်ရွေးချယ်ပွဲကို ဩဂုတ် ၂၇ ရက်မှာ ကျင်းပဖို့ မူလက စီစဉ်ထားပေမယ့် အခုမောင်တောမှာ ဆိုးရွားတဲ့ ဖြစ်စဉ်တွေကြောင့် တာဝန်ရှိသူတွေရဲ့ သဘောထားနဲ့ ပြိုင်ပွဲကို ခေတ္တရွှေ့ဆိုင်းလိုက်တာပါ။ ဒီပြိုင်ပွဲကို ငြိမ်းချမ်းစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပတာပါ။ ငြိမ်းချမ်းရေးရရှိဖို့ ဂီတနဲ့ ဆွဲဆောင်တဲ့သဘောပါ။

လောလောဆယ် အနေအထားအရတော့ စိတ်မကောင်းစရာတွေ ဖြစ်နေရတယ်။ ကျွန်မတို့ တိုင်းရင်းသားတွေအတွက် တော်တော်လေးကို စိတ်ထိခိုက်ရပါတယ်။ ဒါကြောင့် ဒီလိုအနေအထားမှာ မလုပ်သင့်ဘူးထင်လို့ ပြိုင်ပွဲရက်ကို ရွှေ့ဆိုင်းလိုက်တာပါ။ အခုပြိုင်ပွဲဝင် ကလေးတွေကိုလည်း နားလည်အောင် ရှင်းပြထားပါတယ်။ သူတို့ကလည်း လက်ရှိ အခြေအနေအပေါ် နားလည်ပါတယ်။ ဒါပေမယ့် ဒီနေရာကို နောက်တစ်ခေါက်ပြန်လာပြီး ကျင်းပဖို့တော့ မလွယ်ကူတော့ပါဘူး။ ဒါကြောင့် အကြမ်းဖျင်းသိရသလောက်တော့ ဒီဒေသက ပြိုင်ပွဲဝင်ဆန်ခါတင် ၁၀ ဦးကို ရန်ကုန်ကိုခေါ်ပြီး ဖိုင်နယ်ကို ပြိုင်ခိုင်းမယ်လို့ ကြားသိရပါတယ်။ စစ်တွေမြို့က အားပေးကြတဲ့ ပရိသတ်ကြီးတွေ၊ တစ်နိုင်ငံလုံးက စောင့်မျှော်ကြည့်ရှုနေကြတဲ့ ပြည်သူတွေအနေနဲ့လည်း နားလည်ပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။ အခု ဒီကပြိုင်ပွဲဝင်တွေ အနေနဲ့လည်း အဆိုးထဲက အကောင်းဆိုသလို ရန်ကုန်ကို လာပြိုင်ဖို့အတွက် ထပ်မံလေ့ကျင့်ချိန်၊ အလုံအလောက်ရသွားပါတယ်လို့ ပြောချင်ပါတယ်။

**မောင်အောင်မျိုးမြင့် (ဒေသခံပြိုင်ပွဲဝင်)**

ကျွန်တော်တို့ ဒီမှာ အကုန်လုံး ၁၄၁ ဦး လာရောက်ယှဉ်ပြိုင်ခဲ့ရာမှာ ပထမ၊ ဒုတိယ အသံတွေစစ်ပြီးမှ အခုလိုမျိုး ၁၀ ဦးထဲကို ပါလာတာဖြစ်ပါတယ်။ အခုလို ငြိမ်းချမ်းရေး ဂီတပွဲတော်ကြီး ယာယီရွှေ့ဆိုင်းလိုက်တာနဲ့ ပတ်သက်ပြီး ပြောရရင် ကျွန်တော်တို့ဒီဒေသမှာ မငြိမ်သက်မှုတွေဖြစ်နေတယ်။ အဲ့ဒီလိုဖြစ်နေတဲ့အချိန်မှာ တာဝန်ရှိသူတွေအနေနဲ့ အခုလို စီစဉ်လိုက်တာလည်း မှန်ပါတယ်။ ဘာလို့လဲဆိုတော့ ဟိုဘက်မှာကျတော့ မငြိမ်မသက်ဖြစ်နေပြီးတော့ ဒီဘက်မှာကျတော့ ဒီလိုပျော်ပွဲရွှင်ပွဲပုံစံမျိုး လုပ်လိုက်တဲ့အခါကျရင် ဒီအပေါ်မှာ ဝေဖန်မှုတွေအများကြီး ဖြစ်လာနိုင်ပါတယ်။ အဲ့ဒါကြောင့် ငြိမ်းချမ်းရေးဂီတပွဲတော် အခုလိုမျိုး ယာယီရွှေ့ဆိုင်းလိုက်တာ သင့်တော်တယ်လို့ ကျွန်တော်မြင်ပါတယ်။

ဒီလို ဖြစ်တဲ့အတွက်လည်း ဒေသကသူတွေရော၊ ပြိုင်ပွဲဝင်တွေရဲ့ ဆွေမျိုးသားချင်းတွေကိုရော၊ အားလုံးကိုပါ အားမငယ်ပါနဲ့လို့ အားပေးချင်ပါတယ်။ ဒေသလက်ရွေးစင် ၁၀ ဦးကလည်း ရန်ကုန်ဖြစ်ဖြစ်၊ နေပြည်တော်ဖြစ်ဖြစ်၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် ပြန်ပြီးတော့ ယှဉ်ပြိုင်မယ်လို့ ကြားသိရပါတယ်။ ဒါကြောင့် အားမငယ်ကြဖို့နဲ့ ဆက်လက်စောင့်စားကြည့်ရှုကြဖို့ ပြောချင်ပါတယ်။

အခုလတ်တလောဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီး ပြောရရင် ကျွန်တော့်ရင်ထဲမှာ တကယ်ကို စိတ်မကောင်းဖြစ်ပါတယ်။ ကျွန်တော်လည်း ဒေသခံတိုင်းရင်းသား တစ်ဦးပါပဲ။ အခုလိုမျိုး မငြိမ်သက်မှုတွေ ဖြစ်နေတဲ့အချိန်မှာတော့ ဒေသခံပြည်သူတွေအတွက် ကျီးလန့်စာစားဖြစ်နေရတဲ့ ဘဝကနေပြီးတော့ အမြန်ဆုံး လွတ်မြောက်စေချင်တယ်။ အမြန်ဆုံးလည်း ငြိမ်းချမ်းစေချင်ပါတယ်လို့ ပြောချင်ပါတယ်။

**မောင်ဖြူလု (ဒေသခံ ပြိုင်ပွဲဝင်)**

ကျွန်တော်က ဒေသရဲ့ နောက်ဆုံးအဆင့် ၁၀ ဦး ရွေးချယ်မှုမှာ ပါဝင်သူတစ်ဦးဖြစ်ပါတယ်။ အခုလိုမျိုး ပြိုင်ပွဲကို ရွှေ့ဆိုင်းလိုက်တဲ့အတွက် စိတ်မကောင်းတော့ ဖြစ်မိတယ်။ အလိုလိုလည်း ဝမ်းနည်းမိပါတယ်။ အခုလို ဒေသက မငြိမ်းမချမ်းဖြစ်နေတဲ့အချိန်မှာ ငြိမ်းချမ်းရေးဂီတပွဲတော် ရက်ရွှေ့ဆိုင်းလိုက်တာက သင့်တော်ပါတယ်။ ပြောရရင် ဒီဒေသမှာတင်မဟုတ်ပါဘူး။ တစ်နိုင်ငံလုံးကို ငြိမ်းချမ်းစေချင်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာလည်း တကယ်လိုအပ်တယ်။ ငြိမ်းချမ်းမှုလည်း ကျွန်တော်တို့ ပြည်သူတွေ အေးအေးချမ်းချမ်းနေနိုင်မယ်။

နောက်တစ်ခုအနေနဲ့ ကျွန်တော်တို့ အခုလို ပြိုင်ပွဲဝင်နေရတဲ့အခြေအနေမှာ ကျွန်တော်တို့ ဒေသမှာရှိတဲ့ ပြည်သူတွေ၊ ကျွန်တော်တို့ ဆွေမျိုးသားချင်းနဲ့ သူငယ်ချင်းတွေ၊ တစ်နိုင်ငံလုံးက စောင့်မျှော်ကြည့်ရှုကြတဲ့သူတွေအနေနဲ့ ဆက်လက်စောင့်မျှော်ပြီး အားပေးကြဖို့ ပြောချင်ပါတယ်။

**ဦးဝင်းမောင်မောင် (ဒေသခံ)**

မောင်တောဖြစ်စဉ်ကြောင့် ဒီဒေသမှာ ပြုလုပ်မယ့် ငြိမ်းချမ်းရေးဂီတပွဲတော် ယာယီရွှေ့ဆိုင်းလိုက်ရတာ ကျွန်တော်တို့ ဒေသခံတွေအတွက် စိတ်မကောင်းစရာတစ်ခုပါပဲ။ မောင်တောဒေသရဲ့ ဖြစ်စဉ်ကို ပြန်ကြည့်ရင် အင်မတန်ဝမ်းနည်းစရာကောင်းပါတယ်။ ကိုယ့်နေရာမှာကိုယ် နေထိုင်နေကြတဲ့ ကျွန်တော်တို့ တိုင်းရင်းသားတွေ ဒေသကို စွန့်ခွာပြီးတော့ ထွက်ပြေးလာရတဲ့အတွက် အင်မတန် ကြေကွဲရပါတယ်။ ဒေသကို စွန့်ခွာထွက်ပြေးရတဲ့အပြင် အကြမ်းဖက်တာကို ခံနေကြရတယ်။

ဩဂုတ် ၂၅ ရက် ဖြစ်စဉ်ဆိုရင် နေရာတော်တော်များများကို တစ်ပြိုင်တည်း၊ တစ်ချိန်တည်း ဝင်ရောက်တိုက်ခိုက်တာကို ခံခဲ့ရတာပါ။ ဒါကြောင့် ဒီလိုထွက်ပြေးတိမ်းရှောင်နေကြရတဲ့ လူတွေကို ကျွန်တော်တို့က ကိုယ့်သွေးသားရင်းချာလို စုစည်းပြီး ထောက်ပံ့မှုတွေ ပြုလုပ်ပေးနေပါတယ်။ ဘာပဲပြောပြော ငြိမ်းချမ်းရေးရဖို့တော့ လိုနေပြီ။ ဒီအတွက် အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ လက်တွဲညီကြမယ်ဆိုရင် ထင်းအစည်းတွေကို ဘယ်လိုမှ ချိုးဖျက်လို့ မရသလို ငြိမ်းချမ်းရေးကို အမြန်ဆုံးရရှိနိုင်မယ်လို့ မြင်ပါတယ်။

**သတင်း-တင်မောင်လွင်၊ မင်းထက်အောင်၊ ဓာတ်ပုံ-မောင်မွှေး**

# မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပိုစတာပြိုင်ပွဲကျင်းပ

စစ်တွေ ဩဂုတ် ၂၇

**ရခိုင်ပြည်နယ် စစ်တွေမြို့၌ ပဥ္စမအကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၈ နာရီက ခိုင်သဇင်ခန်းမအတွင်း၌ ကျင်းပသည်။**



နံနက်ပိုင်းတွင် စာစီစာကုံးပြိုင်ပွဲကို တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း အဆင့် ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြရာ “လူကုန်ကူးမှုမှန်သမျှ ဝိုင်းဝန်းပူးပေါင်းဆန့်ကျင်ကြ” ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲတွင် တက္ကသိုလ်အဆင့် ၂၃ ဦး၊ အထက်တန်းအဆင့် ၂၅ ဦး၊ အလယ်တန်းအဆင့် ၃၂ ဦး ပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို အဆိုပါ ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပရာ အထက်တန်းအဆင့် ပန်းချီ ၂၁ ဦး၊ အလယ်တန်းအဆင့် ၂၆ ဦး၊ မူလတန်းအဆင့် ၁၅ ဦး၊ ကာတွန်းပြိုင်ပွဲတွင် အထက်တန်းအဆင့် ကိုးဦး၊ အလယ်တန်း အဆင့် ၁၅ ဦး၊ မူလတန်းအဆင့် ၁၃ ဦးနှင့် ပိုစတာပြိုင်ပွဲတွင် အထက်တန်း ခြောက်ဦး၊ အလယ်တန်း ၁၂ ဦး၊ မူလတန်း ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ နောက်ဆုံးဆုရရှိသူများကို လာမည့် စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့တွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် အခမ်းအနားသို့ ရခိုင်ပြည်နယ် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လင်းထွဋ်၊ စစ်တွေကွန်ပျူတာ တက္ကသိုလ်မှ ကျောင်းအုပ်ကြီး ဒေါက်တာ ဇော်ထွန်းနှင့် ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-မောင်မွှေး၊ ဝင်းမင်းစိုး**

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ (မိုး/ဇလ)

# မေတ္တာနဲ့ ဘူဒိုဇာ

ကျော်ရင်မြင့်

**မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်မှာပါ။**
**ကွန်ကရစ်နဲ့ အခိုင်အမာဆောက်ထားတဲ့ အာရ်စီတိုက်ကြီးကို ဆယ်ပေါင်တူကြီးနဲ့ တဒုံးဒုံးထုဖြိုနေပါတယ်။ တူကြီးကိုလွှဲပြီး တစ်ချက်ထုလိုက်တိုင်း မြေကြီးပါတုန်ဟည်းသွားတယ်။ ကွန်ကရစ်ထုပ်တန်းကြီးက ပဲ့ရွဲ့ပြိုကျတယ်။ အခိုင်အမာဆောက်လုပ်ထားတဲ့ အဆောက်အအုံကြီးဖြစ်တာမို့ လွယ်လွယ်ကူကူ ဖြိုဖျက်ဖို့တော့ခက်တယ်။ ဒါပေမယ့် အလုပ်သမားတွေက အားကြိုးမာန်တက် ဖြိုဖျက်နေကြတယ်။**

နေရာက မူဆယ်-လားရှိုးဘက်သွားတဲ့ “ပြည်ကြီးမျက်ရှင်” ခရီးသည်တင်ကားဂိတ်၊ ကုန်တင်ကားဂိတ်တွေနဲ့နီးတယ်။ အခုဖြိုဖျက်နေတာက ၂၄ ပေ ကျယ်ပြီး ၂၈၄ ပေရှည်လျားတဲ့ အာရ်စီကွန်ကရစ်ဂိုဒေါင်ကြီးပါ။ ဒီဂိုဒေါင်ကြီးရဲ့ ပိုင်ရှင်က လားရှိုး၊ မူဆယ်စတဲ့ဒေသက ကုန်သည်တွေကို ကုန်စည်သိုလှောင်ဖို့ အခန်းတွေ ငှားတာ။ ခုတော့ အခိုင်အမာဆောက်ထားတဲ့ ဂိုဒေါင်ကြီးကို ဖြိုဖျက်ပစ်နေကြပါပြီ။

ဒီဂိုဒေါင်ကြီးကိုဆောက်ထားတာက မန္တလေးမြို့ ၃၅ လမ်းနဲ့ ၃၈ လမ်းကြား၊ နန္ဒီမြောင်းဘေးမှာပါ။ လမ်း ၆၀ ပေါ်မှာ နန္ဒီမြောင်းကိုကျော်ပေးဆောက်ထားတဲ့ လူနေအိမ်တိုက်တာတွေရှိကြတယ်။ အိမ်နောက်ဖေးက ရေမြောင်းဆိုတော့ အိမ်တိုင်းလိုလိုက ကိုယ့်အိမ်နောက်မှာ မြောင်းနှုတ်ခမ်းအထိနယ်ကျူးပြီး မြေယူထားကြတယ်။ ဒီလိုကျူးတာက အမှားကြာလို့ အမှန်လိုတောင်ဖြစ်နေပြီ။ ဒီတော့လည်း ကျူးမြေပေါ်မှာ အချို့ကလည်း တိုက်ကြီးတွေ ထည်နေအောင် ဆောက်လုပ်ပြီးနေကြတယ်။ ပြဿနာက မြောင်းဆယ်ဖို့ စက်ယန္တရားမဆိုထားနဲ့ လုပ်သားတောင် ဝင်စရာလမ်းမကျန်တော့ဘူး။ အိမ်တိုင်းကမြောင်းနှုတ်ခမ်းပေါ်အထိ ကျူးနေနှင့်ကြပြီ။

မြောင်းတွေဆိုတာကလည်း နှစ်ကာလကြာမြင့်လာတဲ့အခါ ပုံမှန်မဆယ်နိုင်ရင် ကောလာတယ်။ မြို့တော်နေ ပြည်သူလူထုဆိုတာကလည်း ရေမြောင်းဆိုတာ အမှိုက်ပစ်ဖို့ အကောင်းဆုံးနေရာလို့ ယူဆလာတာကအရိုးစွဲနေပြီ။ ဒီတော့ ရေမြောင်းကကော၊ အမှိုက်ကပေါတော့ မြောင်းတွေက ဆို့တာဆို့၊ မိုးကလေး နည်းနည်းသည်းလိုက်တာနဲ့ မြောင်းထဲကရေတွေကလျှံ၊ ရော်ဘာဖိနပ်စုတ်ရော ဖော့ဘူးခွံရော၊ ကြွပ်ကြွပ်အိတ်ရော လမ်းမပေါ်တက်လာကြတော့တယ်။ မိုးတွင်းမှာမြို့ထဲရေလျှံရင် မြို့တော်စည်ပင်က မြောင်းဆယ်ချင်ပေမယ့် မြောင်းနှုတ်ခမ်းဘေးကိုဝင်မရလို့ လက်ပိုက်ကြည့်နေရတော့တာပါ။

“ဒီလိုနေတုန်း နန္ဒီမြောင်းဘေးအိမ်တစ်အိမ်က သစ်သားတိုင်တွေစိုက်ပြီး ထပ်ကျူးဆောက်နေတာတွေ့တယ်။ သူ့အိမ်နီးချင်းကလည်း အုတ်နဲ့ဆောက်နေတယ်။ ဒါဆက်မဆောက်ကြဖို့ စည်ပင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနိုင်နဲ့အတူ အိမ်ပိုင်ရှင်တွေကို မြို့နယ်ရုံးမှာခေါ်တွေ့ပြီးပြောတယ်။ သူတို့ဆောက်နေတာက စည်ပင်ပိုင်မြေပေါ်ကို ကျူးပြီးဆောက်နေတာ။ ဒီလို ကျူးပြီးဆောက်နေကြတာကြောင့် မြောင်းတွေဆယ်မရတာ၊ မိုးရွာရင် ရေလျှံတာ၊ မြောင်းရေတွေ အမှိုက်သရိုက်နဲ့ ညစ်ညမ်းနေတာတွေကို အိမ်ရှင်တွေကို ရှင်းပြတယ်။ အိမ်ရှင်တွေကလည်း ဒါမသိလို့ ကျူးမိပါတယ်။ မြောင်းဆယ်လို့မရဘူးဆိုရင် ဖျက်ပေးမှာပေါ့တဲ့” ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဇောအောင်က သူ့အတွေ့အကြုံကို ပြန်ပြောပြတယ်။

မြို့ပြမှာ သူကျူးကိုယ်ကျူး ကျူးချင်သလိုကျူးနေကြတဲ့ ပြဿနာရှိတယ်။ ကျူးသူကလည်း ကျူး၊ ကျူးထားတဲ့မြေကိုသက်ဆိုင်ရာက အလိုရှိတဲ့အခါ ဖယ်ပေးပါ သတိပေးစာပို့၊ အချိန်တန်လို့မှမဖယ်ရင် ဘူဒိုဇာနဲ့ ထိုးကော်ဖယ်ရှားပစ်ကြတာ အစဉ်အလာပါ။ ဒါပေမယ့် စည်ပင်မြေပေါ်မှာ ကျူးကျော်ဆောက်ထားသူတွေကို ဦးကျော်ဇောအောင်ကတွေ့ဆုံပြီး အကျိုးနဲ့အကြောင်းနဲ့ ရှင်းပြတဲ့အခါ ကျူးနေသူတွေက ပြန်ဖယ်ပါ့မယ်ပြောတဲ့စကားက သူ့အတွက် အားဖြစ်သွားစေတယ်။

“ဒီဥစ္စာကကျွန်တော့်အတွက် အားဖြစ်သွားတယ်။ နန္ဒီမြောင်းဘေးမှာ ကျူးထားကြတဲ့ကျန်မြေတွေကို မြေတိုင်းချက်ချင်းဆင်းပြီး ဘယ်အိမ်က ဘယ်နှပေကျူးတယ်ဆိုတာတိုင်းလိုက်တယ်။ ပြီးတော့ အိမ်ပိုင်ရှင်တွေကို ကျွန်တော် ခေါ်လိုက်တယ်။ ကျွန်တော်က မေတ္တာနဲ့အခြေခံပြောတော့ သူတို့တွေကလည်း လိုလိုလားလား ဖယ်ပေးမယ်လို့ ကတိပေးကြတယ်” ဆိုပြီး ဦးကျော်ဇောအောင်က ဆိုတယ်။

အိမ်ရှင်တွေကလည်း ကတိတည်ကြပါတယ်။ အထက်မှာပြောပြခဲ့သလိုပဲ ကွန်ကရစ်နဲ့ အာရ်စီအခိုင်အမာဆောက်လုပ်ထားတဲ့ အဆောက်အအုံကြီးတွေက အစ ပြန်ဖျက်ပေးတယ်။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီကလည်း ‘ငင်းတို့ ကျူးလို့ဖျက်ရတာ’ ဆိုတဲ့ အချိုးမချိုးဘူး။ ဘာအကူအညီပေးရမှာလဲ ကြည့်တယ်။ ဆယ်စုနှစ်တွေနဲ့ချီပြီး ကျူးကျော်နေထိုင်ခဲ့တဲ့ တိုက်တာအိမ်ခြေတွေမို့ အခြေကျနေပြီ။ ဒီနေရာမှာ အိမ်သာတွေ၊ မိလ္လာကန်ကြီးတွေ တည်ထားတာလည်းရှိတယ်။ မိလ္လာကန်တွေကို အခကြေးငွေမယူဘဲ စည်ပင်က စုပ်ယူ သန့်စင်ပေးတယ်။ ဖျက်ပေးရတဲ့ထဲမှာ စားသောက်ဆိုင်တွေလည်းပါတယ်။ စားဖိုဆောင်တွေပါတယ်။ ဆိုင်လည်ပတ်ဖို့ စားဖိုဆောင်အသစ် ချက်ချင်းဆောက်ရမယ်။ ဒါကြောင့် စည်းကမ်းနဲ့ညီညွတ်အောင် သူတို့လိုအပ်တဲ့ အဆောက်အအုံ ဖျက်မိန့်၊ ဆောက်မိန့်တွေကိုစည်ပင်က ချက်ချင်းလုပ်ပေးတယ်။ ဒီပေါ်မှာ အခကြေးငွေပေးစရာမလိုဘူး။

မြောင်းဘေးကျူးကျော်အိမ်တွေဖျက်ပေးနေတဲ့နေရာကို မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နဲ့ စည်ပင်ကော်မတီဝင်တွေ၊ စည်ပင်ကအရာရှိတွေ ကွင်းဆင်းပြီး ကြည့်တယ်။ ကွင်းဆင်းတယ်ဆိုတာက ‘ခါးထောက် လက်ပိုက်၊ ဓာတ်ပုံရိုက်ချိန်မှာ အိုက်တင်ပေးပြီး ပြန်သွား’ တာမျိုးမဟုတ်ဘူး။ ချောင်းနံဘေးတစ်လျှောက် ဟိုကျော် ဒီခွထဲထဲဝင်ဝင် ဆင်းကြည့်ကြတာ။ ကွင်းဆင်းလာတဲ့ မြို့တော်ဝန်နဲ့အဖွဲ့ကို အိမ်ဖျက်ရသူတွေက ရွှေပင်လယ်စားသောက်ဆိုင်မှာ စုဆုံတွေ့ကြတယ်။ ရွှေပင်လယ်ကလည်း စားဖိုဆောင်ဖျက်နေဆဲ။ တွေ့ဆုံသူအားလုံးက ကျေကျေနပ်နပ် ပြုံးပြုံးရွှင်ရွှင်ပါပဲ။ “ကျွန်မတို့ စည်ပင်မြေကို ကျူးမိလို့ ပြန်ဖျက်ပေးရတာပဲ။ ကျေနပ်ပါတယ်။ ဟိုခေတ်ကလို ဘူဒိုဇာနဲ့ မဖြေရှင်းဘဲ မေတ္တာနဲ့ဖြေရှင်းလို့ ကျေးဇူးတင်တယ်”လို့ အိမ်ရှင်အမျိုးသမီးတစ်ယောက်က ပြောတယ်။

ဒီနန္ဒီမြောင်းဘေးမှာပါပဲ။ မြောင်းရဲ့ အနောက်ဘက်ကမ်းနဲ့ အရှေ့ဘက်ကမ်းနှစ်ဖက်က အိမ်ဝင်းတွေထဲမှာလည်း တစ်ပြိုင်တည်းရှင်းလင်းဖျက်သိမ်းနေတာတွေ့ရပြန်ပါတယ်။ ဟိုတစ်ဖက်မှာဖျက်နေကြတာက စည်ပင်မြေပေါ်ကျူးထားလို့ဖျက်တာ။ ယခုဖျက်နေတာက သူ့မြေကိုစည်ပင်လှူဖို့ဖျက်တာ။

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ကို ခါးကဖြတ်ပြီး နန္ဒီချောင်းက စီးဆင်းနေတယ်။ မြို့အရှေ့ခြမ်းနဲ့အနောက်ခြမ်းကူးသန်းသွားလာလို့မရဘူး။ လမ်းတွေက အပိတ်။ မြို့နယ်ကို အနားသတ်နယ်နိမိတ်ဖြစ်တဲ့ ၃၅ (အေ)လမ်းကသွားရင်သွား၊ တစ်မိုင်လောက်ဝေးတဲ့ သိပ္ပံလမ်းကကွေ့သွားရင်သွား၊ ဒါပဲရှိတယ်။ လွယ်မယောင်နဲ့ အသွားအလာခက်ပါတယ်။ မြို့နယ်ရဲ့ အချက်အချာကျတဲ့လမ်းမတစ်ခုက ၄၁ လမ်း။ ၄၁ လမ်းက လမ်း ၆၀ ရောက်ရင် ပုဂ္ဂလိကကိုယ်ပိုင်အိမ်နဲ့ လမ်းပိတ်သွားတယ်။ အဲဒီအိမ်ပြီးရင် နန္ဒီမြောင်း၊ မြောင်းအရှေ့ဘက်ကမ်းမှာလည်း ပုဂ္ဂလိက နောက်တစ်အိမ်က အပိတ်။

“ကျွန်တော် ကော်မတီဝင်မဖြစ်ခင်ကတည်းက ဒီလမ်းတွေခဏခဏသွားနေကျ။ ဒီ ၄၁ လမ်းကအရေးကြီးတယ်။ မဟာမြိုင်နဲ့ ရဲမွန်တောင်ရပ်ကွက်နှစ်ခုကြားမှာလမ်းမှမရှိတာ။ ပိတ်နေတာက ပိုင်ရှင်ရှိတဲ့မြေ။ ဒီမြေထဲက လမ်းဖြတ်ဖောက်နိုင်ဖို့ ရပ်ကွက်လူမှုရေးအဖွဲ့အစည်းတွေ၊ NLD တွေနဲ့ ကြိုးစားတာ။ ပိုင်ရှင်က ဝင်းမှာမနေဘူး။ အခြားမှာနေတာ။ ကျွန်တော် အဲဒီအိမ်ကို ကပ်ကပ်ချောင်းတာ အခါ ၂၉ ခါလောက်ရှိတယ်။ ရပ်ကွက်လူကြီးတွေနဲ့သွားတာ ၁၀ ကြိမ်မကဘူး။ တစ်နေ့ကျတော့ အဲဒီရပ်ကွက်အပိုင်းတာဝန်ခံတွေကို ပိုင်ရှင်ဘယ်မှာနေလဲ စုံစမ်းပေးကြပါပြောထားတာ။ တစ်ရက်ကျတော့ သတင်းအဆက်အသွယ်စရတယ်”လို့ ကော်မတီဝင် ဦးကျော်ဇောအောင်က ပြန်ပြောပြတယ်။

“နောက်နေ့ကျ အဲ့ဒီမိသားစုကိုချိန်းပြီးတွေ့ကြတယ်။ မြို့အလယ်ဖြစ်နေပြီး လမ်းကပိတ်နေတော့ လုံခြုံရေး၊ မီးဘေး၊ ကျန်းမာရေးကအစ သွားရေးလာရေးအခက်အခဲဖြစ်နေကြောင်း၊ ဒီလမ်းသာပေါက်လိုက်ရင် ဘယ်လောက်ကောင်းလိုက်မလဲပြောတော့မြေပိုင်ရှင်က အများအတွက်အကျိုးဖြစ်မှာဆိုရင် မြေကြိုက်သလောက်ယူပါလို့ပြောတယ်။ ကျွန်တော်ကြက်သီးတောင်ထသွားတယ်။

နန္ဒီမြောင်းရဲ့အရှေ့ဘက်၊ အနောက်ဘက်မြေတွေကို မိသားစုတစ်စုတည်းက ပိုင်တာ။ အနောက်ဘက်ပိုင်းက ဦးဝန်ရှုန်ရှူး အမည်ပေါက်၊ အရှေ့ဘက်က ဒေါ်ရင်ရင်ဖန် အမည်ပေါက်ပိုင်ဆိုင်ကြတာ။ ဦးကျော်ဇောအောင်က မြေရှင်တွေ ပေးမယ်ဆိုရင် လမ်းသွားသာရုံ ပေ ၂၀ လောက် တောင်းမယ်စိတ်ကူးထားတာ။

“ကျွန်တော်က ဦးလေး ပေးချင်သလောက်ပေးပါဆိုတော့ ပေ ၄၀ လောက်သလား၊ မလောက်ရင် ပေ ၅၀ ယူပါတဲ့။ မျက်လုံးထဲမှာ ကိုယ်အနှစ်နှစ်အလလက ဖြစ်ချင်တဲ့ ဆန္ဒအကောင်အထည်ပေါ်တာ။ ဒါနဲ့ သူလည်းမထိခိုက်၊ လမ်းလည်းအဆင်ပြေအောင် လမ်းတံတားဌာနက အင်ဂျင်နီယာတွေနဲ့ တွက်ချက်တယ်။ လမ်းကို ၃၅ ပေ ခင်းမယ်။ ဘေးနှစ်ဖက်ရေနုတ်မြောင်းတူးမယ်။ ပေ ၄၀ ရပြီလို့ အဖြေထွက်တယ်။ ဒီနေရာဟာ တကယ့်လမ်းမကြီးဖြစ်မှာ။ မီးပွိုင့်တွေလည်းတပ်မှာပါ။ အခုစလုပ်နေကြပြီ။”

ဦးကျော်ဇောအောင်က မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်ကို ပုဂ္ဂလိက မြေရှင်တစ်ယောက်က ၄၁ လမ်းဖောက်ဖို့ မြေလှူမယ့်အကြောင်း သတင်းပို့တယ်။ အရင်ခေတ်ကာလကတော့ တစ်ခုခုလှူရရင် သက်ဆိုင်ရာလူကြီးတွေဆီက အခွင့်အရေးတစ်ခုခုပြန်တောင်းယူတတ်တဲ့ သဘာဝရှိတယ်။

ဦးကျော်ဇောအောင်က မြေပေးလှူမယ့် ဦးဝန်ရှုန်ရှူးနဲ့ပြောခဲ့ပုံကို ပြန်ပြောပြတယ်။ “ကျွန်တော်တို့ကို ဦးလေးကလှူပေမယ့် ကျွန်တော်တို့ဘက်က ဘာမှပေးစရာမရှိပါဘူးပြောတော့ စည်ပင်ကော်မတီတွေက မြို့အတွက်လုပ်နေကြတာ မြင်ရလို့ သူသဘောကျနေတာ၊ ဘာမှပေးစရာမလိုပါဘူး” လို့ပြောတယ်။

၄၁ လမ်းဖောက်ဖို့အတွက် နန္ဒီမြောင်းအနောက်ဘက်ခြမ်းမှာ ပေ ၄၀-ပေ ၁၈၀၊ အရှေ့ဘက်ခြမ်းမှာ ပေ ၄၀၊ ပေ ၈၀ အကျယ်ပေးလှူတာ ဖြစ်ပါတယ်။ ပေးလှူကြတဲ့ မြေကိုမြေယာဈေးကွက်ကျွမ်းကျင်သူတွေက တန်ဖိုးငွေကျပ်သိန်း ၂၀၀၀၀ ကျော်တန်တယ်လို့ ခန့်မှန်းကြတယ်။

ဩဂုတ်လ ၁၁ ရက်နေ့က လမ်းဖောက်ဖို့အတွက် ငွေကျပ်သိန်းပေါင်း ၂၀၀၀၀ ကျော်တန်တဲ့ ကိုယ်ပိုင်မြေကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ ပေးလှူကြတဲ့ အခမ်းအနားလုပ်တယ်။ အလှူရှင် ဦးဝန်ရှုန်ရှူးက “မန္တလေးမြို့မှာ အေးအေးချမ်းချမ်းနေထိုင်ခွင့်ရလို့ နိုင်ငံတော်အစိုးရနဲ့ မန္တလေးမြို့တော်ဝန်ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်ပေးလှူလိုက်တဲ့မြေကြောင့် မြို့သူ မြို့သားများ သွားလာမှုအဆင်ပြေလို့ အလွန်ဝမ်းသာပါတယ်”ဆိုပြီး ပြောတယ်။ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်ကလည်း “ဒီနေ့ဟာ မန္တလေးမြို့အတွက် သမိုင်းတင်ရမယ့်နေ့ ဖြစ်ပါတယ်။ အရင်က လမ်းများဖောက်လုပ်ရာမှာ အင်အားသုံးပြီး ဖျက်ခိုင်းရတာ မျိုးရှိတယ်။ မြေပိုင်ရှင်တွေကလည်း ကိုယ့်မြေကိုမပေးချင်ဘဲ ပေးခဲ့ကြရတယ်။ ဒီနေ့ပေးအပ်လှူဒါန်းတာက မြို့သူ မြို့သားတွေ သွားရေးလာရေးလွယ်ကူစေဖို့ စေတနာသက်သက်နဲ့ လှူဒါန်းတာ ဖြစ်ပါတယ်။ မြို့တော်စည်ပင်နဲ့ မြို့သူမြို့သားများ တစ်ဦးကမေတ္တာ တစ်ဦးကစေတနာအဖြစ် အကောင်အထည်ပေါ်လာတာ ဖြစ်ပါတယ်”လို့ပြောတယ်။

မြို့တော်ဝန် ဒေါက်တာရဲလွင်က ယခုလှူဒါန်းမှုက စွန့်ဦးတီထွင်မှုထဲမှာပါဝင်ပြီး စေတနာရှိသူတွေက မြို့တော်အတွက် အသုံးပြုနိုင်ဖို့ လှူဒါန်းမှုတွေ ဆက်လက်ပေါ်ပေါက်လာမှာဖြစ်တဲ့အကြောင်း၊ မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မေတ္တာ စေတနာနဲ့ ပူးပေါင်းဆောင်ရွက်ကြတဲ့အတွက် ပိုမိုအောင်မြင်အဆင်ပြေဖို့ရှိတယ်လို့ ဆက်လက်ပြောပါတယ်။ ။

**အရင်က လမ်းများဖောက်လုပ်ရာမှာ အင်အားသုံးပြီး ဖျက်ခိုင်းရတာမျိုးရှိတယ်။ မြေပိုင်ရှင်တွေကလည်း ကိုယ့်မြေကိုမပေးချင်ဘဲ ပေးခဲ့ကြရတယ်။ ဒီနေ့ပေးအပ်လှူဒါန်းတာက မြို့သူ မြို့သားတွေ သွားရေးလာရေးလွယ်ကူစေဖို့ စေတနာသက်သက်နဲ့ လှူဒါန်းတာဖြစ်ပါတယ်။ မြို့တော်စည်ပင်နဲ့ မြို့သူမြို့သားများ တစ်ဦးကမေတ္တာ တစ်ဦးကစေတနာအဖြစ် အကောင်အထည်ပေါ်လာတာဖြစ်**

---

**(၁၅) ကြိမ်မြောက် လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို ဩဂုတ် ၂၇ ရက်က မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့ စုရပ်နေရာ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ဦးဆောင်သော ဌာနဆိုင်ရာများ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်မှ စက်ဘီးစီးကလပ်များမှ အားကစားသမားများ၊ အား/ကာ(သိပ္ပံ)မှ စက်ဘီးသမားများ၊ ကျောင်းသားကျောင်းသူများ စက်ဘီးအားကစား ဝါသနာရှင်များနှင့်အတူ စုပေါင်းစက်ဘီးစီးနင်း ပါဝင်ဆင်နွှဲကြစဉ်။** တင်မောင် (မန်းကိုယ်ပွား)



## ပန်းချီဆရာကြီး ဦးဘညွှာ နှစ် (၁၂၀)ပြည့်အထိမ်းအမှတ် ကြေးရုပ်တုဖွင့်ပွဲကျင်းပမည်

**မော်လမြိုင် ဩဂုတ် ၂၇**

ပန်းချီဆရာကြီး ဦးဘညွှာကွယ်လွန်ခြင်း ၇၂ နှစ်ပြည့် ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် နှစ် (၁၂၀) ပြည့်အထိမ်းအမှတ်ကြေးရုပ်တုဖွင့်ပွဲကို ဆရာကြီးကွယ်လွန်ရာ မော်လမြိုင်မြို့နယ် ကတိုးကျေးရွာ မန်းချောင်း၌ ဩဂုတ် ၃၀ ရက်တွင် စည်ကားစွာကျင်းပမည် ဖြစ်သည်။

အခမ်းအနားကို တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ နာယက ပန်းချီဆရာကြီးများနှင့် မျိုးဆက်သစ်ပန်းချီဆရာများက ဖွင့်လှစ်ပေးကြမည်ဖြစ်ပြီး နယ်ခံပန်းချီဆရာများအပြင် ဆရာကြီး၏ သမီးရင်းဖြစ်သူ ဒေါ်မြမြကိုယ်တိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆရာကြီးဘဝဖြစ်စဉ်များကို ပန်းချီဆရာကြီး ဦးလှတင်ထွန်း(ဝင်းပ)က ဂုဏ်ပြုဟောပြောမည်ဖြစ်ပြီး ဆရာကြီး ရုပ်တုနှစ်ခုအနက် ကတိုးရွာ၌ တစ်ရုပ်၊ အမျိုးသားပြတိုက်(ရန်ကုန်)၌ တစ်ရုပ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**ထင်ကျော်(မြန်မာ့အလင်း)**

◆ ရှေ့ဖုံးမှ

အနုပညာရှင်တွေပါ အားတက်သရော ပါဝင်လှုပ်ရှားလာကြပါတယ်။ နောက်လည်း လစဉ်ဆောင်ရွက်မယ့် Clean Yangon Campaign မှာ ကျွန်တော်တို့ဌာနအနေနဲ့ လိုအပ်တာတွေ ဖြည့်ဆည်းပေးပြီး အတတ်နိုင်ဆုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသွားမှာပါ။ ရန်ကုန်မြို့မှာ အခုလို အမှိုက်ကောက် Clean Yangon Campaign တွေ များပြားစွာ ဆောင်ရွက်လာတဲ့အတွက် ပြည်သူတွေအနေနဲ့အမှိုက်ကို စည်းကမ်းနဲ့ စနစ်တကျစွန့်ပစ်ရမယ်ဆိုတဲ့ အသိတရားတွေ၊ အလေ့အကျင့်ကောင်း၊ အမူအကျင့်ကောင်းတွေ တိုးပွားလာတာကိုလည်း တွေ့ရပါတယ်၊ ဒါဟာတိုးတက်မှုပြယုဂ်တစ်ခုပါ''ဟု ယနေ့ကျင်းပသောစတုတ္ထအကြိမ်မြောက် Clean Yangon Campaign နှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူး ဦးဇော်ဝင်းနိုင်က ပြောသည်။

ရန်ကုန်မြို့၌ ယခုနှစ်အတွင်း ပြည်သူများပူးပေါင်းဆောင်ရွက်သော Clean Yangon Campaign ကို ယနေ့ စတုတ္ထအကြိမ်မြောက် ကျင်းပခဲ့ပြီး Clean Yangon အဖွဲ့အနေဖြင့် ယခုကဲ့သို့လစဉ်လုပ်ဆောင်သွားရန်လည်းစီစဉ်လျက်ရှိကြောင်း သိရသည်။

ယနေ့ လှုပ်ရှားမှုကို ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနနှင့် မင်္ဂလာပါပရဟိတ Clean Yangon အဖွဲ့တို့ ပူးပေါင်း၍ မြို့သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါ Clean Yangon Campaign တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနနှင့်အတူ မင်္ဂလာပါပရဟိတ Clean Yangon ကဦးဆောင်ကာ စုစုပေါင်းပရဟိတအဖွဲ့ ၄၅ ဖွဲ့မှ အင်အား ၁၅၀၀ ကျော်နှင့်အတူ ပြည်သူချစ် အနုပညာရှင်များဖြစ်သော သရုပ်ဆောင် ထားထက်ထက်၊ စမိုင်းလ်၊ ဟဲလေး၊ မောင်မောင်အေးနှင့် ဆန်းထွန်းတို့ကလည်း ပြည်သူများနှင့် တစ်သားတည်း အဆိုပါ Clean Yangon Campaign တွင် ပါဝင်လှုပ်ရှားခဲ့ကြသည်။ ရန်ကုန်မြို့၌ စတုတ္ထအကြိမ်မြောက် ကျင်းပခဲ့သော Clean Yangon Campaign ကို လူမှုအဖွဲ့အစည်း ၄၅ ဖွဲ့က လှည်းတန်းတက္ကသိုလ်ရိပ်သာလမ်း တက္ကသိုလ်ဓမ္မာရုံရှေ့၌ စုရပ်အဖြစ် စုစည်းကာ ပြည်လမ်း-ကန်ပေါင်လမ်းကြောင်း၊ အင်းစိန်လမ်း-ကန်လမ်း၊ ဦးထွန်းလင်း ခြံလမ်း- လှည်းတန်းဈေး- စိန်ဂေဟာ-လှည်းတန်းဘူတာနှင့် AGD Bank ရှေ့လမ်း- စကိတ်ကွင်းထိ လမ်းကြောင်းလေးကြောင်းခွဲကာ လှုပ်ရှားဆောင်ရွက်ခဲ့သည်။

အဆိုပါ စတုတ္ထအကြိမ်မြောက် Clean Yangon Campaign နှင့်ပတ်သက်၍ ဦးဆောင်လှုပ်ရှားသည့် မင်္ဂလာပါပရဟိတ Clean Yangon အဖွဲ့မှ ကိုစိုင်းမောင်မောင်က ''ယနေ့ကျင်းပတဲ့ စတုတ္ထအကြိမ်မြောက် Clean Yangon Campaign ကိုလုပ်ဖို့ ဩဂုတ်လလယ်လောက်ကတည်းက ရည်ရွယ်ခဲ့တာပါ။ ဒါပေမယ့် H1N1 အခြေအနေတစ်ရပ်ကြောင့် မလုပ်ဖြစ်ခဲ့ဘူး။ အခုလေးကြိမ်မြောက်မှာလည်း ပြည်သူတွေ ပိုမိုပူးပေါင်းပါဝင်လာကြပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ဒီရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးအတွက် အခုလို Clean Yangon Campaign ကို လစဉ် မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ ရှိပါတယ်''ဟု ပြောကြားသည်။

# Peace Boat အမည်ရှိ ကမ္ဘာလှည့်အပျော်စီးသင်္ဘောကြီး ရန်ကုန်မြို့ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၂၇**

Peace Boat ဟု အမည်တွင်သည့် ကမ္ဘာလှည့် အပျော်စီးသင်္ဘောကြီး MV Ocean Dream သည် ယနေ့ နံနက် ၇ နာရီက ရန်ကုန်မြို့ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT)သို့ ဆိုက်ရောက်လာရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်) တာဝန်ခံ ဦးမြင့်ထွေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေး ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက အဆိုပါ ဆိပ်ကမ်း၌ ကြိုဆိုကြသည်။



သင်္ဘောကြီးတွင် ကမ္ဘာလှည့်ခရီးသည် ၁၁၆၃ ဦးနှင့် သင်္ဘောဝန်ထမ်း ၃၇၇ ဦး လိုက်ပါလာပြီး ဩဂုတ် ၁၃ ရက်က ဂျပန်နိုင်ငံ ယိုကိုဟားမားဆိပ်ကမ်းမှ စတင်ထွက်ခွာလာရာ စင်ကာပူနိုင်ငံ စင်ကာပူဆိပ်ကမ်းမှတစ်ဆင့် မြန်မာနိုင်ငံသို့ ဆိုက်ရောက်လာခြင်းဖြစ်သည်။

''မြန်မာနိုင်ငံကို ပထမဆုံးအကြိမ်ရောက်တာပါ။ မြန်မာနိုင်ငံက စေတီပုထိုးတွေက ဂျပန်မှာလည်း နာမည်ကြီးပါတယ်။ မြန်မာတွေကလည်း ဖော်ရွေကြတယ်လို့ သိရတယ်။ အဲဒါကြောင့် မြန်မာနိုင်ငံကို စိတ်ဝင်စားပြီး လာရောက်လည်ပတ်ဖြစ်တာပါ။ အခုက အနေနဲ့ကတော့ ရွှေတိဂုံစေတီတော်ကို သွားရောက်ဖို့ရည်ရွယ်ထားပါတယ်။ အခြားထင်ရှားတဲ့နေရာတွေကိုလည်း သွားဖို့စီစဉ်ထားပါတယ်''ဟု အဆိုပါသင်္ဘောကြီးဖြင့် လိုက်ပါလာသည့် ဂျပန်နိုင်ငံသူ Murayama, Naomi ကပြောသည်။

အဆိုပါသင်္ဘောကြီးသည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှု၊ Myanmar Voyages International Tourism Co.Ltd တို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသို့ရောက်ရှိလာခြင်းဖြစ်ပြီး ရောက်ရှိနေစဉ် နှစ်ရက်တာကာလအတွင်း ရန်ကုန်မြို့နှင့် ပဲခူးမြို့တို့ရှိ အထင်ကရနေရာများကို သွားရောက်လည်ပတ်မည်ဖြစ်သည်။

''ဒီကနေ့မှာတော့ ရန်ကုန်မြို့မှာရှိတဲ့ ထင်ရှားတဲ့နေရာတွေကို လည်ပတ်သွားမယ်လို့ သိရပါတယ်။ ကမ္ဘာလှည့်ခရီးသည်တွေ စိတ်အေးချမ်းသာစွာနဲ့ အဆင်ပြေပြေ လည်ပတ်နိုင်အောင် သက်ဆိုင်ရာနေရာအလိုက် လုံခြုံရေးချထား ဆောင်ရွက်ထားပါတယ်။ သူတို့အနေနဲ့ အခက်အခဲတစ်စုံတစ်ရာဖြစ်ရင် အကူအညီတောင်းခံနိုင်အောင် ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေပါတဲ့ လက်ကမ်းစာစောင်တွေကိုလည်း ဖြန့်ဝေပေးခဲ့ပါတယ်''ဟု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ ၊ တပ်ဖွဲ့စုမှူးရုံး(ရန်ကုန်) မှ ရဲအုပ်အောင်သန်းဌေးက ပြောသည်။

သင်္ဘောကြီးပေါ်တွင် လိုက်ပါလာသည့် ခရီးသည်များနှင့်ပတ်သက်၍ Myanmar Voyages International Tourism Co.Ltd အုပ်ချုပ်မှုဒါရိုက်တာ ဦးသက်လွင်တိုးက ''အခုသင်္ဘောကတော့ ဂျပန်နိုင်ငံအနေနဲ့ ပထမဆုံးလာရောက်တဲ့ ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောဖြစ်ပါတယ်။ ခရီးသည်အများစုကတော့ ဂျပန်လူမျိုးတွေ ဖြစ်ပါတယ်။ အခုက အနေနဲ့ကတော့ ငြိမ်းချမ်းရေးခရီးစဉ်ဖြစ်တဲ့ အတွက်ကြောင့် ရောက်တဲ့နိုင်ငံတိုင်းမှာ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတွေလုပ်သလို သင်္ဘောပေါ်မှာလည်း ဟောပြောပွဲတွေလုပ်ခဲ့ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးမှုအပြင် ယဉ်ကျေးမှုတွေကိုလည်း လေ့လာသွားမယ်လို့သိရတယ်။ ဒါ့အပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုတွေ၊ ဟောပြောပွဲတွေကိုလည်း လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီခရီးစဉ်မှာတော့ ရန်ကုန်နဲ့ ပဲခူးကို အဓိကထားပြီး သွားရောက် လေ့လာကြမှာဖြစ်ပါတယ်။ တချို့တွေကတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ် ပုဂံကိုသွားကြဖို့ အစီအစဉ်ရှိပါတယ်''ဟု ပြောသည်။

အဆိုပါ သင်္ဘောကြီးပေါ်တွင် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ငြိမ်းချမ်းရေးလှုပ်ရှားမှုအဖွဲ့အစည်းများမှ စေတနာ့ဝန်ထမ်းများ၊ ပညာရှင်များ၊ ကျောင်းသား ကျောင်းသူများလိုက်ပါလာကြပြီး ခရီးစဉ်အတွင်း နိုင်ငံပေါင်း ၂၀ ကျော်၊ ဆိပ်ကမ်းမြို့ပေါင်း ၂၅ မြို့သို့ ကမ္ဘာပတ်ငြိမ်းချမ်းရေးသင်္ဘောခရီးစဉ်တစ်ခုအဖြစ် ရက်ပေါင်း ၁၀၀ ကျော် လည်ပတ်သွားမည်ဖြစ်ပြီး ဩဂုတ် ၂၈ ရက် ညနေပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT )မှ သီရိလင်္ကာနိုင်ငံ ကိုလံဘိုဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ဇော်ကြီး(ပဏ္ဍိတ)**



# အကြမ်းဖက်မှုဖြစ်ပေါ်နေသည့်ဒေသမှ ပြည်သူများအတွက် လှူဒါန်းရန်နှိုးဆော်

**မောင်တော ဩဂုတ် ၂၇**

ရမ်းဗြဲမြို့နယ်လုံးဆိုင်ရာ ရဟန်းတော်များအဖွဲ့မှကြီးမှူး၍ မောင်တောဒေသ အကြမ်းဖက်မှုများအတွင်း ရောက်ရှိနေသည့် ပြည်သူများအတွက် လတ်တလော စားနပ်ရိက္ခာလှူဒါန်းမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဒေသအများစုမှာ သွားလာရန်ခက်ခဲသောကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံ လူမှုရေးအဖွဲ့အစည်းများ၏ အကူအညီ ပိုမိုလိုအပ်လျက်ရှိကြောင်း ရမ်းဗြဲမြို့နယ်လုံးဆိုင်ရာ ရဟန်းတော်များအဖွဲ့မှ အရှင်စတ္တကရက မိန့်ကြားသည်။ **မင်းသော်**

# အမျိုးသားစာပေဆုသုံးဆုရ စာရေးဆရာကြီး လင်းယုန်သစ်လွင် ရာပြည့်နှင့်ကွယ်လွန်ခြင်းအထိမ်းအမှတ် ညောင်တုန်းမြို့၌ကျင်းပ

**ညောင်တုန်း ဩဂုတ် ၂၇**

အမျိုးသားစာပေဆု သုံးဆုရရှိခဲ့သည့် အပြင် ၁၉၅၂ ခုနှစ်မှ ၁၉၈၆ ခုနှစ်အတွင်း လုံးချင်းစာအုပ်ပေါင်း ၆၆ အုပ် ရေးသားထုတ်ဝေနိုင်ခဲ့သည့် ညောင်တုန်းမြို့သား စာရေးဆရာကြီး လင်းယုန်သစ်လွင် ကွယ်လွန်ခြင်း ၂၄ နှစ်မြောက်နှင့် အသက်နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်ပွဲကို ဆရာကြီးလင်းယုန်သစ်လွင် စာပေထိန်းသိမ်းရေးကော်မတီက ဦးစီးပြီး ညောင်တုန်းမြို့ အမှတ်(၆)ရပ်ကွက် ကျွန်းထိပ်ပိုင်း အမကကျောင်းရှိ ဆရာကြီးလင်းယုန်သစ်လွင် အထိမ်းအမှတ်ကျောင်း ဆောင်၌ ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဆရာအောင်သျှင်သူ (မဟာမြေ)ရေးစပ်သော ဆရာသစ်လွင်ရာပြည့်ရတုပိုဒ်စုံကို ဆရာမ စိန်မေရီလွင်မိုး၊ ဂီတစာဆို မောင်မိုးသူရေးစပ်သောတေးကို ပန်းချီတောင်ငူ စိုးမြင့်လေး ၊ ဆရာ ပုသိမ်မောင်ကောင်းယဉ် ရေးစပ်သော 'ဆရာသာခုခေါ်ပါ'တေးကို တေးသံရှင် ပုသိမ်မောင်ကောင်းယဉ်နှင့် ဆရာမောင်မျိုးသူရေးသော ဆရာလင်းယုန်သစ်လွင် ရာပြည့်ပွဲကို တေးသံရှင် ဆရာ ဆရာမများက သီဆိုဖတ်ကြားကြသည်။

ထို့နောက် အထိမ်းအမှတ်ပွဲကို ကျင်းပရာ ဆရာလင်းယုန်သစ်လွင် စာပေထိန်းသိမ်းရေးကော်မတီဒုဥက္ကဋ္ဌ ဆရာမောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ အတွင်းရေးမှူး ဆရာဦးအေးချို (မဟာဝိဇ္ဇာ)တို့က အမှတ်တရစကားများကိုလည်းကောင်း၊ ဆရာနန္ဒ မိုးကြယ် ရေးသားသော အထိမ်းအမှတ်ကဗျာကို မောင်မိုးသူ (သစ္စာမြေ)ကလည်းကောင်း၊ 'ရာပြည့်လင်းယုန်'အထိမ်းအမှတ်စာအုပ်ထုတ်ဝေခြင်းနှင့်ပတ်သက်၍ ဆရာနန္ဒ မိုးကြယ်ကလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆရာလင်းယုန်သစ်လွင် စာပေထိန်းသိမ်းရေးကော်မတီသို့ ရောရတနာကိုယ်ပိုင် အထက်တန်းကျောင်းက ငွေကျပ် လေးသိန်းတစ်သောင်းကို ပေးအပ်လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး ကာတွန်းကြည်ဝင်းက လက်ခံယူခဲ့သည်။ စာရေးဆရာကြီးလင်းယုန်သစ်လွင်သည် ညောင်တုန်းမြို့တွင် ဦးဖိုးလူ-ဒေါ်နှင်းဦးတို့က ၁၉၁၇ ခုနှစ် စက်တင်ဘာ ၉ ရက်နေ့တွင် မွေးဖွားခဲ့သူဖြစ်ပြီး ၁၉၉၃ ခုနှစ် ဩဂုတ် ၂၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ **နေလင်း(ညောင်တုန်း)**

# ကိုရီးယားသမ္မတနိုင်ငံမှ ဆေးဘက်ဆိုင်ရာပညာရှင်များ ဆေးတက္ကသိုလ်(မန္တလေး) တွင် လက်တွေ့သင်ကြား

**နေပြည်တော် ဩဂုတ် ၂၇**

ကိုရီးယားသမ္မတနိုင်ငံ Chosun University, Faculty of Dentistry မှ Prof. Seong Yong Moon ဦးဆောင်သောအဖွဲ့သည် ဆေးတက္ကသိုလ်(မန္တလေး) ခန္ဓာဗေဒဌာန၌ ဆေးရည်စိမ် ရုပ်ခန္ဓာပေါ်တွင် လက်တွေ့ခွဲစိတ်ကုသသင်ကြားမှု (Cadaveric Surgery)ကို ဩဂုတ် ၂၆ ရက်မှ ယနေ့အထိ ဆောင်ရွက်ခဲ့ရာ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်နှင့် မန္တလေးတို့မှ ဆရာ ဆရာမ ၂၄ ဦးခန့် တက်ရောက်ကြသည်။

အဆိုပါသင်ကြားမှုကို သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်နှင့် ကိုရီးယားသမ္မတနိုင်ငံ Chosun University, Faculty of Dentistry တို့မှ ပညာရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်

**နေပြည်တော် ဩဂုတ် ၂၇**

ယနေ့ ည ၈ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်။ (မိုး/ဇလ)

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ (မိုး/ဇလ)

# မောင်တောဒေသအတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ဖြစ်ပေါ်နေသည့်အခြေအနေများကို အမြန်ဆုံးလျှော့နည်းပပျောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၇**
ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ဩဂုတ် ၂၅ ရက် ဖြစ်စဉ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် ဘေးလွတ်ရာဒေသများသို့ ခေတ္တခိုလှုံလျက်ရှိသော တိုင်းရင်းသားပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုတို့သည် ယနေ့ မွန်းလွဲပိုင်းတွင် ထောက်ပံ့ရေးပစ္စည်းများ သွားရောက်ပေးပို့ထောက်ပံ့ခဲ့ပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ဘင်္ဂါလီအကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုဖြစ်စဉ်များ ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် ဘေးလွတ်ရာနေရာဒေသများသို့ ခေတ္တခိုလှုံလျက်ရှိသော တိုင်းရင်းသားပြည်သူများအတွက် လိုအပ်လျက်ရှိသည့် စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် ထောက်ပံ့မှုအကူအညီများကို အလျင်မြန်ဆုံး ပေးအပ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့ ပါဝင်သောအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် Air Myanmar Aviation Services Co.Ltd မှ ပူးပေါင်းကူညီသော ရဟတ်ယာဉ်ဖြင့် ဘူးသီးတောင်မြို့သို့ရောက်ရှိပြီး မောင်တောဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများကို ဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်းထားနိုင်မှုအခြေအနေ၊ စားနပ်ရိက္ခာနှင့် ဆေးဝါး ထောက်ပံ့ပေးရန် လိုအပ်မည့်အခြေအနေများကို ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ကျော်ဇောနှင့် တွေ့ဆုံ၍ ပေါင်းစပ်ညှိနှိုင်းခဲ့ကြသည်။

ထို့နောက် ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံနှင့် အေးစေတီဘုန်းကြီးကျောင်းများသို့ ရောက်ရှိကြပြီး လတ်တလော ဖြစ်စဉ်တွင် အကြမ်းဖက်သမားများ၏ လက်ချက်ဖြင့် ဆေးရုံတက်ရောက် ကုသလျက်ရှိသောပြည်သူများကို အားပေးကြည့်ရှုခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ ဘေးလွတ်ရာသို့ ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိသော ပြည်သူများကို နှစ်သိမ့်အားပေးခြင်း၊ လတ်တလောအသုံးပြုရန် စားသောက်ဖွယ်ရာနှင့် ဆေးဝါးများထောက်ပံ့ပေး ခြင်း၊ ငွေကြေးထောက်ပံ့ခြင်းများကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မောင်တောမြို့(၄)မိုင် အခြေခံပညာအထက်တန်းကျောင်းတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသော တိုင်းရင်းသားပြည်သူများထံ ရောက်ရှိကြပြီး ကြည့်ရှုအားပေး နှစ်သိမ့်စကားပြောကြားကာ



လတ်တလော စားသုံးရန်ခေါက်ဆွဲခြောက်များနှင့် ဆေးဝါးများ၊ လူမှုရေးထောက်ပံ့မှုပေးအပ်ရန် လိုအပ်သော သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များနှင့် မီးဖွားပြီးစ အမျိုးသမီးများအား ငွေကြေးထောက်ပံ့ခြင်းများကိုလည်း ဆောင်ရွက်ခဲ့သည်။

ထို့နောက် မောင်တောမြို့အတွင်း လုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ပြည်သူလူထုများ ပုံမှန်လှုပ်ရှား သွားလာနေထိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက မောင်တောမြို့အားဖျက်ဆီးရန် ကြံစည်လုပ်ဆောင်၊ တစ်ချိန်တည်း တစ်ပြိုင်တည်းမီးရှို့ပြီး လက်လုပ်ဗုံးများဖောက်ခွဲ၊ သေနတ်များဖြင့် ပစ်ခတ်၊ အကြမ်းဖက်လုပ်ရပ်များ ဆက်လက်လုပ်ဆောင်

နေပြည်တော် ဩဂုတ် ၂၇
**အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများသည် မောင်တောမြို့အားဖျက်ဆီးရန် တစ်ချိန်တည်းတစ်ပြိုင်တည်း မီးရှို့ခြင်း၊ လက်လုပ်ဗုံးများ ဖောက်ခွဲခြင်း၊ သေနတ်များဖြင့် ပစ်ခတ်ခြင်းများဖြင့် အကြမ်းဖက်လုပ်ရပ်များ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ၏ ယနေ့ ည ၈ နာရီ ထုတ်ပြန်ချက်အရ သိရသည်။**

မောင်တောဒေသ နယ်မြေ ၂ အတွင်း အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက် သမားများသည် ယနေ့ နံနက်ပိုင်းမှ မွန်းလွဲပိုင်းအတွင်း လက်လုပ်ဗုံးများ ဖောက်ခွဲခြင်း၊ ကျေးရွာများ မီးရှို့ခြင်း၊ လုံခြုံရေးစခန်းများအား လာရောက်ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်ခဲ့ကြောင်း။

အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား ၁၀၀ ကျော်ခန့်သည် ငါးရုံ့ချောင်းကင်းစခန်းအား အနောက်ဘက် တောစပ်မှ ချဉ်းကပ်၍ လက်လုပ်ဗုံးလေးလုံးဖြင့် ပစ်ခတ်ရာ တစ်လုံးပေါက်ကွဲခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံ ပစ်ခတ်သဖြင့် ငါးရုံ့ချောင်းစခန်း၏ အရှေ့ဘက်တောင်ကြောပေါ်သို့ ပြန်လည်ဆုတ်ခွာသွားကြောင်း သိရသည်။

ထို့နောက် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား ၅၀၀ ခန့်သည် ငါးရုံ့ချောင်းကင်းစခန်းအား ဒုတိယအကြိမ် လာရောက် ဝိုင်းဝန်းတိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့များက ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရကြောင်း။

အလားတူ အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများသည် နယ်မြေ ၂ အတွင်းရှိ မင်းခမောင်းစခန်းအား ဝိုင်းဝန်းသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဟန့်တား ရှင်းလင်းခဲ့ရကြောင်း။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆာလေရွာမှ ရန်ခါစေတီရွာသို့ နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် ဒဏ်ရာရ အမျိုးသမီးတစ်ဦးအားတွေ့ရှိခဲ့၍ ကယ်ဆယ်ခဲ့ရကြောင်း သိရသည်။

ထို့ပြင် မောင်တောမြို့နယ် နယ်မြေ ၃ အတွင်းရှိ ရဲအောင်ချောင်း၀ စခန်းအား အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ကြပြီး သာယာကုန်းကျေးရွာသို့ ဆက်လက်ထွက်ခွာသွားခဲ့ကြောင်း၊ ယင်းနောက် အဆိုပါကျေးရွာအား အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား ၅၀၀ ခန့်က တုတ်၊ ဓား လက်နက်များဖြင့် ဝိုင်းဝန်းခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းခဲ့ရကြောင်း၊ အကြမ်းဖက်သမားများသည် နံ့သာတောင်ရွာနှင့် ဘုန်းကြီးကျောင်းအတွင်းရှိ ပစ္စည်းများအား ဖျက်ဆီးခဲ့ကြောင်း၊ မီးရှို့ဖျက်ဆီးခံခဲ့ရသည့် နံ့သာတောင်ကျေးရွာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်စဉ် တောင်ပြိုလက်ဝဲကျေးရွာ၏ တောင်ဘက်တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား အင်အား ၂၀၀ ခန့်က လက်နက်ငယ်များ၊ တုတ်၊ ဓား၊ လှံ၊ မိုန်းများ ကိုင်ဆောင်လျက် ဝိုင်းဝန်းတိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ ပတ်ဝန်းကျင် ကျေးရွာများအတွင်းသို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့ထံမှ ကျည်မျိုးစုံ အတောင့် ၆၀၊ လှံ ၆၂ ချောင်းတို့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

နယ်မြေ ၆ အတွင်းရှိ နွားရုံတောင်ကျေးရွာတွင် ယနေ့ နံနက်ပိုင်းက လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ထွက်ပြေးစဉ် ကျေးရွာအားမီးရှို့ခဲ့ပြီး လက်လုပ်ဗုံးတစ်လုံး ဖောက်ခွဲခဲ့ကြောင်း။

ထို့ပြင် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများသည် ဇင်ပိုင်ညာစခန်း အရှေ့ဘက် ကိုက် ၇၀၀ ခန့် အကွာတွင် ဗုံးနှစ်လုံးဖောက်ခွဲခဲ့ပြီး ကျေးရွာအတွင်း၌လည်း ဗုံးတစ်လုံးဖောက်ခွဲခဲ့ကြောင်း၊ အလားတူ ကျောက်လှေကားကျေးရွာအတွင်း လက်လုပ်ဗုံးနှစ်လုံး ပေါက်ကွဲခဲ့ပြီး ပြဿဒ်တိုင်းရင်းသားကျေးရွာအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်နီကျေးရွာအနီး ကားလမ်းပေါ်တွင် ပိတ်ဆို့ထားသည့် သဲအိတ်များအားရှင်းလင်းစဉ် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား လေးဦးက လုပ်သေနတ်များကိုင်ဆောင်၍ ရောက်ရှိလာသဖြင့် ရှင်းလင်းခဲ့ရာ ၎င်းတို့မှာ မောင်နီဈေးတန်းဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း၊ ညနေပိုင်းတွင် နယ်မြေ ၁၁ အတွင်းရှိ ချွတ်ပြင်ကင်းစခန်းအား အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်းခဲ့ရပြီး ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း။

အလားတူ မောင်တောမြို့နယ် နယ်မြေ ၁၀ အတွင်းရှိ ကျောင်းတောင်ရဲစခန်းအား ညနေပိုင်းတွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား ၂၀၀ ခန့် ဝိုင်းဝန်းရန်ပြုသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းခဲ့ရကြောင်း။

မွန်းလွဲ ၃ နာရီခွဲခန့်ကလည်း မောင်တောမြို့ ရပ်ကွက်(၄) ရွာသစ်ကေ ရပ်ကွက်ရှိ ဟိန္ဒူဘာသာဝင် နေအိမ်သုံးလုံးအား အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက မီးရှို့ခဲ့ပြီး ညနေ ၅ နာရီတွင် ဘင်္ဂါလီရပ်ကွက်ရှိ အိမ်ခြေ ၁၀၀ ခန့်အား ထပ်မံမီးရှို့ခဲ့သဖြင့် မီးသတ်ယာဉ်လေးစီးဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ငြိမ်းသတ်နေစဉ် နေအိမ်နှစ်လုံးမှ လက်လုပ်ဗုံးနှစ်လုံး ပေါက်ကွဲခဲ့ကြောင်း၊ ညနေ ၅ နာရီ ၁၅ မိနစ်ခန့်တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက မီးငြိမ်းသတ်နေသည့် တပ်ဖွဲ့ဝင်များအား လုပ်သေနတ်ဖြင့်နှစ်ချက်လာရောက်ပစ်ခတ်ခဲ့ကြောင်း၊ မီးလောင်ကျွမ်းမှုအား ဝိုင်းဝန်းငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

မောင်တောမြို့သည် ဘင်္ဂါလီနှင့် တိုင်းရင်းသားများ ရောနှောနေထိုင်ပြီး လူနေအိမ်ခြေထူထပ်ကာ ခရိုင်အဆင့် အစိုးရဌာနဆိုင်ရာရုံးများ အခြေစိုက်သည့်မြို့ဖြစ်ရာ အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများက မောင်တောမြို့အား ဖျက်ဆီးရန်နှင့် ဆူပူအကြမ်းဖက်မှုကို ပိုမိုကြီးကျယ်စေရန် ရည်ရွယ်ချက်ဖြင့် လက်လုပ်ဗုံးများဖောက်ခွဲ၍ ၎င်းတို့အိမ်များကို ၎င်းတို့ကိုယ်တိုင် မီးရှို့ခဲ့ကြခြင်း ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **(သတင်းစဉ်)**



**အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက မောင်တောမြို့ပေါ်ရှိနေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေးဆောင်ရွက်စဉ်**



**အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများက တုတ်၊ ဓား၊ လက်နက်များကိုင်ဆောင်၍ အကြမ်းဖက်မှုလုပ်ဆောင်နေသည်ကို တွေ့ရစဉ်**



**အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများက တုတ်၊ ဓား၊ လက်နက်များကိုင်ဆောင်၍ အကြမ်းဖက်မှုလုပ်ဆောင်နေသည်ကို တွေ့ရစဉ်**

❋ *ကျောဖုံးမှ*

ကျွန်းပေါက်ပြုစုချောင်းဝကင်းစခန်းသို့ လာရောက်ပူးပေါင်းကာ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများအား လက်နက်ငယ်များဖြင့် ကူညီပစ်ခတ်ရှင်းလင်းခဲ့မှုကြောင့် အကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာသွားခဲ့ကြောင်း သိရသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၉ နာရီခွဲတွင် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ၄ မိုင်သို့သွားရောက်စဉ် နွားရုံတောင်ရွာအလွန်တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများမှ မော်တော်ယာဉ်အား ဆွဲမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ပြန်လည် ပစ်ခတ်ရှင်းလင်းခဲ့ရကြောင်း။

နံနက် ၁၁ နာရီ မိနစ် ၂၀ တွင်မောင်တောမြို့နယ် နယ်မြေ ၄ ကျွန်းပေါက်ပြုစု ချောင်းဝကင်းစခန်းအား အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားအင်အား ၃၀၀ ခန့်မှ တုတ်၊ ဓားလက်နက်များဖြင့် ဝိုင်းဝန်းပိတ်ဆို့ထားသဖြင့် မောင်တောမြို့ POE အဝင်အထွက်ဂိတ် တပ်မတော်ရေယာဉ်စုမှ ငါးမန်းတိုက်ရေယာဉ်ဖြင့် ကူညီပေးရန် သွားရောက်ခဲ့ရကြောင်း။

မွန်းလွဲ ၂ နာရီခွဲတွင် မောင်တောမြို့နယ်၊ နယ်မြေ ၂၊ ရန်ကာစေတီကျေးရွာမှ (ဒိုင်းနက်) တိုင်းရင်းသား ၂၀ ခန့်သည် အောင်ဇံတိုင်းရင်းသားကျေးရွာသို့ သွားရောက်ပူးပေါင်းနေထိုင်ရန် ထွက်ခွာလာစဉ် ဆာလေကျေးရွာအုပ်စု၊ ကြောင်ဒိုးကျေးရွာအဝင် တံတားအနီးအရောက်တွင် ကြောင်ဒိုးကျေးရွာမှ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားအင်အား ၁၀၀ ခန့်က တုတ်၊ ဓားကိုယ်စီဖြင့် ဝင်ရောက်ထိုးခုတ် ရိုက်နှက်တိုက်ခိုက်ခဲ့ရာ ဦးမောင်ဘစိန် (၂၈)နှစ် တစ်ဦးသာ လွတ်မြောက်ခဲ့ပြီး ကျန်ကျေးရွာသားများမှာ ကျန်ရှိခဲ့ရာ သေသည်/ ရှင်သည် မသိရကြောင်း ဦးမောင်ဘစိန်က အောင်သပြေနယ်မြေရုံးသို့ လာရောက်သတင်းပို့ခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် နယ်မြေ ၆ ဇင်ပိုင်ညာကျေးရွာလမ်းဆုံနှင့် အနီးတစ်ဝိုက်တွင် ယမန်နေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှ ညနေ ၄ နာရီ ၄၂ မိနစ်အထိ အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း ၁၇ လုံး ပေါက်ကွဲခဲ့ကြောင်း၊ ညနေ ၄ နာရီ မိနစ် ၄၀ မှ ညနေ ၄ နာရီ ၅၅ မိနစ်အထိ ကျောက်လှေကားကျေးရွာတွင် လက်လုပ်မိုင်း နှစ်လုံး ပေါက်ကွဲခဲ့ပြီး ညနေ ၅ နာရီ မိနစ် ၂၀ တွင် နတ်ချောင်းကင်းစခန်းအား အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ညနေ ၅ နာရီတွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား ခုနစ်ဦးခန့်သည် အဖွဲ့နှစ်ဖွဲ့ခွဲ၍ တောင်ပြို



အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများ၏ လက်ချက်ကြောင့် ပျက်စီးသွားသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်

လက်ဝဲမြို့နယ်ခွဲ အထက်တန်းကျောင်းတွင် ရောက်ရှိနေသည့် နံ့သာတောင် ပရဟိတဘုန်းတော်ကြီး စာသင်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၇၀ ခန့်အား လာရောက်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်ဘင်္ဂါလီများသည် ပြန်လည်ဆုတ်ခွာသွားပြီး အကြမ်းဖက်ဘင်္ဂါလီအလောင်းနှစ်လောင်း ရရှိခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းတွင် အမှတ် ၁ နယ်ခြားစောင့်ရဲတပ်ဖွဲ့ ဌာနချုပ်ကုန်း(၄)ကင်းအနီး ဝါးပိတ်ရွာပျက်တွင် မျက်နှာဖုံးစွပ် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမား လေးဦး တွေ့ရှိ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်းခဲ့ကြောင်း၊ ညနေ ၅ နာရီ ၃၃ မိနစ်တွင် ဇင်ပိုင်ညာကင်းစခန်းအား အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက လက်ပစ်ဗုံးဖြင့် ပစ်ခတ်ပြီး ထွက်ပြေးသွားခဲ့ကြောင်းနှင့် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများသည် ညနေ ၅ နာရီ ၃၅ မိနစ်တွင် ဇင်ပိုင်ညာရဲကင်းစခန်းအနီးပတ်လည်တွင် မိုင်းများထောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းခဲ့ရကြောင်း။

ညနေ ၅ နာရီ ၄၅ မိနစ်တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများသည် ဇင်ပိုင်ညာကျေးရွာရှိ ယင်းတို့၏ နေအိမ်များအား မီးရှို့ထွက်ပြေးသွားခဲ့ပြီး ညနေ ၅ နာရီ ၅၅ မိနစ်တွင် အကြမ်းဖက်သမားများသည် ရဲကင်းစခန်းများအား ဝိုင်းဝန်းတိုက်ခိုက်ရန် လုပ်ဆောင်ခဲ့သဖြင့် ညနေ ၆ နာရီ ၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း၊ ညနေ ၆ နာရီ ၁၇ မိနစ်တွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက ဂေါ်ဒူသာရစခန်းအား စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ရှင်းလင်းခဲ့ရကြောင်း၊ ည ၇ နာရီ ၁၅ မိနစ်တွင် ပြသာဒ်ကင်းစခန်းအနီးတွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲခဲ့ပြီး ည ၇ နာရီ ၁၆ မိနစ်တွင် ယာယီစွန့်ခွာထားသော ဝက်ကျိန်းကင်းစခန်းအား အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါအချိန်တွင် လောင်းဒုံးကျေးရွာနှင့် ကြိမ်ချောင်းကျေးရွာကြား ကားလမ်းမတွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ထို့ပြင် မောင်တောမြို့နယ် ကွမ်းသီးပင်အုပ်စု၊ နံ့သာတောင်ကျေးရွာရှိ အိမ်ခြေ ၄၂ လုံး၊ ဈေးဆိုင်ခန်း ၁၃ ခန်းနှင့် ကျေးရွာဘုန်းတော်ကြီးကျောင်းတို့အား ယမန်နေ့ ည ၇ နာရီခွဲတွင် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများက မီးရှို့ခဲ့သဖြင့် မီးလောင်ဆုံးရှုံးခဲ့ရပြီး ၎င်းကျေးရွာရှိ တိုင်းရင်းသားမိသားစုဝင်များမှာ တောင်ပြိုလက်ဝဲ အထက်တန်းကျောင်း၌ ရောက်ရှိခိုလှုံနေထိုင်လျက်ရှိကြောင်း၊ ည ၈ နာရီ ၂၅ မိနစ်တွင် ပြင်ဖြူစခန်းနှင့် ကိုက် ၅၀ ခန့်အကွာ ကျောက်လှေကားရွာတွင် လက်လုပ်မိုင်း တစ်လုံး ထပ်မံပေါက်ကွဲခဲ့ပြီး ည ၈ နာရီ ၃၃ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမား ၁၀ ဦးခန့် တွေ့ရှိသဖြင့် လိုက်လံရှင်းလင်းရာ ၎င်းတို့နေထိုင်သည့် နေအိမ်ငါးလုံးအား မီးရှို့ဖျက်ဆီးပြီး ထွက်ပြေးသွားကြကြောင်း၊ ည ၈ နာရီ ၄၅ မိနစ်တွင် ဂေါ်လီဒူလာရွာအနီး လက်လုပ်မိုင်းတစ်လုံး ထပ်မံပေါက်ကွဲခဲ့ကာ ည ၉ နာရီ ၄၅ မိနစ်တွင် ဂေါ်ဒူသာရကျေးရွာဘက်မှ ပျဉ်ဖြူနယ်မြေရုံး ခြံစည်းရိုးအနီးသို့ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ ချဉ်းကပ်လာသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အသင့်အနေအထားဖြင့် လုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများသည် လက်လုပ်မိုင်းများ တွင်ကျယ်စွာအသုံးပြုပြီး အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လျက်ရှိရာတွင် တုတ်၊ ဓား၊ သေနတ်လက်နက်များကိုင်ဆောင်ထားသော လူအုပ်စုဖြင့် ဒေသခံတိုင်းရင်းသားအနည်းစု နေထိုင်ရာနေရာများကို ဝိုင်းပတ်ပိတ်ဆို့ခြင်းများ ပြုလုပ်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက လှုပ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာများမှ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ယူထားသူ အစ္စလာမ်ဘာသာတူများကိုလည်း သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ဘက်ထရီဖြင့်ရှော့ခ်တိုက်ပစ်ခတ်သည့် ဗုံးပစ်လောင်ချာကဲ့သို့သော လက်နက်များအသုံးပြုကာ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နေကြောင်း သိရသည်။

အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်မှ အပြီးသတ်အစီရင်ခံစာ ထွက်ရှိချိန်၊ ကုလသမဂ္ဂအစည်းအဝေးများ ကျင်းပတော့မည့် အချိန်တို့နှင့် အချိန်ကိုက်ဆောင်ရွက်ရာတွင် ဩဂုတ် ၂၅ ရက် (သောကြာနေ့)ကို ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ အကြမ်းဖက်တိုက်ဖျက်မှုဗဟိုအဖွဲ့က ၎င်းတို့အား အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားပြီးဖြစ်ရာ အကြမ်းဖက်အားပေးထောက်ခံမှုများ၊ ပံ့ပိုးကူညီသူများသည်လည်း အကြမ်းဖက်အားပေးအဖြစ် အကျုံးဝင်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**

# အပြစ်မဲ့ ဟိန္ဒူဘာသာဝင် မိသားစုခြောက်ဦးအား အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက ရက်စက်ကြမ်းကြုတ်စွာသတ်ဖြတ်

**နေပြည်တော်  ဩဂုတ် ၂၇**

မြင်းလွတ်မြို့မှ မောင်တောမြို့သို့ ပြန်လာသော ဟိန္ဒူဘာသာဝင် မိသားစု ၁၂ ဦးသည် ယမန်နေ့ ည ၁၁ နာရီက မြို့သူကြီးကျေးရွာအနီးတွင် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ဆောက်လုပ်ဆဲ ခရိုင်တရားရုံးပေါ်သို့ ပုန်းရှောင်စဉ် ဘင်္ဂါလီအကြမ်းဖက်သမားများက သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ခြောက်ဦးသေဆုံးသွားခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ၏ ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ထုတ်ပြန်ချက်အရ သိရသည်။


### ပုန်းရှောင်

မောင်တောမြို့နယ် မြင်းလွတ်မြို့တွင် ယာယီလုပ်ငန်းဖြင့် ရောက်ရှိနေသော မောင်တောမြို့ (၄)ရပ်ကွက်နေ ဟိန္ဒူဘာသာဝင် မိသားစု ၁၂ ဦးသည် ယမန်နေ့ ည ၁၁ နာရီတွင် မြင်းလွတ်မြို့မှ မောင်တောမြို့သို့ ပြန်လာစဉ် မြို့သူကြီးကျေးရွာအနီး ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားနေသဖြင့် ဆောက်လုပ်ဆဲခရိုင်တရားရုံးပေါ်သို့ တက်ပြေးပုန်းရှောင်ခဲ့ကြောင်း။

### ဆေးရုံသို့ပို့ဆောင်

ထိုသို့ ပုန်းရှောင်စဉ် ၎င်းနေရာတွင် ကြိုတင်ရောက်ရှိနေသည့် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများက သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ဟိန္ဒူဘာသာဝင် အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် ကလေးသုံးဦးတို့မှာ နေရာတွင် သေဆုံးခဲ့ကြောင်း၊ အခြားအမျိုးသမီးနှစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း၊ ကလေးငယ်လေးဦးမှာ ထွက်ပြေးလွတ်မြောက်ခဲ့ပြီး ၄ မိုင် အထက်တန်းကျောင်းစုရပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်းနှင့် သေဆုံးသွားသူများအား မောင်တောဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**




မောင်တောမြို့နယ် နယ်မြေ(၆) မြို့သူကြီးကျေးရွာအနီး အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများမှ ဟိန္ဒူဘာသာဝင်များအား သတ်ဖြတ်ခဲ့သည့် နေရာပြမြေပုံ

❋ *ကျောဖုံးမှ*

ဖြန့်ဝေထားသော စွမ်းအားမြင့် ဘီစကစ်များ တွေ့ရှိခဲ့သည်ကို သတင်းထုတ်ပြန်ထားပြီးဖြစ်ကြောင်း။

ထို့အပြင် သတင်းမီဒီယာအချို့တွင် အကြမ်းဖက်အုပ်စုအဖြစ် တရားဝင်ကြေညာထားသော အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများကို အကြမ်းဖက်သမားဟု ရေးသားဖော်ပြခြင်းမပြုဘဲ အခြားဝေါဟာရများ (ဥပမာ Insurgents) ဖြင့် အမျိုးမျိုးရေးသားဖော်ပြနေကြသည်ကိုလည်း တွေ့ရှိရကြောင်း။

ယခုအခါတွင် မောင်တောဒေသရှိ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများအား ကမ္ဘာ့ကုလသမဂ္ဂ၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ တူရကီနိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ပြင်းထန်စွာ ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း။

အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများနှင့် ARSA အကြမ်းဖက်အုပ်စုနှင့် ပတ်သက်ဆက်နွှယ်သော ပြည်ပနိုင်ငံများမှ ငွေကြေးထောက်ပံ့မှုများ၊ ဆက်သွယ်ဆောင်ရွက်နေသော လူပုဂ္ဂိုလ်များ၊ အားပေးကူညီမှုများကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးရန် နိုင်ငံတကာရဲတပ်ဖွဲ့မှတစ်ဆင့် နိုင်ငံတကာအစိုးရများထံသို့ အသိပေးအကြောင်းကြားနိုင်ရေး တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါကြောင်း။

အကြမ်းဖက်တိုက်ဖျက်ရေးသည် ကမ္ဘာ့မိသားစုဝင်ပြည်သူများ၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများ အားလုံး၏ ဘုံအကျိုးစီးပွားဖြစ်သည့်အတွက် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများနှင့် ARSA အကြမ်းဖက်အုပ်စုနှင့် ပတ်သက်၍ ဆန့်ကျင်တိုက်ဖျက်သွားရန် အထူးအရေးကြီးကြောင်း၊ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများနှင့် ARSA အကြမ်းဖက်အုပ်စုအား ဆန့်ကျင်တိုက်ဖျက်ရာတွင် ထောက်ခံခြင်း၊ အားပေးကူညီရာရောက်စေသော ပြုမူလုပ်ဆောင်ချက်များ လုပ်ဆောင်ခြင်း၊ ထောက်ပံ့ခြင်း၊ မီဒီယာများမှ ထောက်ခံရေးသားခြင်း စသည်တို့ မပြုလုပ်ရန်နှင့် ပြည်တွင်း၌ ထိုသို့လုပ်ဆောင်ချက်များတွေ့ရှိပါက အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ပြီး ပြည်ပမှလုပ်ဆောင်ချက်များ တွေ့ရှိရပါက နိုင်ငံတကာရဲတပ်ဖွဲ့သို့ အသိပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**

# မုံရွာ-ဟုမ္မလင်း အမြန်သင်္ဘောကြီးဖြင့်လိုက်ပါသည့် ခရီးသည်နည်းသော်လည်း အဝေးသင်တက္ကသိုလ်ကာလပြီးသည်အထိ ဆက်လက်ပြေးဆွဲမည်

**မုံရွာ ဩဂုတ် ၂၇**

ချင်းတွင်းမြစ်ရေကြီးချိန် ပြည်တွင်းရေကြောင်းနှင့် ပုဂ္ဂလိကကုမ္ပဏီတို့ ဖက်စပ်ပြေးဆွဲပေးနေသည့် ပြဒါးရှင် အမြန်သင်္ဘောကြီးတွင် လူဦးရေ ၄၀၀ ခန့် တင်ဆောင်နိုင်သော်လည်း မုံရွာအထွက်တွင် ခရီးသည် ၈၀ ကျော် ၉၀ ဖြင့်သာ ပြေးဆွဲနေရာမှ အမြန်ရေယာဉ်များ ပြေးဆွဲခွင့်ပြုချိန်များတွင် ခရီးသည်မှာ ပိုမိုလျော့နည်းလာသော်လည်း အဝေးသင်တက္ကသိုလ်ကာလပြီးသည်အထိ ပြေးဆွဲသွားမည်ဖြစ်ကြောင်း သင်္ဘောလက်မှတ်ရောင်းချသူ တာဝန်ခံထံမှ သိရသည်။

"လက်ရှိအခြေအနေကတော့ အမြန်ရေယာဉ်လိုင်းတွေ စိုးရိမ်ရေမှတ်ကျော်လို့ သက်ဆိုင်ရာက ပိတ်ထားတဲ့အချိန်မှာသာ ခရီးသည်တွေအလိုက်များပြီး ပြန်သွားလာခွင့်ပြုတဲ့ အချိန်မှာ အတော်နည်းသွားပါတယ်။ခရီးသည်က တစ်ခေါက်ကို မုံရွာကလိုက်တာ ၈၀ ကျော် ၉၀ ပဲရှိပြီး ကုန်တန်ချိန်က မုံရွာကနေ တစ်ခေါက် ၂၅ တန်နဲ့ တန် ၃၀ လောက်ပဲ တင်ရပါတယ်။ လာမယ့် အဝေးသင်တက္ကသိုလ်ဖွင့်မယ့် ကာလအထိ တိုင်းဒေသကြီးအစိုးရတာဝန်ရှိသူတွေက ပြေးဆွဲပေးပါ ပြောထားလို့ ပြေးပေးနေတာပါ။ စီးပွားရေးအနေနဲ့တွက်ရင် တွက်ခြေမကိုက်ပါဘူး" ဟု လက်မှတ်ရောင်းသူတာဝန်ခံက ပြောသည်။

ချင်းတွင်းမြစ်သွား ခရီးသည်များ ဘေးအန္တရာယ်ကင်းပြီး စိတ်ချမ်းသာစေရန်ရည်ရွယ်၍ မုံရွာ-ဟုမ္မလင်းခရီးစဉ်ကို ဇူလိုင် ၃ ရက်မှစတင်ကာ ပုဂ္ဂလိကအထူး အမြန်သင်္ဘောရေယာဉ်ကြီးဖြင့် ပြေးဆွဲလျက်ရှိရာ ဩဂုတ် ၂၈ ရက်တွင် မုံရွာမြို့မှ ကိုးခေါက်မြောက် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။



"အထူးအမြန်သင်္ဘောကို မုံရွာကနေ ပုံမှန် တနင်္လာနေ့တိုင်း ထွက်နေတာဖြစ်သလို ဟုမ္မလင်းက သောကြာနေ့တိုင်း ပုံမှန်ထွက်ပေးနေပါတယ်။ မုံရွာကနေ ဟုမ္မလင်းကို နှစ်ညအိပ် သုံးရက်နဲ့ ဟုမ္မလင်းက မုံရွာကိုတော့ တစ်ညအိပ် နှစ်ရက်ဖြစ်ပါတယ်။ ခရီးသည်တွေ ဘေးအန္တရာယ်ကင်းအောင် အပြင် ကုန်စည်တွေကိုလည်း ဈေးချိုချိုနဲ့ အမြန်ရောက်စနစ်နဲ့ ပို့ပေးနေပါတယ်။ ရိုးရိုးတန်းခရီးသည်တွေအတွက် သောက်ရေသန့်လုံလောက်အောင်စီစဉ်ထားသလို ဆလွန်းခန်းနဲ့ ပထမတန်းအခန်းတွေမှာလည်း မနက်စာကို နေရာအရောက်ပို့ စနစ်နဲ့ စီစဉ်ထားပါတယ်" ဟု ပြဒါးရှင်သင်္ဘောမှ တာဝန်ရှိသူက ပြောသည်။

အထူးအမြန်သင်္ဘောကြီးတွင် ပထမတန်းအခန်းမှ လိုက်မည်ဆိုလျှင် မုံရွာ-ကလေးဝ ငွေကျပ် ၁၂၀၀၀၊ မုံရွာ-မော်လိုက် ငွေကျပ် ၁၅၀၀၀၊ မုံရွာ-ဖောင်းပြင် ငွေကျပ် ၁၈၀၀၀၊ မုံရွာ-သောင်တွင်း ငွေကျပ် ၂၀၀၀၀ နှင့် မုံရွာ-ဟုမ္မလင်း ငွေကျပ် ၂၀၀၀၀ သတ်မှတ်ထားပြီး ဆလွန်းခန်းမှ လိုက်မည်ဆိုလျှင် မုံရွာ-ကလေးဝ ငွေကျပ် ၇၀၀၀၊ မုံရွာ-မော်လိုက် ငွေကျပ် ၁၀၀၀၀၊ မုံရွာ-ဖောင်းပြင် ငွေကျပ် ၁၃၀၀၀၊ မုံရွာ-သောင်တွင်း ငွေကျပ် ၁၅၀၀၀ နှင့် မုံရွာ-ဟုမ္မလင်း ငွေကျပ် ၁၅၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ထို့ပြင် ရိုးရိုးတန်းလက်မှတ်ခများကို သတ်မှတ်ရာတွင် မုံရွာ-မင်းကင်းငွေကျပ် ၃၀၀၀၊ မုံရွာ-ကလေးဝ ငွေကျပ် ၄၀၀၀၊ မုံရွာ-မော်လိုက် ငွေကျပ် ၆၀၀၀၊ မုံရွာ-ဖောင်းပြင် ငွေကျပ် ၇၀၀၀၊ မုံရွာ-သောင်တွင်း ငွေကျပ် ၇၅၀၀ နှင့် မုံရွာ-ဟုမ္မလင်း ငွေကျပ် ၇၅၀၀ သတ်မှတ်ထားကြောင်း သိရသည်။ မုံရွာမှ တနင်္လာနေ့တိုင်း နံနက် ၆ နာရီတွင် ပြေးဆွဲရန်စီစဉ်ထားပြီး အထူးအမြန်သင်္ဘောကို စက်ခုတ်မောင်းချိန်မြှင့်တင်ပြီး အမြန်ရောက်စနစ်ဖြင့် ပြေးဆွဲပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## အလောင်းတော်ကဿပ စံကျောင်းတော်သို့သွားသည့် လမ်းဘေးဝဲယာတွင် အရိပ်ရသစ်ပင်မျိုးစုံ ၁၀၀၀၀ ကျော် စုပေါင်းစိုက်ပျိုး

**ပုလဲ ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အတွင်းရှိ ရွှေဆံပင်တံတားလမ်းဒေသ အလောင်းတော်ကဿပ စံကျောင်းတော်သို့သွားသည့် လမ်းဘေးဝဲယာ၌ ရွှေဆံပင်ဆရာတော်အရှင်ဝေပုလ္လနှင့် အလှူရှင်များက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးကိုဦးတည်၍ ဒုတိယအကြိမ်မြောက် အရိပ်ရ သစ်ပင်မျိုးစုံ ၁၀၀၀၀ ကျော် စုပေါင်းစိုက်ပျိုးပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီခွဲက စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

ရွှေဆံပင်ဆရာတော် အရှင်ဝေပုလ္လ ( သာသနဓဇဓမ္မာစရိယ၊ ဉာဏတောဝိဘင်္ဂရေ) က ဒုတိယအကြိမ်မြောက် စုပေါင်းစိုက်ပျိုးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း မိန့်ကြားခဲ့သည်။

ဆက်လက်၍ ကလေးမြို့ နေသာ ပညာဒါနသင်တန်းကျောင်း ဦးဆောင်ဆရာတော် ဦးဓမ္မိက ( နေသာဆရာတော် ) က " သစ်ပင်တွေကို ချစ်တတ်ပါစေ" ခေါင်းစဉ်ဖြင့်ဟောပြောခဲ့ပြီး တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်တို့က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်ပင် ၁၀၀၀၀ ကျော် စိုက်ပျိုးခြင်းအတွက် ဝမ်းမြောက်စကား ပြောကြားခဲ့သည်။

ယင်းနောက် ပုလဲမြို့နယ် ပုထိုးသာကျေးရွာ ရွှေဆံပင်ပညာဒါနကျောင်းရှိ မန္တလေးစာကြည့်တိုက်(၆)မှ စာဖတ်မြတ်နိုးသူများအသင်းဝင် မဇူးဇူးလှိုင်က "ကမ္ဘာကြီး အစဉ်အမြဲ သာယာလှပနိုင်စေရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စနစ်တကျ သစ်ပင်စိုက်ပျိုးရေး" ဆောင်ရွက်ခြင်းဆိုင်ရာ ပညာပေးစာတမ်းကို ဖတ်ကြားခဲ့သည်။

ထို့နောက် ရွှေဆံပင်ဆရာတော် အရှင်ဝေပုလ္လနှင့် ဆရာတော်များ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက အရိပ်ရ သစ်ပင်မျိုးစုံ ၁၀၀၀၀ ကျော်ကိုစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**



## ပျက်ကျ Y-8 လေယာဉ်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂၇**

ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ယနေ့တွင် ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ်မူတည်၍ လေယာဉ်အမြီးပိုင်းရှာဖွေတွေ့ရှိခဲ့သည့် နေရာအနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေ သုံးစင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေရာ FUEL PUMP FILTER LB-22 အမှတ်အသား စာတန်းပါ အနက်ရောင်ဘူးတစ်ဘူးနှင့်အတူ လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြိတ်ပြည်သူ့ဆေးရုံတွင် လူနာနှစ်ဦးမှာ ရာသီတုပ်ကွေး (H1N1) ပိုးတွေ့ရှိ

**မြိတ် ဩဂုတ် ၂၇**

မြိတ်ပြည်သူ့ဆေးရုံတွင် ရာသီတုပ်ကွေး (H1N1) ပိုးတွေ့ရှိသူ လူနာနှစ်ဦးအား ပြည်သူ့ဆေးရုံ ကူးစက်ရောဂါကြပ်မတ်ဆောင်အတွင်း ကုသပေးလျက်ရှိကာ ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာမျိုးဝင်းထံမှ သိရသည်။

ရာသီတုပ်ကွေး (H1N1) ပိုးတွေ့ရှိသော လူနာနှစ်ဦးမှာ ဒုခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာယဉ်ယဉ်နွဲ့ ဦးဆောင်သောအဖွဲ့က မြိတ်တောင်ကျေးရွာအုပ်စု သင်္ဂမော်ရပ်ကွက်သို့ Fever Survillance ကွင်းဆင်း ကျန်းမာရေးစောင့်ရှောက်စစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ရာမှ တုပ်ကွေးရောဂါဖြစ်နေပြီး ဆေးရုံကြီးသို့ တက်ရောက်ကုသမှုခံယူစေခဲ့သူ ဒေါ်ညိုညိုစန်း(၃၃ နှစ်)နှင့် ပြည်သူ့ဆေးရုံကြီးတွင် တုပ်ကွေးရောဂါဖြင့် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသူ မမီးမြတ်လှ (ကိုးနှစ်) ကျွန်းစုမြို့နယ် ကမ်းမီးစပ်ကျေးရွာနေသူတို့ဖြစ်ကြသည်။

၎င်းလူနာနှစ်ဦးမှာ ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိပြီး မကြာမီဆေးရုံမှ ဆင်းခွင့်ရတော့မည်ဖြစ်ကြောင်း၊ ယင်းလူနာများနှင့် ထိတွေ့ခဲ့သော မိသားစုများအား စောင့်ကြပ်ကြည့်ရှုခြင်းကို ပြည်သူ့ကျန်းမာရေးနှင့် ညှိနှိုင်းပြီး လိုအပ်သောစောင့်ကြပ်ကြည့်ရှုကုသမှုများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ မြိတ်ခရိုင်တွင် သွေးအမြန်စစ်ပစ္စည်း RDT ဖြင့် စစ်ဆေးခဲ့သည့် လူနာ ၁၃ ဦးအနက် ရာသီတုပ်ကွေး (H1N1) အတည်ပြုလူနာ confirm case နှစ်ဦးရှိပြီး ပြင်းထန်အဆုတ်ရောင်ရောဂါဖြင့် ကုသမှုခံယူရသည့် လူနာမရှိကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာမျိုးဝင်းက ပြောသည်။ **ခိုင်ထူး (မြိတ် ပြန်/ဆက်)**

## ရှုံးပွဲမရှိ ပွဲ ၅၀ စံချိန်ဖြင့် မေဝဲသာက မက်ဂရီဂေါ်ကို အနိုင်ယူ

အမေရိကန်နိုင်ငံ လပ်စ်ဗီးဂတ်စ်မြို့တွင် ယနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် လက်ဝှေ့လောကအတွင်း ရှုံးပွဲမရှိစံချိန်တင်ထားသည့် မေဝဲသာက UFC ချန်ပီယံ ကော်နာမက်ဂရီဂေါ်ကို ၁၀ ချီမြောက်တွင် အနိုင်ရခဲ့သည်။

အစောပိုင်း သုံးချီတွင် မက်ဂရီဂေါ်က လျင်လျင်မြန်မြန်၊ လက်သီးချက်များနှင့် ထိုးသတ်ခဲ့ကာ မေဝဲသာက ကော်နာ၏ လျင်မြန်မှုကြောင့် သုံးချီ၊ လေးချီအထိ ခံစစ်ပုံစံမျိုးဖြင့် ထိုးသတ်ခဲ့သည်။ ကော်နာက သူ၏ပုံစံအတိုင်း ထိုးသတ်ခဲ့သော်လည်း နည်းဗျူဟာကောင်းပြီး ထိုးချက်ကောင်းလာသည့် မေဝဲသာက ၁၀ ချီတွင် အလဲထိုးလုနီးပါး ထိုးသတ်ခဲ့ရာ ကြိုးဝိုင်းဒိုင်လူကြီးက ပွဲကိုရပ်၍ အနိုင်ပေးခဲ့သည်။ ထို့ကြောင့် မေဝဲသာက လက်ဝှေ့သက်တမ်းတစ်လျှောက် ပွဲ ၅၀ ဆက် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ပြီး ဆုကြေးငွေ ဒေါ်လာ သန်း ၁၈၀ ကျော် ရရှိခဲ့သည်။

ယခုပွဲအပြီးတွင် မေဝဲသာက နောက်ထပ်ထိုးသတ်ဖို့ မရှိတော့ကြောင်း၊ ယခုပွဲမှာ သူ့အတွက် နောက်ဆုံးလက်ဝှေ့ပွဲဖြစ်ကြောင်း ပြောသည်။

ကော်နာက "ကျွန်တော် အစောပိုင်းမှာ အသာစီးနဲ့ ထိုးနိုင်ခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ သူ့အခွင့်အရေးတွေရလာခဲ့တာပါ။ ဒီပွဲက အကြိတ်အနယ်ရှိခဲ့တဲ့ ပွဲလို့ထင်ပါတယ်။ ပရိသတ်တွေလည်း ကျေနပ်ကြပါလိမ့်မယ်" ဟု ပွဲအပြီးတွင် ပြောဆိုခဲ့သည်။

ကော်နာမက်ဂရီဂေါ်နှင့် ထိုးသည့်ပွဲ အနိုင်ရအပြီး ဖလွိုက်မေဝဲသာသည် ပရော်ဖက်ရှင်နယ် အားကစားသမားဘဝမှရရှိသည့် ဆုကြေးငွေပေါင်း ဒေါ်လာ တစ်ဘီလီယံ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ကမ္ဘာ့နယ်ပယ်စုံက အားကစားသမားများထဲတွင် ဆုကြေး တစ်ဘီလီယံ ရရှိခဲ့သည့် အားကစားသမား နှစ်ဦးသာရှိခဲ့ဖူးပြီး ဘတ်စကက်ဘော အကျော်အမော် မိုက်ကယ်ဂျော်ဒန်နှင့် ဂေါက်သီးလောက၏ဘုရင် တိုက်ဂါးဝုဒ်တို့ဖြစ်ကြောင်း သိရသည်။

**ဇင်ဦး**

## ချယ်လ်ဆီးတို့ အဲဗာတန်ကို အနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃) တနင်္ဂနွေနေ့ညပွဲစဉ်အဖြစ် လက်ရှိချန်ပီယံချယ်လ်ဆီးနှင့် အဲဗာတန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်ချယ်လ်ဆီးအသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်ချယ်လ်ဆီးအသင်းသည် ၃-၄-၂-၁ ပုံစံဖြင့် မိုရာတာကို အထောင်ထားကာ ပွဲထွက်ခဲ့သလို အဲဗာတန်ကလည်း ရာမီရက်ဇ်ကို အထောင်ထားပွဲထွက်ခဲ့သည်။ ပွဲချိန် ၂၇ မိနစ်တွင် မိုရာတာ၏ ခေါင်းတိုက်ဖန်တီးမှုမှတစ်ဆင့် ဖာဘရီဂက်စ် သွင်းယူခဲ့၍ ချယ်လ်ဆီးတို့ ဦးဆောင်ဂိုးရရှိခဲ့ပြီး မိနစ် ၄၀ တွင် ချယ်လ်ဆီးအတွက် ဒုတိယဂိုးကို ဖြတ်တင်ဘောမှတစ်ဆင့် မိုရာတာက ခေါင်းတိုက်သွင်းယူခဲ့သည်။ ယင်းပွဲတွင် ချယ်လ်ဆီးအသင်းက ဘောလုံးပိုင်ဆိုင်မှု အနည်းငယ်အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၃ ကြိမ်ရရှိကာ ခုနစ်ကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ အဲဗာတန်က ဂိုးကန်သွင်းခွင့် ငါးကြိမ်ရရှိခဲ့သော်လည်း ဂိုးပေါက်မခြိမ်းခြောက်နိုင်ခဲ့ပေ။

စနေနေ့က ယှဉ်ပြိုင်ကစားခဲ့သည့် မန်ယူနှင့် လက်စတာတို့ပွဲတွင် မန်ယူက ရက်ရှ်ဖို့ဒ်နှင့် ဖယ်လိုင်နီတို့၏ သွင်းဂိုးများဖြင့် အနိုင်ယူကာ သုံးပွဲကစား သုံးပွဲနိုင် ရမှတ် ကိုးမှတ်ဖြင့် ပေးဂိုးမရှိဘဲ ဇယားထိပ်၌ ရပ်တည်နေသည်။

ပွဲစဉ်(၃)အပြီး လက်ရှိချန်ပီယံ ချယ်လ်ဆီးက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ရမှတ်ခြောက်မှတ်ရရှိထားပြီး အဲဗာတန်အသင်းမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ်လေးမှတ်သာ ရရှိထားသည်။

**သီဟ**

# ဆည်တော်ကြီးဆည်ရေမြင့်တက်လာ၍ ရေထုတ်လွှတ်ရာမှ တံငါချောင်းမကြီးဘေးရှိ ကျေးရွာအချို့ရေများဝင်ရောက်

**မတ္တရာ ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးဆည် အတွင်းသို့ မိုးရေဝင်ရောက်မှု များပြားပြီး ကန်ရေပြည့်အမှတ် ၄၁၉ ဒသမ ၅ ပေရှိရာမှ ဩဂုတ် ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲက စိုးရိမ်ရေမှတ်သို့ ကျော်လွန်ရောက်ရှိလာသဖြင့် ရေပိုလွှဲတံခါးပေါက် ခုနစ်ပေါက်မှ တစ်ပေါက်လျှင် နှစ်ပေစီ ရေများ စတင်ထုတ်လွှတ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ရေများထုတ်လွှတ်နေစဉ် အတွင်း ဆည်အတွင်းသို့ ရေဝင်ရောက်မှုများပြားသဖြင့် ရေတံခါးများအား အဆင့်ဆင့်တိုးချဲ့၍ ထုတ်လွှတ်ခဲ့ပြီး ဆည်တော်ကြီးရေလှောင်တမံ၏ မြောင်း မကြီးဖြစ်သည့် တံငါချောင်းမကြီး အတွင်း ရေများမြင့်တက်လာနိုင်သဖြင့် ချောင်းတစ်လျှောက်ရှိ ကျေးရွာများ ဖြစ်သည့် ငွေးပင်၊ မြစ်ကမ်း၊ သပြေသာ၊ အထက်တောင်ကိုင်း၊ ဆိပ်သာ၊ ကျောင်းကုန်း၊ ဇီးဖြူကုန်း၊ ကျောက်စရစ် (တောင်)၊ ဝန်စု၊ ပန်းယျု၊ သရက်တော၊ ဟလင်း၊ ကွေ့တော၊ လက်ကောင်းကြီး၊ ရွေးစုကျေးရွာအုပ်စုများသို့ ဆည်တော်ကြီးဆည် ရေလွှတ်ကြောင်းကို ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာတာဝန်ရှိသူများက လိုက်လံအသိပေးအကြောင်းကြားခဲ့သည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့များက ရေကင်းလုံခြုံရေးချထားဆောင်ရွက်ခဲ့ကာ အရေးပေါ် ကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန်အတွက် စက်လှေများလည်း အသင့်ဆောင်ရွက်ထားရှိခဲ့ပြီး မြို့နယ်သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုကော်မတီမှ ရေလွှမ်းမိုးနိုင်သောနေရာများသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂၆ ရက် နံနက် ၆ နာရီတွင် ဆည်တော်ကြီးရေလှောင်တမံ၏ ရေအမှတ်မှာ ၄၂၀ ဒသမ ၂ ပေသို့ ရောက်ရှိပြီး ရေပိုလွှဲတံခါး ခုနစ်ပေါက်မှ သုံးပေစီ ဖွင့်ချထားရာ တံငါချောင်းမကြီး၏ ရေအမှတ်မှာ ၉၆ ဒသမ ၆ ပေသို့ ရောက်ရှိခဲ့ရာ မန္တလေး-မိုးကုတ် ကားလမ်းမိုင်တိုင်အမှတ် (၂၅/၄) နှင့် (၂၅ ဒသမ ၅) ကြားတွင် လမ်းပေါ်သို့ ရေအနည်းငယ် ကျော်ခဲ့သော်လည်း ဆိုင်ကယ်နှင့်ကားများ ပုံမှန်အတိုင်း သွားလာနိုင်ကြောင်းသိရသည်။ အထက်တောင်ကိုင်းကျေးရွာအုပ်စုနှင့် ဆိပ်သာအုပ်စုကြားရှိ ရေထိန်းမြောင်းကျိုးပေါက်၍ ဆိပ်သာကျေးရွာအုပ်စု ရှားစေးချက်ကျေးရွာအတွင်း ရေဝင်ရောက်မှုကြောင့် ရေနစ်မြုပ်သည့် အိမ်ခြေ ၁၀ အိမ်၊ အိမ်ထောင်စု ၁၀ စု စုစုပေါင်းလူဦးရေ ၃၆ ဦးအား မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီကျေးရွာအုပ်ချုပ်ရေးမှူး တို့က ကျေးရွာဘုန်းကြီးကျောင်း၌ ယာယီပြောင်းရွှေ့ထားပြီး မြွေပုန်ကန် ကျေးရွာအုပ်စုတွင် ကွင်းအမှတ် (၁၁၆၊ ၁၁၆-က၊ ၁၁၇)ကွင်းတွင် မိုးရွာသွန်းမှုကြောင့် မိုးစပါးစိုက်ဧက ၈၀၀ မှာရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# မိုးအဆက်မပြတ်ရွာသောကြောင့် ကျေးရွာအချို့ရေနစ်မြုပ်ကာ စာသင်ကျောင်းများယာယီပိတ်

**ရွှေဘို ဩဂုတ် ၂၇**

ရွှေဘိုမြို့ပေါ် အနိမ့်ပိုင်းရပ်ကွက်များနှင့် ဝက်လက်မြို့နယ်၊ ခင်ဦးမြို့နယ်၊ ရေဦးမြို့နယ်ကျေးရွာအချို့တွင် ဩဂုတ် ၂၅ ရက်မှစတင်ကာ မိုးအဆက်မပြတ်ရွာသွန်းသောကြောင့် ရေနစ်မြုပ်လျက်ရှိရာ စာသင်ကျောင်းများကို ယာယီပိတ်ထားကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရွှေဘိုမြို့ပေါ် ရပ်ကွက်များရှိ အနိမ့်ပိုင်းနေရာများတွင် ရေနစ်မြုပ်ခဲ့ရာ ရွှေဘိုမြို့ အမှတ်(၁) ရပ်ကွက် ဘူတာ (က) အခြေခံပညာမူလတန်းကျောင်း၊ ဘူတာ(ခ)မူလတန်းလွန်ကျောင်း၊ အမှတ် (၁၀) ရပ်ကွက်ရှိ ပဂိုးကုန်းမူလတန်းကျောင်းများ၊ ဝက်လက်မြို့နယ်ရှိ ယင်းတောအလယ်တန်းကျောင်းခွဲ၊ ခင်ဦးမြို့နယ်ရှိ ညောင်ပင်ကြီးစုအထက်တန်းကျောင်းများကို ယာယီပိတ်ထားကြောင်း သိရသည်။

ထို့အပြင် ရေဦးမြို့နယ်ရှိအမှတ်(၂) အထက်တန်းကျောင်းနှင့် မုတ်စီမူလတန်းလွန်ကျောင်းများကို ယာယီပိတ်ထားသလို အဆိုပါ ဩဂုတ် ၂၅ ရက်ညက ကောလင်းမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်း မှုကြောင့် ဒေါင်းမြုံးချောင်း၊ ခေါပြင်ချောင်း၊ စင်လင်ချောင်းနှင့် နန်းလှိုင်ချောင်းတို့၌ ရေပြည့်လျှံခဲ့သည့်အတွက် ဩဂုတ် ၂၆ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ကောလင်းမြို့ ကျော်ဇေယျာရပ်ကွက် အနိမ့်ပိုင်းများသို့ ရေဝင်ရောက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ယင်းနေ့ နံနက်ပိုင်းက အင်းတော်မြို့နယ် ပေကုန်းကျေးရွာ၊ မြေပလ္လင်ကျေးရွာ လေးတန်ချောင်းဘေးရှိ ၁၀ ပေအကျယ်၊ ပေ ၂၀ အရှည်ခန့်ရှိ မြေသားလမ်းသည် ချောင်းရေတိုက်စားမှုကြောင့် လမ်းအကျယ် ရှစ်ပေခန့် ပြိုကျပျက်စီးခဲ့သဖြင့် သွားလာဖြတ်သန်းမှု ယာယီပိတ်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# နန့်သဲချောင်းရေတိုက်စားမှုကြောင့် ချောင်းကူးတံတားပျက်စီး

**အင်းတော် ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွားကားလမ်းရှိ နန့်သဲချောင်းရေကျော်တံတားသည် ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နန့်သဲချောင်းရေကြီးရေလျှံကာ ရေကျော်တံတားအချို့ ရေတိုက်စားပျက်စီးခဲ့ကြောင်း သိရသည်။

နန့်သဲချောင်းရေကျော်တံတားသည် အင်းတော်မြို့၏ အနောက်တောင်ထောင့်တွင်တည်ရှိပြီး အင်းတော်မြို့နှင့် ခုနစ်မိုင်ဝေးကာ ရွှေဘို-မြစ်ကြီးနားသွား ကားလမ်းပေါ်၌ တည်ရှိသည်။

တောင်ကျချောင်းရေဖြစ်သောကြောင့် ရေစီးသန်၍ ရေကျော်သည့်အခါ တံတားကွန်ကရစ်ဖြင့် ကာရံထားသော တံတားဘေးကွန်ကရစ်တိုင်များမှာ ပျက်စီးသွားရကြောင်း နန့်သဲကျေးရွာဒေသခံတစ်ဦးထံမှ သိရသည်။

**သန်းမောင်လေး (ကချင်မြေ)**

# မင်းဘူးမြို့နယ် ရေဘေးရှောင်ပြည်သူ ၄၉၀၀ ကျော်အတွက် ထောက်ပံ့ငွေပေးအပ်

**မင်းဘူး ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့သည် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အတူ မင်းဘူးမြို့နယ် ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာခုနစ်ရွာတို့မှ ရေဘေးရှောင်ပြည်သူ ၄၉၇၇ ဦးတို့ အတွက် ဆန်သုံးရက်စာဖိုး ငွေကျပ် ၄၄၇၉၃၀၀ ကို ဩဂုတ် ၂၇ ရက်က မင်းဘူးမြို့ မှန်ကင်းကျောင်း မြတ်သုခမ္မာရုံ၌ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် ရေကြီးနစ်မြုပ်နေသော ကျေးရွာများဖြစ်သည့် မင်းဘူးမြို့နယ် ထုံးမကျည်းကျေးရွာနှင့် နိဗ္ဗာန်ကျွန်းကျေးရွာများသို့ စက်လှေများဖြင့် သွားရောက်ကာ ရေဝင်နစ်မြုပ်နေမှုအားကြည့်ရှုပြီး ရေလွတ်ရာသို့ ယာယီပြောင်းရွှေ့နေရသော ပြည်သူများနှင့် ရေကြီးနစ်မြုပ်၍ နေအိမ်များတွင် အိမ်စောင့်ကျန်ရှိနေသော ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံ၍ ထောက်ပံ့မှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုများအတွက် စီမံဆောင်ရွက်ပေးခဲ့သည်။

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်တွင် ဧရာဝတီမြစ်ရေ ဒုတိယအကြိမ် မြင့်တက်လာမှုကြောင့် မြို့ပေါ်မြေနိမ့်ပိုင်းရပ်ကွက်များမှ ပြည်သူအချို့နှင့် ဧရာဝတီ မြစ်ကမ်းပါး တစ်လျှောက်ရှိ ကျေးရွာများ ရေလွတ်ရာသို့ ယာယီပြောင်းရွှေ့နေရာချထားလျက်ရှိပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကူညီပံ့ပိုးမှုတို့အတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



မင်းဘူး(စကု)မြို့နယ်အတွင်း ရေဝင်ရောက်နေသည့် နေအိမ်အချို့ကို တွေ့ရစဉ်

# ကံမမြို့နယ်တွင် မြစ်ရေဝင်ရောက်မှုကြောင့် မိုးစပါးစိုက်ခင်း ၈၄၇ ဧက ရေဝင်နစ်မြုပ်

**ကံမ ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်း ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ကမ်းတစ်လျှောက် အနိမ့်ပိုင်းကျရောက်သော မိုးစပါးစိုက်ခင်းအချို့ ရေဝင်နစ်မြုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါမြစ်ရေသည် ဩဂုတ် ၂၂ ရက်မှစတင်၍ စိုက်ခင်းများအတွင်းသို့ တဖြည်းဖြည်းဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ဩဂုတ် ၂၇ ရက်တွင် ရေဝင်နစ်မြုပ်ခြင်းမှာ ငါးရက်ခန့် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ မြစ်ရေများကျဆင်းပြီးချိန်တွင် ပျက်စီးဆုံးရှုံးမှု အခြေအနေများအား သိရှိနိုင်မည်ဖြစ်ပြီး ကံမမြို့နယ်အတွင်း မိုးစပါးစိုက်ခင်း ၈၄၇ ဧကခန့် ရေဝင်နစ်မြုပ်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

# ဗန်းမောက်မြို့နယ်တွင် ချောင်းကူးတံတားအချို့ရေတိုက်စားပျက်စီး

**ဗန်းမောက် ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သောကြောင့် လေးသီကျေးရွာအုပ်စု လေးသီကျေးရွာ-နောင်မဲ့လုံ ကျေးရွာချင်းဆက်တံတားတစ်စင်း၊ ဇလုံတောင်လမ်းပေါ်ရှိ တံတားတစ်စင်းနှင့် ရေပြွန်သုံးခုတို့မှာ ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက ရေစီးနှင့်အတူ မျောပါသွားကြောင်း သိရသည်။

အဆိုပါတံတားများမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လွှတ်တော်ရန်ပုံငွေကျပ် ၄၅ သိန်းဖြင့် တည်ဆောက်ထားသော လေးသီကျေးရွာ-နောင်မဲ့လုံကျေးရွာချင်းဆက် အရှည်ပေ ၁၅၀၊ အမြင့် ၁၂ ပေ၊ အကျယ်ငါးပေခွဲရှိ ခေါပုတ်ချောင်းဆိုင်ကယ်နှင့် လူကူးတံတား၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ် ၁၄ ဒသမ ၈၄ သန်းဖြင့် ဆောင်ရွက်ခဲ့သည့် ဗန်းမောက်-ဇလုံတောင်လမ်း မိုင်တိုင်အမှတ် (၅/၅)နှင့်(၅/၆) ကြားရှိ ၂၅ ပေရှည် ပါမီမီ သဲချောင်းကူး သံကူကွန်ကရစ်တံတား၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တာဝန်ယူဆောင်ရွက်ခဲ့သည့် မိုင်တိုင်အမှတ် (၂/၄ ၊ ၃/၅ ၊ ၄/၇ နှင့် ၅/၀)ကြားရှိ (၃×၁၅) ပေ ရေပြွန်သုံးစင်းတို့မှာ ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့ကြောင်း သိရသည်။



ထို့ပြင် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ စပါးခင်းများအတွင်းသို့ ချောင်းရေများဝင်ရောက်ခဲ့၍ အနည်းငယ်ပျက်စီးဆုံးရှုံးမှုများရှိကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

# ရန်ကုန် -မန္တလေးလမ်းဟောင်း ဇေယျာသီရိမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်၊ တစ်ဦးသေဆုံး

**နေပြည်တော် ဩဂုတ် ၂၇**

နေပြည်တော် ဇေယျာသီရိမြို့နယ် နန်းဩကျေးရွာအနီး ရန်ကုန်-မန္တလေးလမ်းဟောင်း၌ ဩဂုတ် ၂၆ ရက် ညနေ ၆ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်ပွားပြီး တစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ တပ်ကုန်းမြို့ဘက်မှ ပျဉ်းမနားမြို့ဘက်သို့ ယာဉ်မောင်း(စိစစ်ဆဲ) မောင်းနှင်လာသော တွဲယာဉ်သည် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၂၆၂/၅ နှင့် ၂၆၂/၆)ကြား၌ လားရာတူရှေ့မှ ဒုတကကျော်ဝင်းခိုင် မောင်းနှင်သော ၃၆ယ/--- ၁၂၅ ဆိုင်ကယ်အား ကျော်တက်စဉ် ဆိုင်ကယ်နှင့် ပွတ်တိုက်မိကာ တွဲယာဉ်မှာ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်ကြောင့် ဒုတကကျော်ဝင်းခိုင်တွင် ဒဏ်ရာများရရှိကာ အဆိုပါနေရာတွင် သေဆုံးသွားခဲ့သဖြင့် ရွှေတွင်းကုန်းရဲစခန်းမှအမှုဖွင့်ကာ မောင်းနှင်ထွက်ပြေးသွားသော တွဲယာဉ် ယာဉ်မောင်းအား ရဲအရာခံဗိုလ်လွင်ဦးနှင့် ယာဉ်မှုစစ် ရဲအုပ်သောင်းထိုက်ဦးတို့က စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

# အမေရိကန်ကသတိပေးခဲ့ပြီးနောက် စစ်ရေးလေ့ကျင့်မှုများ ဗင်နီဇွဲလားပြုလုပ်



**ကရာကတ် ဩဂုတ် ၂၇**

အမေရိကန်ပြည်ထောင်စုက စစ်ရေးအရကြားဝင်စွက်ဖက်မှုများ ပြုလုပ်လာမှုကို ဆန့်ကျင်သည့်အနေဖြင့် ဗင်နီဇွဲလားနိုင်ငံသည် စစ်ရေးလေ့ကျင့်မှုများကို စတင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

နှစ်ရက်ကြာမြင့်သည့် ယင်းစစ်ရေးလေ့ကျင့်မှုကို စနေနေ့တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဒေသမီဒီယာက ဖော်ပြခဲ့သည်။

အမေရိကန်ပြည်ထောင်စု သမ္မတဒေါ်နယ်ထရန့်သည် ဗင်နီဇွဲလားသမ္မတ နီးကိုးလပ်စ်မဒူရိုအား အာဏာရှင်စနစ်ကျင့်သုံးရန် ကြိုးစားနေမှုကို ရပ်တန့်ကရပ်ရန် သတိပေးခဲ့သည်။ သမ္မတမဒူရိုက တုံ့ပြန်သည့် အနေဖြင့် စစ်ရေးလှုပ်ရှားမှု ပြုလုပ်သွားရန်စီစဉ်နေကြောင်း ကြေညာခဲ့သည်။

စစ်ရေးလေ့ကျင့်မှု အတွင်း၌ တပ်မတော်သား ၂၀၀၀၀၀ ခန့်ပါဝင်ခဲ့သည့်အပြင် ပြည်သူ့ဝန်ထမ်းများနှင့် အရေးပေါ် ပြည်တွင်းတပ်ဖွဲ့ဝင်များ အပါအဝင် စစ်မှုထမ်း ၇၀၀၀၀၀ ခန့် ပါဝင်ခဲ့သည်ဟု ယူဆရသည်။ စစ်ရေးလေ့ကျင့်မှုနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကိုမူ မသိရှိရသေးပေ။

စစ်ရေးလေ့ကျင့်မှု အတွင်း၌ စနိုက်ပါသမားများက ပစ်မှတ်ကိုချိန်ရွယ်သည့်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ပြီး တပ်ဖွဲ့ဝင်များက စစ်မှုထမ်းသူများအား ခြောက်လုံးပြူးသေနတ်ပစ်ခတ်နည်းများကို သင်ကြားလေ့ကျင့်ပေးခဲ့ကြကြောင်း ဒေသမီဒီယာက ဖော်ပြထားသည်။

ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မဒူရိုသည် ပြီးခဲ့သည့်လအတွင်းက ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အစည်းအဝေးတစ်ရပ် ကျင်းပရန်အတွက် အဖွဲ့ဝင်များကို ရွေးချယ်ရန် ရွေးကောက်ပွဲကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးအဖွဲ့သည် လက်ရှိဆောင်ရွက်နေသည့် နိုင်ငံ၏ ဥပဒေပြုအဖွဲ့အစည်းနှင့် မတူညီဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည် ပြင်ဆင်ရေးဆွဲနိုင်သည့် အခွင့်အာဏာ ရှိကြောင်း သိရသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဗင်နီဇွဲလားနိုင်ငံအား အရေးယူပိတ်ဆို့မှု အသစ်ပြုလုပ်ရန် အမိန့်တစ်ရပ်ကို သောကြာနေ့က လက်မှတ်ရေးထိုးခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

## အဓိကရုဏ်းဖြစ်ပွားမှုအတွင်း အိန္ဒိယရဲတပ်ဖွဲ့ဝင်များက လူ ၅၀၀ ကျော်ကိုဖမ်းဆီးထိန်းသိမ်း

**နယူးဒေလီ ဩဂုတ် ၂၇**

အိန္ဒိယနိုင်ငံတွင် ဘာသာရေးခေါင်းဆောင်တစ်ဦးက မုဒိမ်းမှုကျူးလွန်ခဲ့ကြောင်း တွေ့ရှိရပြီးနောက် နိုင်ငံအတွင်းဆန္ဒပြဆူပူမှုများဖြစ်ပွားခဲ့ရာ လူများစွာသေဆုံးခဲ့ပြီး ရဲတပ်ဖွဲ့က လူငါးရာကျော်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း သိရသည်။

နောက်လိုက်အမျိုးသမီးနှစ်ဦးကို မုဒိမ်းမှုကျူးလွန်ခဲ့မှုဖြင့် အပြစ်ရှိကြောင်း တွေ့ရှိခဲ့သည့် ဘာသာရေးခေါင်းဆောင် ဂါမစ်ရမ်ရာဟင်ဆင်းမ် ကိုထောက်ခံသူများ အပါအဝင် အဓိကရုဏ်းဖြစ်ပွားမှုအတွင်းပါဝင်ခဲ့သည့် လူ ၅၂၄ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က စနေနေ့တွင် ပြောကြားခဲ့သည်။

တရားရုံးက သောကြာနေ့တွင် ဆင်းမ်အားအပြစ်ရှိကြောင်း ဆုံးဖြတ်ခဲ့ပြီးနောက် ဟာရာနာတွင် ၎င်းကိုထောက်ခံသည့် ထောင်ပေါင်းများစွာသော လူအုပ်ကြီးက ဆူပူအုံကြွခဲ့ကြပြီး ရဲများနှင့် ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့ကြသည်။ အိမ်နီးချင်းပန်ဂျပ်ပြည်နယ်နှင့် နယူးဒေလီမြို့တို့တွင်လည်း ပဋိပက္ခများဖြစ်ပွားခဲ့ပြီး ဆင်းမ်ကိုထောက်ခံသူများက ကားများနှင့်ရထားများကို မီးရှို့ခဲ့ကြသည်။

ပဋိပက္ခဖြစ်ပွားမှုများအတွင်း လူ ၃၁ ဦးသေဆုံးခဲ့ပြီး ၂၅၀ကျော်ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ တပ်မတော် အင်အားစုများသည် နောက်ဆုံးတွင် ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုများကို ငြိမ်သက်အောင်ထိန်းချုပ်နိုင်ခဲ့သည်။

အသက် ၅၀ ရှိပြီဖြစ်သည့် ဂါမစ်ရမ်ရာဟင်ဆင်းမ်သည် ၁၉၄၈ ခုနှစ်တွင် တည်ထောင်ခဲ့သည့် ဒီရာဆာချာဆော်ဒါ ဘာသာရေးအုပ်စု၏ခေါင်းဆောင်ဖြစ်သည်။ ဆင်းမ်သည် အိန္ဒိယနိုင်ငံတစ်ခုတည်း၌ပင်လျှင် ထောက်ခံသူပေါင်း တစ်သိန်းခန့်ရှိကြောင်း ဒေသမီဒီယာက ဖော်ပြခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**



## မြောက်ကိုရီးယားနှင့် အကျိုးတူလုပ်ငန်းဆောင်ရွက်မှုများကို တရုတ်ပိတ်ပင်

**ပေကျင်း ဩဂုတ် ၂၇**

ကုလသမဂ္ဂလုံခြုံရေး ကောင်စီကအသစ်ချမှတ်လိုက်သည့် ပိတ်ဆို့မှုများနှင့်အညီ တရုတ်နိုင်ငံသည် နိုင်ငံအတွင်း၌ မြောက်ကိုရီးယားနှင့် အကျိုးတူလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများ မပြုလုပ်ရန် တားမြစ်ပိတ်ပင်သွားမည်ဖြစ်ကြောင်း တရုတ်အစိုးရက ပြောကြားခဲ့သည်ဟု သိရသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ပြီးခဲ့သည့်ဩဂုတ်လ ၅ ရက်နေ့တွင် မြောက်ကိုရီးယားနိုင်ငံက ပြည်ပသို့ ကျောက်မီးသွေးနှင့် ရေထွက်ပစ္စည်းများ တင်ပို့နေမှုနှင့် အခြားနိုင်ငံများတွင် စီးပွားရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်မှုတို့ကို အရေးယူပိတ်ဆို့မှုပြုလုပ်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။

တရုတ်ကုန်သွယ်ရေး ဝန်ကြီးဌာနသည် ပြီးခဲ့သည့်သောကြာနေ့က မြောက်ကိုရီးယား ကုမ္ပဏီများအား တရုတ်နိုင်ငံအတွင်း အကျိုးတူဖက်စပ်လုပ်ငန်းများထူထောင်မှုကို စတင်ပိတ်ပင်လိုက်ကြောင်းနှင့် လက်ရှိကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ခြင်းကိုလည်းပိတ်ပင်လိုက်ကြောင်း ကြေညာခဲ့သည်။

မြောက်ကိုရီးယားကုမ္ပဏီများအနေဖြင့် တရုတ်နိုင်ငံအတွင်း၌ တရုတ်ကုမ္ပဏီများနှင့်အတူ ဖက်စပ်လုပ်ကိုင်နေသည့် စားသောက်ဆိုင်လုပ်ငန်းများမှ နိုင်ငံခြားဝင်ငွေများစွာ ရရှိခဲ့သည်ဟု မြောက်ကိုရီးယားကုမ္ပဏီများက ပြောကြားခဲ့ရာ အရေးယူပိတ်ဆို့မှုများသည် မြောက်ကိုရီးယားနိုင်ငံအပေါ် အတိုင်းအတာတစ်ခုအထိ အကျိုးသက်ရောက်မှု ရှိလိမ့်မည်ဟု မျှော်လင့်ရသည်။ သို့သော်လည်း အချို့ကမူ မြောက်ကိုရီးယားသည် ကုမ္ပဏီများထူထောင်ရာတွင် တရုတ်နိုင်ငံမှ၎င်းတို့၏ မိတ်ဖက်များ၏အမည်ကို အသုံးချလျက်ပိတ်ဆို့မှုအသစ်များကို ကျော်လွှားခဲ့ဖူးကြောင်းအချို့က ဝေဖန်ထောက်ပြခဲ့ကြသည်။ **(အင်န်အိတ်ချ်ကေ)**

## စက်တင်ဘာလတွင် ပြသရန်စီစဉ်ထားသည့် လေကြောင်းပြပွဲကို မြောက်ကိုရီးယားပယ်ဖျက်

**ပြုံယမ်း ဩဂုတ် ၂၇**

မြောက်ကိုရီးယားနိုင်ငံသည် လာမည့် စက်တင်ဘာလတွင် ကျင်းပရန် စီစဉ်ထားသည့် လေကြောင်းပြပွဲကို ပယ်ဖျက်လိုက်ကြောင်း သံတမန်ရေးရာ သတင်းရင်းမြစ်များအရ သိရသည်။

ပြီးခဲ့သည့်နှစ် စက်တင်ဘာလက မြောက်ကိုရီးယားသည် နိုင်ငံအရှေ့ပိုင်း ဝန်ဆမ်မြို့၌ နှစ်စဉ်ပြုလုပ်မြဲဖြစ်သည့် လေကြောင်း အင်အားပြသမှုကိုပြုလုပ်ခဲ့သည်။




လေကြောင်းပြပွဲအတွင်း ကိုရီးယားပြည်သူ့တပ်မတော်နှင့် နိုင်ငံပိုင် Air Koryo လေကြောင်းလိုင်းတို့မှ လေယာဉ်အစင်းနှစ်ဆယ်ကျော်တို့ကို ထုတ်ဖော်ပြသခဲ့သည်။

လေကြောင်း ပြသမှုအတွင်း MIG-29 ဖိုက်တာဂျက်လေယာဉ်များ လေထဲတွင် အရှိန်အဟုန်ဖြင့်ပျံဝဲခဲ့ပြီး ပြည်ပခရီးသွားဧည့်သည်များ အပါအဝင် ပရိသတ် ၁၅၀၀၀ တို့၏အပေါ်တွင် လှည့်ပတ်ပျံသန်းခဲ့သည်။ တပ်မတော်ရဟတ်ယာဉ်များသည် ပင်လယ်ရေမျက်နှာပြင်ပေါ်မှ ပုံစံတကျ အနိမ့်ပျံသန်းပြသခဲ့သည်။

အဆိုပါပြပွဲကို လာမည့်စက်တင်ဘာ ၂၃ ရက်တွင် နှစ်ရက်ကြာကျင်းပပြုလုပ်သွားရန် စီစဉ်ထားခဲ့ခြင်း ဖြစ်ကြောင်းနှင့် ပြည်ပ သတင်းမီဒီယာအဖွဲ့များကိုလည်း ဖိတ်ကြားခဲ့ကြောင်း မြောက်ကိုရီးယားခရီးသွားအေဂျင်စီ ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

ထိုသို့ စီစဉ်ထားသည့်လေကြောင်းပြပွဲကိုအဘယ့်ကြောင့် ရုတ်တရက်ပယ်ဖျက်လိုက်ရခြင်းကို မသိရှိရသေးကြောင်းအင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ အရေးယူပိတ်ဆို့မှုများအရ မြောက်ကိုရီးယားသို့ ဂျက်လေယာဉ်သုံးလောင်စာတင်ပို့မှုကို တားမြစ်ထားသည်။

သို့သော် သတင်းမီဒီယာအချို့က မြောက်ကိုရီးယားသည် လောင်စာဆီချွေတာရန်အတွက် လေကြောင်းပြပွဲကို ပယ်ဖျက်လိုက်ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။

**(အင်န်အိတ်ချ်ကေ)**

## နိုင်ငံတကာ သတင်းတိုထွာ

### တရုတ်နိုင်ငံ အနောက်တောင်ပိုင်း၌ ရေကြီး၍ လူခြောက်ဦးပျောက်ဆုံး

**ကူမင် ဩဂုတ် ၂၇**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်၌ မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှုကြောင့် လူခြောက်ဦးပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဩဂုတ် ၂၆ ရက်က ပြောကြားခဲ့သည်။

ရန်ဂျင်စီရင်စု ရှီဇီမြို့နယ်အတွင်း မြစ်ကမ်းဘေးမှ အိမ်များမှာ ရေကြီးမှုကြောင့် ပျက်စီးခဲ့ပြီး မိသားစုနှစ်စုမှ မိသားစုဝင်ခြောက်ဦးလည်း မည်သည့်အရပ်ဒေသသို့ ရောက်သွားသည်ကို မသိရကြောင်း စီရင်စုပြည်သူ့ရေးရာရုံးက သတင်းထုတ်ပြန်ခဲ့သည်။

ဩဂုတ် ၂၄ ရက်ကတည်းက ရေကြီးရေလျှံမှုများကြောင့် ရှောင်တုန်မြို့ ဒေသအတော်များများ၌ လူပေါင်းတစ်သိန်းခွဲခန့် ရေဘေးဒုက္ခခံစားခဲ့ရကြောင်း သိရသည်။ **(ဆင်ဟွာ)**

### ဂျပန်ဂီတကျောင်းသားတစ်ဦး နိုင်ငံတကာ စန္ဒရားပြိုင်ပွဲတွင် အနိုင်ရရှိ

**တိုကျို ဩဂုတ် ၂၇**

ဂျပန်ဂီတကျောင်းသားလည်းဖြစ် စန္ဒရားပညာရှင်လည်းဖြစ်သော မော်ဖူဂျီတသည် ဆွစ်ဇာလန်နိုင်ငံ၌ ပြုလုပ်သော နိုင်ငံတကာ စန္ဒရားပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

မော်ဖူဂျီတသည် တိုကျိုဂီတကောလိပ်၌ ပထမနှစ်တက်ရောက်သင်ယူနေသူဖြစ်သလို တီးဝိုင်းများတွင်လည်း လက်စွမ်းပြ ဖျော်ဖြေနေသူလည်းဖြစ်သည်။ ဩဂုတ် ၂၄ ရက်က ၎င်းသည် ကလယ်ရာဟက်စ်ကီလ် နိုင်ငံတကာ စန္ဒရားပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သော တတိယမြောက် ဂျပန်နိုင်ငံသားတစ်ဦးဖြစ်လာခဲ့သည်။

ဖူဂျီတသည် နောက်ဆုံးဆန်ခါတင်အဆင့်တွင် အခြားပြိုင်ဘက်နှစ်ယောက်နှင့်ယှဉ်ပြိုင်ခဲ့ပြီးနောက် မိုဇက်စန္ဒရားတီးလုံးတင်ဆက်ပုံဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

### ပြင်သစ်သမ္မတမက်ခရွန် မိတ်ကပ်ပြင်ဆင်ခအဖြစ် ယူရို ၂၆၀၀၀ အသုံးပြု

**ပါရီ ဩဂုတ် ၂၇**

ပြင်သစ်နိုင်ငံ၏ သမ္မတအဖြစ် တာဝန်ယူသော ပထမသုံးလအတွင်း အီမန်နျူရယ်မက်ခရွန်သည် ယူရို၂၆၀၀၀ (အမေရိကန်ဒေါ်လာ ၃၀၀၀၀) ခန့်ကို မိတ်ကပ်ပြင်ဆင်ရေးဝန်ဆောင်မှုများတွင် အသုံးပြုခဲ့ကြောင်း သတင်းများက ဖော်ပြသည်။

ပြင်သစ်တွင် မိသားစုတစ်စု၏ တစ်နှစ်တာပျမ်းမျှဝင်ငွေမှာ ၂၉၇၅၉ ဒေါ်လာရှိသောကြောင့် မက်ခရွန်၏ ပထမသုံးလအတွင်း မိတ်ကပ်ပြင်ဆင်ရေးဝန်ဆောင်မှုတွင် အသုံးပြုသည့် ငွေနှင့် တူညီလုနီးပါးရှိကြောင်း သိရသည်။

အဲလက်စီနန်းတော်သည် မိတ်ကပ်ပညာရှင်ကို တစ်ကြိမ်လျှင် ယူရို ၁၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၁၀၀၀ခန့်) ပေးရကြောင်း သိရပြီး သမ္မတတစ်ခါထွက်လျှင် ယူရို ၁၆၀၀၀ (အမေရိကန်ဒေါ်လာ ၁၉၀၀၀) ခန့်ပေးရကြောင်း ပြင်သစ်မဂ္ဂဇင်းလီပိုင့်၏ ဖော်ပြချက်ကို ကိုးကားကာ ဝါရှင်တန်ပို့စ်သတင်းတွင် ဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

# အမေရိကန်၏ အင်တာနက်လွတ်လပ်ခွင့်ကို တရားရေးဌာနက ဖိအားပေးလာ

**ကလျာမိုးမြင့်**

**အမေရိကန်ပြည်ထောင်စုတရားရေးဌာနဟာ ထရန့်ကိုဆန့်ကျင်တဲ့ဆန္ဒပြ ဆန့်ကျင်မှုတွေပြုလုပ်ဖို့စီစဉ်ပေးနေတဲ့ အင်တာနက်သတင်းဆိုက်တွေကို ဝင်ရောက်တဲ့သူမှန်သမျှနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို လွှဲပြောင်းပေးဖို့ အင်တာနက်ကုမ္ပဏီတွေကို တောင်းဆိုမှုတွေ အတင်းပြုလုပ်နေပါတယ်။ ဂျိမ်းစ်လော်လာ ဒူဂန်ရဲ့ ကျမ်းသစ္စာကျိန်ဆိုပွဲပြုလုပ်တဲ့ အခမ်းအနားနေ့မှာ ဝါရှင်တန်ဒီစီမှာရှိတဲ့ဆန္ဒထုတ်ဖော်သူတွေနဲ့ ရဲတွေ ထိပ်တိုက်ရင်ဆိုင်မှုတွေ ဖြစ်ပွားခဲ့ပါတယ်။**



အမေရိကရဲ့ သိပ်ကောင်းတဲ့အချက်တွေထဲက တစ်ခုကတော့ အကယ်၍သင်ဟာအစိုးရကိုမကြိုက်ဘူးဆိုရင် အစိုးရကို ဆန့်ကျင်တဲ့အကြောင်း ထုတ်ဖော်ပြောဆိုခွင့်တွေ ရှိနေတာပါပဲ။ ဒေါ်နယ်ထရန့်သမ္မတအဖြစ် ရုံးထိုင်ခဲ့တဲ့ ဇန်နဝါရီလကစပြီး သာမန်ပြည်သူတွေဟာ အင်တာနက်စာမျက်နှာပေါ်နဲ့ လမ်းတွေပေါ်မှာ ဆန့်ကျင်ကြောင်း ကန့်ကွက်ကြောင်း ထုတ်ဖော်ပြသနေခဲ့ကြပါတယ်။ အခုဆိုရင်တော့ အင်တာနက်ကုမ္ပဏီတွေအပေါ်မှာ တရားရေးဌာန (DOJ) ရဲ့ပုံမှန်မဟုတ်တဲ့ တောင်းဆိုမှုက ပြည်သူတွေအနေနဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကိုအသုံးချဖို့ ပိုပြီးကြောက်လန့်လာစေတော့မှာပါ။

တရားရေးဌာနဟာ disruptj20.org အင်တာနက်ဝက်ဘ်ဆိုက်မှာ ဝင်ရောက်လာတဲ့လူတိုင်းရဲ့ သတင်းအသေးစိတ်အချက်အလက်ကို ပေးအပ်ဖို့ Dream Host အင်တာနက်ကုမ္ပဏီတစ်ခုကို အတင်းအစေခိုင်းဖို့ ကြိုးစားနေပါတယ်။ အဲဒီဝက်ဘ်ဆိုက်ဟာ ထရန့်ရဲ့ကျမ်းသစ္စာကျိန်ဆိုပွဲကို ဆန္ဒပြဆန့်ကျင်နိုင်ဖို့ ကူညီစီစဉ်ပေးခဲ့တဲ့ဝက်ဘ်ဆိုက်တစ်ခုပါ။ Dream Host ကုမ္ပဏီအနေနဲ့ကလည်း ဒီလိုလုပ်ဖို့ဆိုရင် ၁ ဒသမ ၃ သန်းကျော်ရှိတဲ့ IP address တွေ၊ ဆက်သွယ်ရေးဆိုင်ရာ အချက်အလက်တွေ၊ အီးမေးလ်အကြောင်းအရာတွေနဲ့လူထောင်ပေါင်းများစွာရဲ့ ဓာတ်ပုံတွေကို လွှဲပြောင်းပေးအပ်ဖို့လိုအပ်လိမ့်မယ်လို့ တရားရေးဌာနရဲ့တောင်းဆိုမှုကို ဆင်ခြေပေးပြီး တုံ့ပြန်လိုက်ပါတယ်။

DOJ ရဲ့တောင်းဆိုမှုဟာအစပျိုးအခြေအနေဖြစ်ပြီး နည်းလမ်းကောင်းတစ်ခုတော့ မဟုတ်ပါဘူး။ ခုလိုသတင်းအချက်အလက်သိမ်းပိုက်တဲ့ပုံစံမျိုးက ရာဇဝတ်မှုဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုတွေ ဥပမာ-ကလေးသူငယ်ဆိုင်ရာညစ်ညမ်းစာပေတွေ သို့မဟုတ် မူးယစ်ဆေးဝါးရောင်းဝယ်မှုတွေနဲ့ပတ်သက်ပြီး တိမ်မြုပ်ထားတဲ့ ဝက်ဘ်ဆိုက်တွေအတွက်သာကန့်သတ်လုပ်ဆောင်သင့်တယ်လို့ ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး Dream Host နဲ့အတူ အလုပ်လုပ်နေတဲ့ Electronic Frontier Foundation(EFF) ရဲ့ ရှေ့နေတစ်ဦးဖြစ်တဲ့ မာခ်ရှူမိုက ပြောကြားခဲ့ပါတယ်။

ဒီကိစ္စမှာထူးခြားနေတာတစ်ခုကဘာလဲဆိုတော့ တရားရေးဌာနက ပစ်မှတ်ထားနေတဲ့ဝက်ဘ်ဆိုက်က ရာဇဝတ်မှုဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုတွေလုပ်ကိုင်ဆောင်ရွက်နေတဲ့ ဝက်ဘ်ဆိုက်တစ်ခုမဟုတ်ဘူး။ ဒါပေမယ့် မူလကဖြည့်စွက်ပြင်ဆင်ချက်တွေရဲ့ အဓိကအချက်တွေထဲမှာ ပါဝင်ပတ်သက်ခြင်း၊ ဆက်သွယ်ခြင်း၊ ဆန္ဒဖော်ထုတ်မှုတွေနဲ့ ကန့်ကွက်မှုတွေကိုစီစဉ်ဆောင်ရွက်ရာမှာ အကြိုက်ချင်းတူတဲ့ နိုင်ငံရေးဆိုင်ရာ ဆန္ဒပြဆန့်ကျင်သူတွေနဲ့အတူ သင်ယူလေ့လာခြင်းနဲ့စေ့စပ်ညှိနှိုင်းခြင်း စတဲ့အချက်တွေကို ကာကွယ်ဖို့အတွက် ညှိနှိုင်းမှုတွေ ပြုလုပ်သွားဖို့အတွက်တော့ ပုံစံရေးဆွဲထားတယ်လို့ ရှူမိုက အီးမေးလ်နဲ့ရေးသားဖော်ပြခဲ့ပါတယ်။

Dream Host ကတော့ ၎င်းရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုချက်အခိုင်အမာရရှိထားမှုနဲ့ ပတ်သက်ပြီး တရားရေးဌာနကိုစိန်ခေါ်လျက်ရှိနေပါတယ်။ "သုံးစွဲသူတွေအတွက် ကျွန်ုပ်တို့တိုက်ပွဲဝင်မည်" လို့အမည်ရတဲ့ ဘလော့စာမျက်နှာတွင် ဖော်ပြခဲ့တဲ့ပို့စ်တစ်ခုမှာ ဥပဒေစည်းမျဉ်းအရအတင်းအကျပ်တောင်းဆိုမှုတွေဟာ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုတွေရဲ့သားကောင်ဖြစ်နိုင်တဲ့ အင်တာနက်သုံးစွဲသူတွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို တောင်းဖို့ Dream Host ကို ပုံမှန်ချဉ်းကပ်နေကျပါပဲ။ ဒါပေမယ့်တရားရေးဌာနရဲ့ တောင်းဆိုမှုကတော့ သိပ်မသက်ဆိုင်လှဘူးလို့ ရေးသားဖော်ပြခဲ့ပါတယ်။

Dream Host ဟာ ဆန္ဒပြနေတယ်ဆိုတာမှန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အင်တာနက်သုံးစွဲသူတွေဟာ အစိုးရကိုဆန့်ကျင်တဲ့ နိုင်ငံရေးအရ ထုတ်ဖော်ပြောဆိုခွင့်ကို အသုံးပြုလိုက်တာနဲ့တော့ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုတွေထဲကို ဆွဲသွင်းခံရမှာမဟုတ်ဘူးဆိုတဲ့ ကြောင်းကျိုးဆီလျော်တဲ့မျှော်လင့်ချက်ကိုယ်စီရှိနေတာဖြစ်လို့ ခုလိုလုပ်နေကြတာဖြစ်တယ်လို့ ဝက်ဘ်ဆိုက်ပေါ်မှာရေးသားဖော်ပြထားပါတယ်။

အတိုင်းအတာတစ်ခုထက် ကျယ်ပြန့်တဲ့ ခုလိုတောင်းဆိုမှုမျိုးကို ပြုလုပ်ရာမှာ တရားရေးဌာနဟာအာဏာရှင်ဆန်တဲ့အစိုးရအဖွဲ့ရဲ့ လက်စွဲစာအုပ်ထဲကအကြောင်းအရာတွေကိုချပြလာပါတယ်။ ဒီလိုတောင်းဆိုမှုမျိုးဟာ အတွေးခေါင်ရာရောက်ပြီး ဥပမာအားဖြင့် နိုင်ငံရေးအရဆန္ဒပြဆန့်ကျင်တဲ့ ဝက်ဘ်ဆိုက်တွေထားရှိခွင့်မပြုတဲ့ တရုတ်နိုင်ငံနဲ့ အမေရိကန်ပြည်ထောင်စုကို ခိုင်းနှိုင်းလိုက်တဲ့ အနေအထားမျိုးလည်းဖြစ်နေပါတယ်။ အာဏာရှင်အစိုးရတွေကသာ ခုလိုမျိုးအနီးကပ်စောင့်ကြည့်ထောက်လှမ်းတဲ့ခြိမ်းခြောက်မှုတွေနဲ့ ဖြစ်နိုင်တဲ့ ဥပဒေအရအရေးယူဆောင်ရွက်မှုတွေကို သုံးပြီး ကြောက်ရွံ့မှုတွေ ကြီးစိုးလာအောင် မလုပ်ရဲမကိုင်ရဲအောင် ဆောင်ရွက်တာဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

အွန်လိုင်းစာမျက်နှာပေါ်မှာ ကိုယ့်ရဲ့သဘောထားအမြင်ကို ဖော်ပြခြင်းနဲ့ နိုင်ငံရေးဆိုင်ရာ တက်ကြွလှုပ်ရှားဖို့စီစဉ်ခြင်းဟာ နိုင်ငံရေးအခြေအနေကို တရားဝင်စောင့်ကြည့်နိုင်စေမယ့် နည်းလမ်းကောင်းတစ်ခုပါ။ ဒါပေမယ့် နိုင်ငံသားတွေရဲ့ ကိုယ်ပိုင်ဆင်ဆာစနစ်က အဲဒီဝက်ဘ်ဆိုက်တွေကို ကြည့်ရှုစစ်ဆေးဖို့ အာဏာရှင်အစိုးရကို အကူအညီပေးနေပါတယ်။ လူမှုမီဒီယာတွေရဲ့အကူအညီတွေကြောင့် လမ်းမပေါ်ထွက်ဆန္ဒပြမှုတွေဟာ ပုံမှန်ပေါ်ထွက်လာနေပါတယ်။ အမေရိကန်နိုင်ငံသားတွေဟာ ကိုယ့်ကိုယ်ကိုယ်ထွက်ပြဖို့နဲ့ ဆန္ဒပြလှုပ်ရှားဖို့တစ်ခါမှအကြောက်အလန့်မရှိခဲ့ဘူးလို့ ထင်ရပေမယ့် ခုတော့ပြောင်းလဲသွားတော့မယ့်ပုံစံမျိုးဖြစ်လာပါပြီ။

အမေရိကဟာ တော်တော်လေးကို ပြိုကွဲနေပြီး နိုင်ငံရေးအခြေအနေတွေကလည်းပြင်းထန်နေပါတယ်။ အကယ်၍ ဆန္ဒပြပွဲတွေဒီထက်ပိုပြီးအရှိန်အဟုန်ပြင်းထန်လာခဲ့မယ်ဆိုရင် ထရန့်ရဲ့အစိုးရအဖွဲ့ဟာ ဆန္ဒပြမှုတွေမှာ ပါဝင်ပတ်သက်နေတဲ့ ပြည်သူတွေနဲ့ပတ်သက်တဲ့သတင်းအချက်အလက်တွေကို ထုတ်ဖော်ဖို့အတွက် အင်တာနက်ကုမ္ပဏီတွေကို ပိုပြီးဖိအားပေးလာတော့မယ်ဆိုတာကို သိပ်ခက်ခက်ခဲခဲစဉ်းစားနေစရာတောင်မလိုတော့ပါဘူး။

နိုင်ငံရေးလှုပ်ရှားဆောင်ရွက်သူတွေအနေနဲ့ကလည်း ဘယ်လောက်ပဲကျယ်ပြန့်သည်ဖြစ်စေ ဒီလိုသတင်းအချက်အလက်တွေ လွှဲပြောင်းပေးဖို့ တောင်းဆိုမှုမျိုးကို ဟန့်တားနိုင်မယ့် အနေအထားမျိုးမရှိသလောက်ပါပဲ။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ်အစိုးရကို ကန့်ကွက်သူတွေလို့ မသတ်မှတ်တဲ့ သာမန်ပြည်သူတွေကတော့ လွတ်မြောက်သွားနိုင်ပါတယ်။ အင်တာနက်ဆိုတာဟာ လူတန်းစားမျိုးစုံက နှစ်နာမှုတွေ၊ မကျေနပ်မှုတွေနဲ့ ညှိနှိုင်းဆောင်ရွက်တဲ့လှုပ်ရှားမှုတွေကို ဖော်ပြဖို့အတွက် လူတန်းစားမျိုး စုံက အတူတကွဝင်ရောက်လာနိုင်တဲ့ စာမျက်နှာတစ်ခုပါ။

> **အမေရိကန်နိုင်ငံသား ဘယ်နှယောက်လောက်ဟာ သူတို့ဝင်ရောက် သုံးစွဲနေတဲ့ အင်တာနက်ကုမ္ပဏီက သူတို့ရဲ့သတင်းအချက်အလက်တွေကို လွှဲပြောင်းပေးလိုက်နိုင်တယ်ဆိုတာကို သိသွားတဲ့အခါ ဆန္ဒပြဆန့်ကျင်မှုတွေ ပြုလုပ်တဲ့ ဝက်ဘ်ဆိုက်တွေကို နောက်ထပ်ဝင်ရောက်ဖို့စဉ်းစားပါဦးမလား**

အမေရိကန်နိုင်ငံသား ဘယ်နှယောက်လောက်ဟာ သူတို့ဝင်ရောက်သုံးစွဲနေတဲ့ အင်တာနက်ကုမ္ပဏီက သူတို့ရဲ့သတင်းအချက်အလက်တွေကို လွှဲပြောင်းပေးလိုက်နိုင်တယ် ဆိုတာကို သိသွားတဲ့အခါ ဆန္ဒပြဆန့်ကျင်မှုတွေ ပြုလုပ်တဲ့ ဝက်ဘ်ဆိုက်တွေကို နောက်ထပ်ဝင်ရောက်ဖို့ စဉ်းစားပါဦးမလား။ ဖြစ်နိုင်ဖွယ်ရှိတဲ့ စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ခံရမယ်ဆိုတာကို သိသွားပြီးတဲ့နောက်မှာ ပြည်သူတွေဟာ ၎င်းတို့ရဲ့ အတွေးအမြင်တွေကို လူမှုကွန်ရက်ပေါ်မှာ ဖော်ပြချင်စိတ်ရှိနိုင်ပါဦးမလားဆိုတာ စဉ်းစားစရာပဲဖြစ်ပါတယ်။ ဆင်ခြေပေးခြင်းဟာ ဘယ်လိုကိစ္စမျိုးကိုမှ ဖြေရှင်းနိုင်စွမ်းရှိမှာ မဟုတ်ပါဘူး။

အထူးသဖြင့် အင်တာနက်ကုမ္ပဏီတွေကိုဖိအားပေးတာနဲ့ပတ်သက်ပြီး တရားရေးဌာနက ဒီကိစ္စကနေသူလိုချင်တာကို ရရှိနိုင်မှာမဟုတ်ပါဘူး။ ဒါ့အပြင် ဖြစ်နိုင်ချေအရှိဆုံး ရလဒ်တစ်ခုကတော့ Dream Host ဟာ ဝက်ဆိုက်ဘ်ထဲက သတင်းအချက်အလက်တချို့ကို အနုတ်အသိမ်းပြုလုပ်လိုက်မှာဖြစ်တယ်လို့ ရှူမိုက ပြောခဲ့ပါတယ်။

ဒီတော့စွန့်စားဖို့ မထိုက်တန်တဲ့ ကိစ္စတစ်ခုလို့သုံးသပ်ရမှာ ဖြစ်ပါကြောင်း။

**(ရိုက်တာ)**



## ရမည်းသင်း၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသရုပ်ပြ

**ရမည်းသင်း ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ စက်မှုလယ်ယာဦးစီးဌာနအမှတ် ၂၈စက်မှုလယ်ယာစခန်းမှ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးသရုပ်ပြပွဲကိုဩဂုတ် ၂၄ရက်က ရမည်းသင်းမြို့ ရွှေကူရပ်တောင်သူ ဦးသံချောင်း၏ စံပြလယ်ယာမြေကွက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲသို့ ရမည်းသင်းခရိုင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးမှူးများနှင့် ဌာနဝန်ထမ်းများ၊ ဒေသခံစိုက်ပျိုးတောင်သူများ တက်ရောက်ကြသည်။ ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းနိုင်၊ မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်သန်းတို့က "ယခုကဲ့သို့ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းဖြင့် လုပ်အားခသက်သာခြင်း၊ စပါးမျိုးကုန်ကျမှု သက်သာခြင်း၊ လုပ်ငန်းတွင်ကျယ်စွာ ပြီးစီးမှုပိုခြင်း၊ ပျိုးထောင်ရေးယာအနည်းငယ်သာလိုခြင်း၊ လုပ်သားအင်အား ရှားပါးမှုအခက်အခဲလျော့ကျစေခြင်း၊ စပါးပင်ပွားနှုန်းကောင်းမွန်ခြင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးအတွက်များစွာအထောက်အကူပြုကြောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် စံပြလယ်ကွက်၌ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးသရုပ်ပြရာ တက်ရောက်သူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# ပဲဈေး ထုတ်လုပ်မှုကုန်ကျစရိတ်အောက်ကျဆင်းပါက ရန်ပုံငွေရှာဖွေပြီး အခြေခံဈေးနှုန်းတစ်ခု သတ်မှတ်ဝယ်ယူပေးမည်

**ဖြိုးလွင်အောင်(AMIA)**

ပြည်တွင်း ပဲအရောင်းအဝယ် ရပ်ဆိုင်းနေခြင်းနှင့် ပတ်သတ်ပြီး အမြန်ဆုံးပြေလည်မှုရရှိစေဖို့ နှစ်နိုင်ငံအစိုးရချင်း ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ သိရသည်။

ယင်းအပြင် ဒုတိယအစီအစဉ်အနေဖြင့် စပါးဈေးထုတ်လုပ်မှု ကုန်ကျစရိတ်အောက်ကျဆင်းချိန်တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က တာဝန်ခံ၍အခြေခံဈေးနှုန်းသတ်မှတ် ဝယ်ယူပေးသကဲ့သို့ ဘဏ်များနှင့် ချိတ်ဆက်ပြီး ရန်ပုံငွေများရှာဖွေကာ ဝယ်ယူပေးဖို့တောင်းဆိုခဲ့ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ ဥက္ကဋ္ဌဦးထွန်းလွင်က ပြောသည်။

ဩဂုတ် ၂၅ ရက်က နေပြည်တော်၌ ကျင်းပခဲ့သည့် တွေ့ဆုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူတို့အပါအဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ယင်းကဲ့သို့ဆုံးဖြတ်ခဲ့ကြောင်း ၎င်းက ပြောသည်။

"ပထမဆုံးအနေနဲ့ နှစ်နိုင်ငံအစိုးရချင်း အမြန်ဆုံးပြေလည်အောင် ညှိနှိုင်းပြီး ပြန်ဝယ်ပေးဖို့ ညှိနှိုင်းသွားမှာပါ။ နောက်ဒုတိယအစီအစဉ်အနေနဲ့ အခြေခံဈေးနှုန်းသတ်မှတ်ဝယ်ယူနိုင်ဖို့ သက်ဆိုင်ရာဘဏ်တွေကနေ လှည့်ပတ်ရန်ပုံငွေတွေ တောင်းခံပေးဖို့ တောင်းဆိုထားပါတယ်" ဟု၎င်းက ဆက်လက်ပြောသည်။

ထို့အပြင် လာမည့် စက်တင်ဘာလဆန်းတွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည့် အိန္ဒိယဝန်ကြီးချုပ်နာရိန္ဒြာမိုဒီကို ပြန်လည်ညှိနှိုင်းဝယ်ယူပေးဖို့ တောင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပြည်တွင်းကုန်စည်ဒိုင်ကြီးများဖြစ်သည့် ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်နှင့် ပခုက္ကူကုန်စည်ဒိုင်ကြီးများတွင် ပဲအရောင်းအဝယ်ယာယီရပ်ဆိုင်းလိုက်ကြောင်းဩဂုတ် ၂၃ ရက်က ကြေညာခဲ့ပြီး မန္တလေးကုန်စည်ဒိုင်နှင့် မုံရွာ ကုန်စည်ဒိုင်များတွင် အရောင်းအဝယ်ရပ်ဆိုင်းကြောင်း မထုတ်ပြန်သော်လည်း အရောင်းအဝယ်ရပ်တန့်နေကြောင်း မုံရွာကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးဇော်မိုးက ပြောသည်။

"ကျွန်တော်တို့ကတော့ မရပ်ဆိုင်းပါဘူး။ တောင်သူတွေက ရောင်းချင်တယ်ဆို ဝယ်ပေးနေဦးမှာပါ။ ကျွန်တော်တို့က အဓိကတောင်သူတွေအတွက် ဒုက္ခမရောက်စေချင်လို့ပါ။ ဈေးကတော့ အရင်တုန်းက ပိဿာ ၂၀ တစ်အိတ်ကို ငွေကျပ် ၂၈၀၀၀ လောက်ပေါက်တာ။ အခုတစ်အိတ်ကို ငွေကျပ် ၁၆၀၀၀ လောက်ပဲရှိတော့တယ်" ဟု ပြောသည်။

အိန္ဒိယ နိုင်ငံအနေနဲ့ ပြည်ပနိုင်ငံများမှ ပဲစင်းငုံတန်ချိန်နှစ်သိန်း၊ မတ်ပဲနှင့် ပဲတီစိမ်းတန်ချိန်သုံးသိန်းကိုသာ ဝယ်ယူရန် ကန့်သတ်လိုက်ခြင်းကြောင့် လက်ရှိတွင်ပြည်တွင်း ပဲအရောင်းအဝယ်ရပ်တန့်နေသလို လက်ရှိပြည်တွင်းတွင် ပဲစင်းငုံ တန်ချိန်တစ်သိန်းခန့်နှင့် မတ်ပဲတန်ချိန်သုံးသိန်းခန့် သောင်တင်နေကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

"ဒီနှစ်က မြန်မာနိုင်ငံမှာ ပဲအထွက်နှုန်းများသလို အိန္ဒိယမှာလည်း ပဲအထွက်နှုန်းကောင်းတော့သူတို့ ပြည်တွင်းဈေးတက်လာအောင် အခုလို ကန့်သတ်လိုက်တာပါ။ ကျွန်တော်တို့ဆီက အဓိကအိန္ဒိယဈေးကွက်ကို မှီခိုနေရတာက ကမ္ဘာမှာ အိန္ဒိယက ပဲအများဆုံးစားတာပါ။ တခြားနိုင်ငံတွေက သူ့လောက်မဝယ်ဘူး၊ ဝယ်လည်းနည်းနည်းပဲဝယ်ပါတယ်။ ဒီနှစ်တော့ ကျွန်တော်တို့ဆီက ပဲတွေကို ခွဲတမ်းနဲ့ ပြန်ဝယ်ပေးဖို့ တောင်းဆိုရမှာပေါ့။ နောက်နှစ်ကျရင်တော့ တောင်သူတွေ အနေနဲ့လည်း တခြားပဲတွေ ပြောင်းစိုက်ကြဖို့ လိုတယ်" ဟုပြောသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က အိန္ဒိယနိုင်ငံတွင် ရေလွှမ်းမိုးမှု ဖြစ်ပေါ်ခဲ့ပြီး ပဲအထွက်နှုန်း လျော့ကျခဲ့သည့်အပြင် ယင်းအချိန်က ဒေါ်လာဈေးများ မြင့်တက်ခဲ့သည့်အတွက် မြန်မာနိုင်ငံတွင် မတ်ပဲ တစ်တန်လျှင် ငွေကျပ် ၂၅ သိန်းဝန်းကျင်၊ ပဲစင်းငုံ တစ်တန်လျှင်ငွေကျပ် သိန်း ၂၀ ဝန်းကျင်အထိ ရရှိခဲ့ခြင်းကြောင့် အဆိုပါ ပဲအမျိုးအစားများကို တောင်သူများမှ တိုးမြှင့်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ အဓိက ဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံမှ ဝယ်ယူမှု ကန့်သတ်လိုက်ချိန်တွင် ပဲလက်ကျန် အများအပြားကျန်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

လတ်တလောတွင်မတ်ပဲ တစ်တန်ငွေကျပ် ရှစ်သိန်းဝန်းကျင်၊ ပဲစင်းငုံ တစ်တန်လျှင်ငွေကျပ် ငါးသိန်းဝန်းကျင် ဈေးနှုန်းဖြင့် ရပ်တန့်နေကြောင်း သိရသည်။

# တစ်ပတ်အတွင်း ဈေးကွက်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သည့် လယ်ယာထွက်ကုန်သီးနှံ ဈေးနှုန်းများ

**ဝတ်ရည်မွန်(AMIA)၊ ဓာတ်ပုံ-ဇေမိုး**

ဒီတစ်ပတ်ကတော့ ပဲလောကမှာ တော်တော်ကို ရှုပ်ထွေးခဲ့တဲ့ ရက်သတ္တပတ်လည်း ဖြစ်ပါတယ်။ ကုန်စည်ဒိုင်တွေက မတ်ပဲ၊ ပဲစင်းငုံနဲ့ ပဲတီစိမ်း အရောင်းအဝယ်ကို ရပ်ထားလိုက်ရတဲ့အထိ ဈေးကွက်အတွင်းမှာ ရှုပ်ထွေးခဲ့ပါတယ်။ မတ်ပဲနဲ့ ပဲစင်းငုံတို့ ဈေးကွက်အတွင်း အရောင်းအဝယ်မဖြစ်ခဲ့တဲ့အပြင်တခြား ကုလားပဲတို့ ထောပတ်ပဲတို့ကလည်း ဈေးကွက်အတွင်း ဈေးကျဆင်းတာတွေ ဖြစ်ခဲ့ပါတယ်။

**မတ်ပဲ** (FAQ/RC)

မတ်ပဲက အင်္ဂါနေ့ကနေစပြီး ဘုရင့်နောင်ကုန်စည်ဒိုင်နဲ့ မန္တလေးကုန်စည်ဒိုင်တို့မှာ အရောင်းအဝယ်တွေ ရပ်ထားခဲ့ပါတယ်။

အိန္ဒိယနိုင်ငံက မတ်ပဲကိုတန်ချိန် သုံးသိန်းသာ တင်သွင်းခွင့်ပြုတော့မယ့် အခြေအနေကြောင့် ဈေးကွက်အတွင်း ရှုပ်ထွေးမှုကို ဖြစ်ပေါ်စေခဲ့ပါတယ်။

မတ်ပဲက တစ်တန်ကိုငွေကျပ် ရှစ်သိန်းနဲ့ တနင်္လာနေ့က ဈေးစဖွင့်ခဲ့ပြီး ဈေးရပ်တန့်ခဲ့ပါတယ်။အိန္ဒိယနိုင်ငံမှာတော့ မြန်မာမတ်ပဲတွေက ၅ ရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းအထိ ဈေးပြန်လည် မြင့်တက်ခဲ့တယ်လို့ အိန္ဒိယအခြေပြု Business Standard မှာ ဖော်ပြထားပါတယ်။



အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံကိုသာ တင်သွင်းခွင့်ကန့်သတ်ခဲ့တာ မဟုတ်ဘဲ တခြားပြည်ပနိုင်ငံအချို့ကိုလည်း တင်သွင်းခွင့်ကန့်သတ်ခဲ့တာဖြစ်ပါတယ်။

**ပဲစင်းငုံ**

ပဲစင်းငုံကလည်း ဈေးကွက်အတွင်းမှာ ရပ်တန့်ခဲ့တဲ့ ကုန်စည်ပါ။ အိန္ဒိယက ဒီနှစ်မှာ ပဲစင်းငုံထွက်ရှိမှုက ပြီးခဲ့တဲ့နှစ်တွေထက် ၇၀ ရာခိုင်နှုန်းကျော် အထွက်တိုးခဲ့တဲ့အတွက် တင်သွင်းမှုကို ကန့်သတ်ခဲ့တာ ဖြစ်တယ်လို့လည်း အိန္ဒိယအစိုးရက ထုတ်ပြန်ထားပါတယ်။

အိန္ဒိယက ပဲစင်းငုံကို တန်ချိန် ၂ သိန်းသာ တင်သွင်းခွင့်ပြုခဲ့တာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံကို နှစ်စဉ်ပဲမျိုးစုံတင်သွင်းမှုက တန်ချိန်တစ်သန်းကျော်ရှိပြီး မတ်ပဲ၊ ပဲစင်းငုံနဲ့ ပဲတီစိမ်းတို့ကို အဓိကထား တင်ပို့နေခဲ့တာပါ။

မတ်ပဲ၊ ပဲစင်းငုံနဲ့ ပဲတီစိမ်းတို့က တောင်သူတွေဆီမှာ မရှိတော့ဘဲ ကုန်သည်တွေဆီမှာသာ ကျန်ရှိနေတဲ့အတွက်ကြောင့်လက်ရှိမှာ အစိုးရချင်းညှိနှိုင်းပေးဖို့ တောင်းဆိုမှုတွေလည်း လုပ်ထားပါတယ်။

**ပဲတီစိမ်း**

ပြီးခဲ့တဲ့ အပတ်က ပဲတီစိမ်းအသစ်တွေ ဝင်လာပြီးဈေးတက်လာခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးကွက်အတွင်း အရောင်းအဝယ်ရပ်ခဲ့ပါတယ်။

အိန္ဒိယက ပဲတီစိမ်းတင်သွင်းတာကို တန်ချိန်သုံးသိန်း ခွင့်ပြုခဲ့ပါတယ်။ ပြည်တွင်းမှာ နေ့စဉ် အိတ်ပေါင်း ၃၀၀ ကျော်ရောင်းချခဲ့ပေမယ့် တင်သွင်းမှုကန့်သတ်ခဲ့တဲ့အတွက် အဝယ်လည်းရပ်သွားခဲ့တာပဲဖြစ်ပါတယ်။

အိန္ဒိယက ပဲသုံးမျိုးကို တင်သွင်းခြင်းကန့်သတ်ခဲ့ပေမယ့် တခြားပဲအမျိုးအစားတွေကိုတော့ ကန့်သတ်ခဲ့ခြင်း မရှိခဲ့ပါဘူး။

**ထောပတ်ပဲလည်း ဈေးကျဆင်းခဲ့**

ပြည်တွင်းဝယ်လိုအားတွေကြောင့် သုံးလကျော်ဈေးတက်ခဲ့တဲ့ ထောပတ်ပဲက ဒီတစ်ပတ်မှာတော့ တဖြည်းဖြည်းဈေးကကျဆင်းသွားခဲ့ပါတယ်။

တစ်ပိဿာကိုငွေကျပ် ၁၇၄၀ အထိ ဈေးကျဆင်းခဲ့ပြီးတော့ တစ်ပိဿာကို ၁၀၀ ကျော်ကျော်ဈေးက ကျဆင်းသွားခဲ့ပါတယ်။

**ကြက်သွန်နီဈေးအနည်းငယ်တက်**

ကြက်သွန်နီက ပြီးခဲ့တဲ့အပတ်တွေက ဈေးတွေအလွန်မြင့်တက်လာခဲ့တဲ့ အတွက်



ကြောင့် ပြည်ပက တင်သွင်းပြီးဈေးကွက်အတွင်း ထိန်းချုပ်မှုများပြုလုပ်ခဲ့ပါတယ်။ ထိန်းချုပ်မှုတွေကြောင့် ဈေးကွက်အတွင်း ဈေးငြိမ်နေခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးကအနည်းငယ်ပြန်လည်မြင့်တက်ခဲ့ပါတယ်။

တစ်ပိဿာကို ငွေကျပ် ၁၇၅၀ အထိ ဈေးမြင့်တက်ခဲ့ပေမယ့် ပြီးခဲ့တဲ့အပတ်က တစ်ပိဿာကို ငွေကျပ် ၁၆၅၀အထိ ဈေးကကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ဒီတစ်ပတ်မှာတော့ တစ်ပိဿာကိုငွေကျပ် ၁၇၀၀ အထိ ဈေးကအနည်းငယ်ပြန်မြင့်တက်ခဲ့ပါတယ်။

**နှမ်းညိုဈေးကျ**

နှမ်းညိုကတော့ ဒီတစ်ပတ်မှာတော့ တစ်အိတ်ကိုငွေကျပ် ၆၀၀၀ ကျော်လောက်ဈေးကျဆင်းသွားခဲ့ပါတယ်။ လက်ရှိမှာ နှမ်းအသစ်တွေ ဝင်ရောက်လာပြီး သိုလှောင်နှမ်းတွေလည်း ရှိနေသေးတဲ့အတွက် ဈေးက ကျဆင်းသွားခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ အပတ်က တစ်အိတ်ကို ငွေကျပ် ၃၀၀၀ လောက်ဈေးတက်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်အိတ်ကိုငွေကျပ် ၆၀၀၀ လောက်ဈေးက ကျဆင်းသွားခဲ့ပါတယ်။ ဒီတစ်ပတ်ပေါက်ဈေးကတော့ငွေကျပ် ၈၅၀၀၀ ကနေငွေကျပ် ၈၇၀၀၀ ပေါက်ဈေးရှိပါတယ်။

## လှိုင်ကော်မြို့နယ်၌ နွေစပါးစံကွက် ရိတ်သိမ်းပွဲကျင်းပ

**လှိုင်ကော် ဩဂုတ် ၂၇**

ကယားပြည်နယ် လှိုင်ကော်ခရိုင် လှိုင်ကော်မြို့နယ် ဒေါ်ပေါ်ကလဲကျေးရွာအုပ်စု တောင်သူဦးလင်းအောင်သက်၏လယ်မြေ၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ဩဂုတ် ၂၄ ရက်က ကျင်းပခဲ့ရာလှိုင်ကော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်၊ မြို့နယ်ဦးစီးမှူးဦးသန့်ဇင်ကျော်နှင့် တာဝန်ရှိသူများ ကြီးမှူးဆောင်ရွက်ခဲ့ကြသည်။

တောင်သူဦးလင်းအောင်သက်၏ လယ်မြေ၌ စပါးအစွမ်းရှိစိုက်ပျိုးနည်း(SRI )စနစ်ဖြင့် တရုတ်မွှေးစပါးမျိုး ၁၂ ဧကစိုက်ပျိုးထားရှိပြီး အဆိုပါ စိုက်ခင်းတွင်ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းခဲ့ရာတစ်ဧကတွင် အစိုတင်း ၁၄၈ တင်းထွက်ရှိခဲ့သည်။ ယခင်နှစ် နွေစပါးကိုတိုက်ရိုက်အစေ့ချကိရိယာ (Seeder ) ဖြင့်စိုက်ပျိုးခဲ့ရာ တစ်ဧကလျှင်တင်း ၇၀ သာထွက်ရှိခဲ့ပြီးယခုနှစ် စိုက်ပျိုးသော (SRI ) စနစ်ကအထွက်နှုန်းပိုမိုရရှိခြင်း၊ ကုန်ကျစရိတ် ပိုမိုသက်သာခြင်း၊ ပင်ပွားများများထွက်ခြင်း၊ အနှံပါအောင်စေ့များ၍ အဖျင်းနည်းခြင်း၊ ဝင်ငွေပိုမိုရရှိခြင်းတို့ကြောင့် တောင်သူများအတွက်အကျိုးရှိသော စိုက်နည်းစနစ်ဖြစ်၍ (SRI ) စိုက်နည်းစနစ်ကိုတောင်သူများပြောင်းလဲစိုက်ပျိုးသင့်ကြောင်း ဦးလင်းအောင်သက်က ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါပွဲသို့ လှိုင်ကော်မြို့နယ်အတွင်းရှိ ဒေါ်ပေါ်ကလဲ၊ ဘုရားဖြူ၊ နီးကိုး၊ မှန်ပြာကျေးရွာအုပ်စုများမှ တောင်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**ဒွေးမယ်နော် (၉၄ စိုက်ပျိုးရေး)**

# စပါးခင်းများအတွက် အကျိုးပြုနေသည့် မိတ်ဆွေပိုးမွှားများအကြောင်း တစေ့တစောင်း

ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မေမိုးသဲ

ယခုအခါ တောင်သူဦးကြီးအများစုသည် စိုက်ခင်းများအတွင်း ပိုးမွှားကျရောက်သည်ဆိုသည်နှင့် ဓာတုပိုးသတ်ဆေးများကိုသာ အဓိကအားထားပြီး အသုံးပြုနေကြသည်ကို တွေ့မြင်နေရသည်။ အချို့မှာ ဆေးကို လိုအပ်သည်ထက် ပို၍သုံးနေကြသည်။ တောင်သူဦးကြီးများအနေဖြင့် စိုက်ခင်းများထဲ၌ ပိုးမွှားများကျရောက်သည့်အခါ ဓာတုပိုးသတ်ဆေးသုံးစွဲရာတွင် ကောင်းကျိုးရှိသလို ဆိုးကျိုးများလည်းရှိနိုင်ကြောင်း စိုက်ပျိုးရေးပညာရှင်များက သုံးသပ်ပြောကြားမှုများ ရှိသည်။ ဆေးသုံးခြင်း၏ အဓိကဆိုးကျိုးမှာ မိမိတို့စိုက်ခင်းအတွက် အကျိုးပြုနေသည့် မိတ်ဆွေပိုးမွှားများကို သေဆုံးခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မိမိတို့စိုက်ခင်းအတွင်းရှိ တောင်သူအကျိုးပြု မိတ်ဆွေပိုးများအကြောင်းနှင့် မိတ်ဆွေပိုးများကာကွယ်ထိန်းသိမ်းရန်နည်းလမ်းများကို တင်ပြပါမည်။



သီးနှံဖျက်ပိုးများကို စားသောက်ဖျက်ဆီးနိုင်သော အင်းဆက်ဖျက်ပိုးတို့၏ သဘာဝရန်သူများကို တောင်သူအကျိုးပြု မိတ်ဆွေပိုးများဟု ခေါ်သည်။ တောင်သူအကျိုးပြု မိတ်ဆွေပိုးများကို

(၁) သားရဲကောင်များ

(၂) အင်းဆက်ကပ်ပါးနှင့်

(၃) ပင့်ကူများ ဟူ၍ အုပ်စု(၃)စု ခွဲခြားနိုင်သည်။

**သားရဲကောင်များ**

သားရဲကောင်အများစုသည် ယင်းတို့အကောင်ငယ်စဉ်ဘဝတွင်သာမက အကောင်ကြီးအဆင့်တွင်လည်း သီးနှံဖျက်ပိုးများကို စားသောက်လေ့ရှိကြောင်း သိရသည်။ သားရဲကောင်များမှာ ပုစဉ်းကြီး၊ ပုစဉ်းလေး၊ လိပ်ခုံးကျိုင်း၊ ဂီတာကျိုင်း၊ အတောင်တိုကျိုင်း၊ မြေနေသားရဲကျိုင်းများ၊ ပျစားယင်၊ တက်ကနစ်ယင်၊ သားရဲကြမ်းပိုးများ၊ ဇာတောင်ပိုးများနှင့် ငှက်တို့ဖြစ်ကြသည်။

**လိပ်ခုံးကျိုင်း**



လိပ်ခုံးကျိုင်းမိတ်ဆွေပိုးသည် ဥအဆင့်မှ ရုပ်ဖုံးအဆင့်၊ ပိုးမည်အဆင့်၊ အရွယ်ရောက်ကောင် အဆင့်အထိဖြစ်သည်။ လိပ်ခုံးကျိုင်းမှာ စိုက်ခင်းအတွင်းရှိ သီးနှံဖျက်ပိုးများဖြစ်သော မီလီကြမ်းပိုးများနှင့် ပျပိုးများကို အဓိကစားသောက်ဖျက်ဆီးပေးကြောင်း သိရသည်။

**ဇာတောင်ပိုး**

ဇာတောင်ပိုးသည် ရုပ်ဖုံးအဆင့်မှ ပိုးမမည်အဆင့်၊ အကောင်ကြီးအဆင့်ဖြစ်သည်။ ၎င်းမှာ အစိမ်းရောင်ဇာတောင်ပိုးနှင့် အညို



အစိမ်းရောင် ဇာတောင်ပိုး

ရောင်ဇာတောင်ပိုးဟူ၍ရှိကြောင်း သိရသည်။ ဇာတောင်ပိုးသည်လည်း တောင်သူဦးကြီးများ၏ စိုက်ခင်းအတွင်းရှိ အင်းဆက်ဖျက်ပိုးအများစုကို အဓိကစားသုံးကြောင်း သိရသည်။

**ပျစားယင်**

ပျစားယင်မှာ အကောင်းကြီးမဖြစ်ခင် သားလောင်းဘဝမှာပင် သီးနှံစိုက်ခင်းများအတွင်းရှိ ပျပိုးများကို ဖမ်းယူစားသောက်ကြောင်း သိရသည်။ ထို့နောက် သားရဲကြမ်းပိုးများသည်လည်း အင်းဆက်ဖျက်ပိုးများကို



ပျစားယင်ကောင်

ဖမ်းယူစားသုံးသော တောင်သူအကျိုးပြု မိတ်ဆွေပိုးများဖြစ်ကြောင်း သိရသည်။

**အင်းဆက်ကပ်ပါးများ**

အင်းဆက်ကပ်ပါးဆိုသည်မှာ သီးနှံဖျက်ပိုး၏ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်စားသောက်ပြီး သီးနှံဖျက်ပိုးကို သေစေနိုင်သော အင်းဆက်ပိုးဖြစ်ကြောင်း၊ အင်းဆက်ကပ်ပါးများမှာ ကပ်ပါးနကျယ်နှင့် ကပ်ပါးယင်တို့ဖြစ်ကြကြောင်း သိရသည်။

အင်းဆက်ကပ်ပါးများတွင်-

ဥကပ်ပါးနကျယ်၊

သားလောင်းကပ်ပါးနကျယ်၊

ရုပ်ဖုံးကပ်ပါးနကျယ်၊

အရွယ်ရောက်ကောင်ကပ်ပါးနကျယ်ဟူ၍ ရှိကြ



ကပ်ပါးယင် ဥချရန် ပြင်ဆင်နေစဉ်

ကြောင်း သိရသည်။

**ပင့်ကူများ**

ပင့်ကူများသည် အင်းဆက်သားရဲကောင်များကဲ့သို့ပင် ယင်းတို့၏ သားကောင်ဖြစ်သော သီးနှံဖြုတ်ပိုးများကို ရှာဖွေဖမ်းယူစားသောက်ကြသည်။ ဝုဖ်ပင့်ကူများ (Wolf Spider) သည် စပါးပင်ခြေတွင် နေထိုင်ကာ အင်းဆက်ဖျက်ပိုး အမျိုးမျိုးအား ရှာဖွေစားသောက်နှိမ်နင်းပေးသည်။

အဓိကအားဖြင့်စပါးဆစ်ပိုးများ၊ ဖြုတ်ညို၊ ဖြုတ်စိမ်းများအား စားသောက်နှိမ်နင်းပေးသည်။ အကျိုးပြုအင်းဆက်ပိုးများသည် သီးနှံဖြစ်ထွန်းမှုတွင် တစ်တပ်တစ်အားမှ ပါဝင်နေပြီး တောင်သူများအနေဖြင့် ထိန်းသိမ်းထားသင့်ကြောင်း သိရသည်။



ဝုဖ်ပင့်ကူ

**အကျိုးပြုအင်းဆက်ပိုးများ ထိန်းသိမ်းရန်နည်းလမ်းများမှာ-**

**၁။ အစားအစာ၊ နေရာ ထောက်ပံ့ပေးခြင်း**

ပန်းပွင့်ငယ်များပွင့်သော အပင်များ၊ ပန်းပွင့်သော ပေါင်းပင်များကို စိုက်ပျိုးခြင်းများပြုလုပ်ပေးရသည်။ မုန်လာဥ မျိုးရင်းဝင်အပင်များ၊ မေမြို့မျိုးရင်းဝင်အပင်များ၊ သုံးရွက်ဆိုင် ပဲရိုင်းပင်များကို စိုက်ပျိုးပေးရမည်။

ယင်းအပင်များစိုက်ပျိုးခြင်းဖြင့် အကောင်ကြီးအဆင့်တွင် စားသုံးရန်လိုအပ်သော ဝတ်မှုန်နှင့် ဝတ်ရည်များကို ထောက်ပံ့ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သိရသည်။

**၂။ သီးနှံမျိုးစုံကို စိုက်ခင်းများတွင် စိုက်ပျိုးခြင်း**

ထို့နောက် စိုက်ခင်းများကို သီးနှံမျိုးစုံစိုက်ပျိုးခြင်းဖြင့်လည်း မိတ်ဆွေပိုးများကို ကာကွယ်ထိန်းသိမ်းနိုင်ပြီး သီးနှံဖျက်ပိုးများ ကျရောက်ခြင်းကို လျော့နည်းစေနိုင်ကြောင်း သိရသည်။

ထိုသို့ သီးနှံမျိုးစုံစိုက်ပျိုးခြင်းဖြင့် အကျိုးပြုအင်းဆက်ပိုးများအတွက် အခြားသော လက်ခံကောင် / သားကောင်များ (alternative hosts or prey) နှင့် ခိုလှုံရန်နေရာများ (natural habitats)ကို ထောက်ပံ့ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိစေနိုင်ကြောင်း သိရသည်။

**၃။ ပိုးသတ်ဆေးအန္တရာယ်မှကာကွယ်ပေးခြင်း**

မိတ်ဆွေပိုးများကို ပိုးသတ်ဆေးများ ရွေးချယ်သုံးစွဲခြင်းဖြင့်လည်း ကာကွယ်နိုင်ကြောင်း သိရသည်။ သီးနှံများတွင် ကျရောက်သော ဖျက်ပိုးများကို ရွေးချယ်သတ်နိုင်သော ပိုးသတ်ဆေးများကို သုံးစွဲခြင်း၊ အကျိုးပြုအင်းဆက်ပိုးများကို ထိရောက်မှုအနည်းဆုံး ပိုးသတ်ဆေးများကို သုံးစွဲခြင်း၊ ပန်းပွင့်ချိန်တွင် ဆေးဖျန်းခြင်းကို ရှောင်ရှားခြင်း၊ ကပ်လျက် စိုက်ခင်းများကို ဆေးမှုန်များမလွင့်အောင် ဂရုစိုက်၍ဆေးဖျန်းခြင်း၊ အင်းဆက် ဖျက်ပိုးများအားလုံးကို နှိမ်နင်းခြင်းမပြုဘဲ စိုက်ခင်းထဲတွင် အနည်းငယ်ရှိစေခြင်း စသည်ဖြင့် မိတ်ဆွေပိုးများကို ကာကွယ်နိုင်ကြောင်း သိရသည်။

"စိုက်ခင်းထဲမှာပိုးမွှားတွေ ကျရောက်ရင် ဓာတုပိုးသတ်ဆေးတွေ သုံးတဲ့အခါ ဆိုးကျိုးကပိုများပါတယ်။ ဘာကြောင့်လဲဆိုရင် ဓာတုပိုးသတ်ဆေးတွေရဲ့ဒဏ်ကို ဖျက်ပိုးတွေထက် မိတ်ဆွေပိုးတွေက ပိုပြီးခံနိုင်ရည် မရှိပါဘူး။ အဲဒီအခါမှာ စိုက်ခင်းထဲက မိတ်ဆွေပိုးတွေ သေကုန်ပါတယ်။ စိုက်ခင်းထဲမှာ သဘာဝအတိုင်း ဖျက်ပိုးရှိသလို အဲဒီဖျက်ပိုးတွေကို စားတဲ့ တောင်သူတွေရဲ့ မိတ်ဆွေပိုးတွေလည်း ရှိပါတယ်။ ဓာတုပိုးသတ်ဆေးတွေကို အသုံးပြုလိုက်တဲ့အခါမှာ ဖျက်ပိုးတွေနဲ့အတူ မိတ်ဆွေပိုးတွေလည်း သေကုန်ပါတယ်။ မိတ်ဆွေပိုးတွေ သေကုန်တဲ့အတွက် သဘာဝမျှခြေပျက်သွားပါတယ်။ ဖျက်ပိုးတွေ တစ်ခါပြန်ပြီး များလာ



ကပ်ပါးနကျယ်သားလောင်းများ ရုပ်ဖုံးပြုရန် ထွက်လာစဉ်

တဲ့အခါမှာ သူတို့ကို ထိန်းချုပ်မယ့် မိတ်ဆွေပိုးတွေမရှိတော့တဲ့အတွက် အဆမတန်ပွားများလာတာမျိုးတွေ ဖြစ်လာပါတယ်။ ဓာတုပိုးသတ်ဆေးတွေကို စနစ်တကျအသုံးမပြုရင် သီးနှံတွေမှာ ဓာတ်ကြွင်းအာနိသင်တွေ အများကြီးကျန်ပြီး လူတွေအတွက် အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ ဖျက်ပိုးတွေက ပိုးသတ်ဆေး ယဉ်ပါးတဲ့ ပြဿနာတွေလည်း ဖြစ်လာနိုင်ပါတယ်" ဟု ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ စိုက်ပျိုးရေးပညာရှင်တစ်ဦးက ပြောသည်။

**မိတ်ဆွေပိုးများ၏ ဖျက်ပိုးနှိမ်နင်းနိုင်မှုစွမ်းရည်ပြဇယား**

| မိတ်ဆွေပိုး | တစ်ရက်အတွင်းနှိမ်နင်းနိုင်မှုနှုန်း | သက်တမ်းတစ်လျှောက်နှိမ်နင်းနိုင်မှုနှုန်း |
|---|---|---|
| သားရဲမွှားပင့်ကူ | မွှားပင့်ကူ (၅) ကောင် | မွှားပင့်ကူ (၃၀ - ၃၅) ကောင် |
| သားရဲကြမ်းပိုး | မွှားပင့်ကူ (၃၀) ကောင် | မွှားပင့်ကူ (၂၀၀) ကောင် |
| လိပ်ခုံးကျိုင်း | ပျ (၁၀ - ၅၀) ကောင် | ပျ (၄၀၀) ကောင် |
| ဇာတောင်ပိုး | ပျ (၃၀ -၅၀) ကောင် | ပျ (၂၀၀- ၅၀၀)ကောင် |
| ပျစားယင် | ပျ(၁၀- ၄၀) ကောင် | ပျ( ၁၅၀- ၁၆၀) ကောင် |
| ကပ်ပါးနကျယ် | | ပျ (၂၀၀- ၁၀၀၀) ကောင် |

# ဈေးကွက်ဝင်အဆင့်မြင့်ရော်ဘာထုတ်လုပ်ရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**သံဖြူဇရပ် ဩဂုတ် ၂၇**

မွန်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကိုအဓိက အထောက်အကူပြုသည့် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးတွင် နိုင်ငံတကာဈေးကွက်မှ လက်ခံဝယ်ယူနိုင်မည့် အဆင့်မြင့် ရော်ဘာပြားထုတ်လုပ်ရေးအတွက် မွန်ပြည်နယ် ကရင်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးနှင့် ပြည်နယ်တာဝန်ရှိသူများမှ ရော်ဘာ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကိုဩဂုတ် ၂၄ ရက်က သံဖြူဇရပ်မြို့နယ် ဝဲခမိကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။ တွေ့ဆုံပွဲတွင် ဝန်ကြီးက ကမ္ဘာ့ရော်ဘာဈေးကွက်တွင် အဆင့်မြင့်ရော်ဘာအရည်အသွေးကိုသာ ဝယ်ယူပြီး မိမိဒေသရှိတောင်သူများထုတ်လုပ်နေသည့် ရော်ဘာအရည်အသွေးမှာ ဈေးကွက်မှ လိုအပ်သည့်အဆင့်ကို ထုတ်လုပ်သူနည်းပါးခြင်းကြောင့် ရော်ဘာ ဈေးနှုန်းကျဆင်းပြီးတောင်သူများနစ်နာမှုများစွာရှိခဲ့ကြောင်း၊ နိုင်ငံခြားဈေးကွက်သို့ မြန်မာ့ရော်ဘာတင်ပို့ရောင်းချရာတွင်လည်း အခက်အခဲများဖြစ်ပေါ်ခြင်းကြောင့် ရော်ဘာစိုက်ပျိုး ထုတ်လုပ်မှုကို လုပ်ကိုင်ကြသည့်တောင်သူများက အဆင့်မြင့်ရော်ဘာ ပြားထုတ်လုပ်ကြရေးနှင့် လိုအပ်သည့် ပံ့ပိုးမှုများပေးရေးအတွက် ဆွေးနွေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် မြို့နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့မှ ကဏ္ဍအလိုက်ပါဝင်ဆွေးနွေးပြီး ရော်ဘာတောင်သူများ၏ မေးမြန်းချက်များကို ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

**ကျော်ဝင်း(ပြန်/ဆက်)**



# ပုစွန်အကောင်သေး အများအပြားဝယ်ယူရန် ပြည်ပနိုင်ငံအချို့ကမ်းလှမ်း



**ကော့သောင်း ဩဂုတ် ၂၇**
မျှင်ငါးပိကုန်ကြမ်းဖြစ်သည့် ပုစွန်အကောင်သေးအများအပြားကို ဝယ်ယူရန် ထိုင်းနိုင်ငံ၊ လာအို၊ တရုတ်၊ ကိုရီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ အပါအဝင် ပြည်ပနိုင်ငံအချို့မှ ကမ်းလှမ်းလာကြောင်းနှင့် ကော့သောင်းမြို့ရှိ ရေထွက်ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနမှ ခွင့်ပြုပါက တင်ပို့ရောင်းချနိုင်ရေး အဆိုပါနိုင်ငံများနှင့် ဆက်လက်ဆွေးနွေးမည်ဟုလည်း သိရသည်။

"ပြည်ပလုပ်ငန်းရှင်တွေက ရောင်းချပေးဖို့ စိတ်ဝင်တစား မေးတာတော့ကြာပါပြီ။ အခုက သူတို့နိုင်ငံရဲ့ ကုန်ကြမ်းရှားပါးလာမှုကြောင့်ပဲ အတည်ဝယ်ယူဖို့ ကမ်းလှမ်းလာတာပါ။ အခုကာလမှာ ကုန်ကြမ်းကို လုဝယ်ဖို့လုပ်နေတော့ ဈေးကြီးလာတဲ့အပြင် ကုန်ကြမ်းပြတ်မှာ စိုးရိမ်ရတယ်။ ဒါကြောင့်ရေထွက်ပို့ကုန်တွေ နယ်စပ်ကုန်သွယ်ဂိတ်ကနေ များများစားစား တင်ပို့နိုင်ဖို့ လုပ်ရမယ်။ တစ်ဖတ်မှာလည်း ပြည်တွင်းမှာ ကုန်ကြမ်းမရှားအောင် လုပ်ရမယ်။ အကောင်သေးလေးတွေကို သတ်မှတ်ချက်အတိုင်းပဲ ဖမ်းဆီးခွင့်ပြုထားတော့ သူတို့လိုသလောက် ရောင်းပေးနိုင်ဖို့ ချင့်ချိန်ရမယ်"ဟု ရေလုပ်ငန်းရှင် ဦးရန်ပိုင်စိုးက ပြောသည်။

အဆိုပါ နိုင်ငံများအနေဖြင့် ပုစွန်အကောင်သေးများအပြင် ကော့သောင်းဒေသထွက် ကျောက်ပုစွန်၊ ခရု၊ မျှော့၊ ကဏန်းများနှင့် တိုင်းရင်းသား ငါးမျိုးစိတ်၊ ငါးပုပ်ငါး၊ ပင်လယ်မျှော့၊ တီလားပီးယားငါးတို့ကိုလည်း ဝယ်ယူရန် စိတ်ဝင်စားမှုရှိနေကြောင်း သိရသည်။

လက်ရှိအချိန်သည် ငါးပိ၊ ငါးခြောက်များစွာ ထွက်လေ့ရှိသောရာသီဖြစ်သော်လည်း ပင်လယ်ငါးပိ(ခ) မျှင် ငါးပိများ ထုတ်လုပ်သည့် ကုန်ကြမ်းဖြစ်သော ပုစွန်(မျှင်)အကောင်လေးများ ဖမ်းဆီးရရှိမှု လျော့နည်းလာသည်ဟု သိရသည်။

လှိုင်းလေကြမ်းလို့ မျှင်အထိအမိ နည်းတာရယ်၊ မျှင်အကောင်လေးတွေကို ကဏန်းမွေးမြူသူတွေက အစာထုတ်လုပ်ဖို့ ဝယ်ယူနေတာရယ်၊ တိရစ္ဆာန်အစာအတွက် ငါးပေါင်းမှုန့်သမားတွေကပါ ဝင်ဝယ်နေတာရယ်၊ အခု ပြည်ပကပါ အပြိုင်ဝယ်ချင်နေတော့ မျှင်ငါးပိထုတ်လုပ်ရောင်းချသူတွေ အတွက်တော့ သတင်း ကောင်းပါပဲ"ဟု မျှင်၊ ငါးပိရောင်းချသူများအစုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိ ပြည်တွင်းဈေးကွက်တွင် ရိုးရိုးမျှင်ငါးပိဈေးနှုန်းသည် တစ်ပိဿာလျှင် ၁၄၀၀ ကျပ်ခန့် ဈေးရှိကာ အရသာပိုကောင်းသည့် စိမ်းစားငါးပိဟုခေါ်သော မြိတ်ဒေသထွက် မျှင်ငါးပိသည် တစ်ပိဿာလျှင် ၂၈၀၀ ကျပ်ဈေးနှုန်းခန့် ရှိနေသည်။**ဇာလင်းသူ၊ ဓာတ်ပုံ-** AMIA

# သုံးခွနှင့် ခရမ်းမြို့နယ်များတွင် မိုးစပါးစိုက်ပျိုးမှု အောင်မြင်

**သုံးခွ ဩဂုတ် ၂၇**
ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ်တို့အတွင်း မိုးရာသီကာလ ရေနုတ်အားကောင်းသဖြင့် ရေကြီးရေလျှံမှုမဖြစ်ဘဲ မိုးစပါးစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

သုံးခွမြို့နယ် သဲကုန်းတူးမြောင်းကျေးရွာ၌ နေထိုင်သော ဦးမြင့်မောင်က "ဒီနှစ် မိုးစပါး စိုက်ပျိုးရတာ ရေကြီး ရေလျှံမှုမဖြစ်ပေါ်ခဲ့တော့ စပါးစိုက်ပျိုးရာမှာ အလွန်ကို အဆင်ပြေပါတယ်။ ပြီးခဲ့တဲ့နှစ်တွေတုန်းကဆိုရင် ရေကြီးမှု တော်တော်များများ ကြုံတွေ့ခဲ့ကြရလို့ တောင်သူများရဲ့လယ်ကေများစွာ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ဒီနှစ်မှာ တူးမြောင်းဖောက်ချောင်းကြီး ရှိသွားပြီဆိုတော့ ရေကြီးရေလျှံမဖြစ်တော့ဘဲ ကွင်းအတွင်းရွာသမျှ မိုးရေကို တူးမြောင်းက ဆွဲယူသွားပြီး စပါးစိုက်ခင်းများလည်း ထိခိုက်မှု မရှိတော့ဘဲ မိုးစပါးစိုက်ပျိုးရာမှာ အောင်မြင်နေပါပြီ။ တူးမြောင်းဖောက်ချောင်းဟာ ကျွန်တော်တို့ချောင်းတစ်လျှောက် ကျေးရွာအုပ်စု ခုနစ်စုက ကွင်းရေများအပြင် အထက်ဘက် ကတုံးပေါ်ကွင်းအတွင်းက ကွင်းရေများကိုပါ လက်ခံထုတ်နုတ် ပေးနေတာကိုလည်း တွေ့ရတယ်။ ကျွန်တော့်မှာ မိုးစပါးစိုက်ဧက ၂၀ ရှိတော့ တစ်ဧကကို အနည်းဆုံး တင်း ၆၀ ခန့် ထွက်မယ်လို့ မျှော်မှန်းထားပါတယ်"ဟု ပြောသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးသည့်ကာလဖြစ်သော ဝါဆိုလတွင်လည်း မိုးဦး၌ ကွင်းရေနုတ်နိုင်သဖြင့် မိုးစပါးစိုက်ပျိုးရာတွင် အဆင်ပြေချောမွေ့ခဲ့ကြောင်း၊ ကတုံးပေါ်ကွင်း၊ ဘုံလုံကွင်း၊ ကြာကန်ကွင်းများသည် တစ်ဆက်တစ်စပ်တည်းရှိသော ရေကြီးကွင်း၊ ရေနက်ကွင်းများဖြစ်ကြောင်း၊ ယင်းကွင်းများ၏ အဓိကရေနုတ်ပေးသည့် ကတုံးပေါ်ချောင်းမှာ ယခင်က တိမ်ကောနေသဖြင့် မိုးစပါးကို နှစ်ကြိမ်၊ သုံးကြိမ် ပြန်လည် စိုက်ပျိုးရသည်များရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ဆည်မြောင်းက ကတုံးပေါ်ချောင်းကိုရော ခရမ်းချောင်းကိုပါ ပြန်တူးဖော်ပေးလိုက်သည့်အတွက် ရေနုတ်အားကောင်းမွန်ပြီး စပါးများ ဖြစ်ထွန်းအောင်မြင်နေကြောင်း၊ နောက်သီးနှံဖြစ်သည့် ပဲစိုက်ပျိုးနိုင်ရေးအတွက်လည်း အချိန်တိတိကျကျ ရရှိလာပြီး စိုက်ပျိုးရာသီမှန်လာမည်ဖြစ်သဖြင့် တောင်သူများ အတွက်များစွာအကျိုးရှိကြောင်း ကတုံးပေါ်ကျေးရွာအုပ်စုမှ တောင်သူများက ပြောကြားကြသည်။

ကတုံးပေါ်အထက်ကျေးရွာနေ တောင်သူဦးဟန်စိန်ကလည်း "အခု ရေစီးရေလာလည်းကောင်းတယ်၊ ရေဆွဲအားလည်း နှစ်တိုင်းထက်ကောင်းတယ်၊ ဆည်မြောင်းက သုံးခွမြို့နယ်အတွင်း ကတုံးပေါ်ချောင်းနဲ့ မရမ်းချောင်း တူးမြောင်းဖောက်ချောင်းတွေကို တစ်ဆက်တည်းတူးဖော်ပေးလိုက်တဲ့ အကျိုးကျေးဇူးတွေကို လက်ရှိစတင်ခံစားနေရပါပြီ"ဟု ပြောသည်။

ခရမ်းမြို့နယ်တွင်လည်း ခရမ်းချောင်းမကြီးကို ပြန်တူးပေးခဲ့သဖြင့် ယခင်က ရေနစ်မြုပ်လေ့ရှိသော ကြာကန်ကွင်းမှာ ယခုနှစ်တွင် ရေမြုပ်ခြင်းမရှိတော့ဘဲ နှစ်စဉ် စပါးပင်မမြင်ရသည့် ကွင်းများမှာ မိုးစပါးပင်များ အောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့နေရပြီဖြစ်သလို တောင်သူများမှာ စပါးစိုက်ခင်းပတ်လည်တွင် ငါးကြင်း၊ ဒိုင်းငါး အစရှိသည့် ငါးများကို မွေးမြူ၍ မွေးမြူရေးလုပ်ငန်းများပါ တွဲဖက်လုပ်ကိုင်ကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ယခုနှစ် မိုးရာသီမတိုင်မီကာလအတွင်းက သုံးခွမြို့နယ်တွင် စုစုပေါင်း အလျား ၅၈ မိုင်ကျော်ရှိသော ရေနုတ်မြောင်း ၁၃ မြောင်းကိုလည်းကောင်း၊ ခရမ်းမြို့နယ်အတွင်း စုစုပေါင်း အလျား ၃၄ မိုင်ကျော်အရှည်ရှိသော ရေနုတ်မြောင်း ကိုးမြောင်းကိုလည်းကောင်း မိုးရာသီရေကြီးနစ်မြုပ်မှု ကြိုတင်ကာကွယ်ရေးအတွက် ပြန်လည်တူးဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# နှမ်းစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်မှုစီမံကိန်းမှ နှမ်းနက်တန်ချိန် ၆၀၀ ကျော် တင်ပို့နိုင်ရန် ခန့်မှန်းထား

**မကွေး ဩဂုတ် ၂၇**
မကွေးတိုင်းဒေသကြီးအတွင်းရှိ မင်းဘူး၊ မင်းလှ၊ နတ်မောက်နှင့် မကွေးမြို့နယ်များအတွင်းဆောင်ရွက်နေသည့် အရည်အသွေးကောင်းမွန်သည့် နှမ်းစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်မှုဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော်ခြင်း စီမံကိန်းမှ အရည်အသွေးကောင်းနှမ်း တန်ချိန် ၆၀၀ တင်ပို့နိုင်မည်ဟု ခန့်မှန်းထားကြောင်း ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့(Network Activities Group)မှ သိရသည်။

ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့(NAG)သည် စီမံကိန်း၏လုပ်ငန်းစဉ်များထဲမှ မကွေးတိုင်းဒေသကြီး အတွင်းတွင် ဘေးကင်းလုံခြုံပြီး အရည်အသွေးကောင်းမွန်သည့် နှမ်းစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်မှု အကောင်အထည်ဖော်ခြင်းဆိုင်ရာစီမံချက်ကို ဆောင်ရွက်လျက်ရှိရာ ပထမ ပြေမိုးနှင့် စိုက်ပျိုးခဲ့သောနှမ်းများမှ ယခုအချိန်အထိ ကျေးရွာသုံးရွာမှ တောင်သူ ၂၈ ဦးက နှမ်းနက် ၃၁၈ တင်းကို လာရောက်ရောင်းချပြီး ဖြစ်ကြောင်း သိရသည်။ အခြားကျန်ရှိသော ကျေးရွာများမှလည်း ရိတ်သိမ်းပြီးနောက် သတ်မှတ်ထားသည့်ရက်များတွင် လာရောက်ရောင်းချကြဦးမည်ဖြစ်ရာ စက်တင်ဘာလကုန်အထိ နှမ်းနက်တင်းပေါင်း နှစ်သောင်းကျော်(တန်ချိန် ၆၀၀ ခန့်)ကို တင်ပို့ရောင်းချသွားနိုင်မည်ဟု ခန့်မှန်းထားသည်ဟု ဆိုသည်။

ယခုအချိန်အခါတွင် မကွေးတိုင်းဒေသကြီး မင်းဘူး၊ မင်းလှ၊ နတ်မောက်နှင့် မကွေး မြို့နယ်များရှိ NAG ၏ စီမံကိန်းဝင်ကျေးရွာများမှ အရည်အသွေးကောင်းနှမ်းများကို တကွင်းတစပ် ကျယ်ပြန့်စွာ စိုက်ပျိုးထားသော စိုက်ကွက်များရှိ နှမ်းများကို စတင်ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

စီမံကိန်းဆောင်ရွက်ခြင်းအားဖြင့် တောင်သူများမှ နှမ်းပုံသည့်ရက်များကို လျှော့ချလာနိုင်ခြင်း၊ နှမ်းများကို တိုက်ရိုက်စည်းထောင်သည့်စနစ်များ ကျင့်သုံးဆောင်ရွက်လာနိုင်ခြင်းတို့ကြောင့် နှမ်းတွင် FFA ပါဝင်မှုများမှာ ၂ ရာခိုင်နှုန်းအောက်သာရှိကာ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ စီမံကိန်းဝန်ထမ်းများနှင့် ကျေးရွာများမှ တောင်သူဖွံ့ဖြိုးရေး ကော်မတီဝင်များကလည်း တောင်သူတစ်ဦးချင်း၏ စိုက်ပျိုးထွက်ရှိလာသောနှမ်းများကို အက်စစ်ဓာတ်ပါဝင်မှုတိုင်းတာခြင်း (Acid Value Check)လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ကုန်ပစ္စည်း၏ Traceability System ကို ပြန်စစ်ဆေးနိုင်ရန် အိတ်ခွံများအပေါ်တွင် Coding ပြုလုပ်သတ်မှတ်ခြင်းတို့ကိုလည်း တစ်ပါတည်း ဆောင်ရွက်လျက်ရှိကာ သီးနှံအရည်အသွေးကို ထိခိုက်မှုမရှိစေရန်အတွက် Exporter မှ ပံ့ပိုးပေးထားသည့် တိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့(RFDA)တံဆိပ်ပါ အိတ်အသစ်များကိုသာ အသုံးပြုလျက်ရှိကြောင်း သိရသည်။

ဓာတုဓာတ်ကြွင်းကင်းစင်ပြီး အရည်အသွေးကောင်းနှမ်း စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းစီမံကိန်းတွင် ပါဝင်သည့်တောင်သူများ စိတ်ကျေနပ်မှုအပြည့်ဖြင့် ရောင်းချနိုင်ရန်အတွက်လည်း ဒေသကုန်သည် မြင့်မြတ်တော်ဝင်ပွဲရုံနှင့် တောင်သူကိုယ်စားပြု RFDA အဖွဲ့ဝင်များက ပစ္စည်းနမူနာများထားရှိကာ တိုက်ဆိုင်ရောင်းချနိုင်သည့်အပြင် ရောင်းချသည့်ဂိုဒေါင်ဘေးတွင် အဖျင်းအမှော်သန့်စင်စက် ၁၆ လုံးနှင့် သဲချ လက်လှုပ်ဆန်ခါကြီးများကို လိုအပ်ပါက တောင်သူများ အလွယ်တကူ အဆင်ပြေစွာ အသုံးပြုနိုင်ရန် စီမံကိန်းမှ ပံ့ပိုးထားကြောင်း သိရသည်။
**ဇင်ဦး(မြန်မာ့အလင်း)**

# မြစိမ်းရောင်စီမံကိန်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိ

**မိတ္ထီလာ ဩဂုတ် ၂၇**
မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မိတ္ထီလာ၊ မလှိုင်၊ သာစည်နှင့် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများက တာဝန်ယူ အကောင်အထည်ဖော်သော မြစိမ်းရောင်ကျေးရွာစီမံကိန်းများကြောင့် ခရိုင်အတွင်းမှ ဒေသခံပြည်သူအိမ်ထောင်စု ၁၇၀၀၀ ကျော်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေကြောင်း သိရသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ခြင်းဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်၊ မီးလင်းရေးလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် တစ်ရွာလျှင် အရင်းမပျောက်မတည်ငွေ သိန်း ၃၀၀ စီထုတ်ပေး၍ အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ ခရိုင်တစ်ခုလုံးတွင် စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်နေသည့် အိမ်ထောင်စုပေါင်း ၁၇၃၂၄ စုရှိပြီဖြစ်ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ဆန်စက်လုပ်ငန်းရှင်များ မြေယာ ပုံစံ (၃၀) မရှိခြင်းကြောင့် ဘဏ်မှချေးငွေများ လျှောက်ထားရာတွင် အခက်ခဲများရှိနေ

**နေပြည်တော် ဩဂုတ် ၂၇**
ဆန်စက်လုပ်ငန်းရှင်များအနေဖြင့် မြေယာ ပုံစံ(၃၀)မရှိသည့်အတွက် ဘဏ်ချေးငွေ လျှောက်ထားရာတွင် အခက်အခဲများရှိနေကြောင်း ဆန်စက်လုပ်ငန်းရှင်များထံမှ သိရသည်။

ပြည်တွင်းတွင် နှစ်ပေါင်းများစွာကြာအောင်လည်ပတ်ခဲ့သည့် ဆန်စက်များကို အဆင့်မြှင့်တင်နိုင်ရန် ငွေကြေး ရင်းနှီးမြှုပ်နှံမှုများ လိုအပ်နေပြီး ပုံစံ(၃၀) မလိုဘဲ ငွေချေးခွင့်ရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းကို တင်ပြတောင်းဆိုထားကြောင်း နေပြည်တော် တပ်ကုန်းမြို့နယ်မှ ဆန်စက်လုပ်ငန်းရှင် ဦးကျော်ကျော်က ပြောသည်။

"တချို့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ဆန်စက်လုပ်ငန်းရှင် အများစုမှာ ပုံစံ(၃၀) မရှိဘဲ နှစ်ပေါင်းများစွာကြာအောင် လည်ပတ်နေတဲ့စက်ရုံတွေ ရှိတယ်။ ပုံစံ (၃၀)မရှိတာကြောင့်ပဲ ဘဏ်တွေက ချေးငွေမရကြဘူး။ အသေးစား၊ အလတ်စားချေးငွေကလည်း မထွန်းကားသေးတော့ အခက်အခဲတွေ ဖြစ်နေကြပါတယ်။ ဒါကို မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းကို တင်ပြထားကြပါတယ်"ဟု ဆန်စက်လုပ်ငန်းရှင် ဦးမိုးကျော်ဦးက ပြောသည်။

လက်ရှိတွင် စက်ရုံများလည်ပတ်နိုင်ရန် အရင်းအနှီးများစွာ လိုအပ်နေကြောင်း၊ ပြည်တွင်းစားသုံးရန် ကြိတ်ခွဲထုတ်လုပ်နေသည့်ဆန်စက် ၈၀ ရာခိုင်နှုန်းခန့်သည် အဆင့်မြှင့်တင်ထားရန် လိုအပ်နေပြီး နိုင်ငံတကာဈေးကွက်ကို တင်ပို့နေသည့် တန်းပြည့် ဆန်ကြိတ်ခွဲစက်များ၏ အရေအတွက်သည် ၂၀ ရာခိုင်နှုန်းအောက်သာရှိကြောင်း သိရသည်။

ဆန်စက်တွေကို နိုင်ငံတကာအဆင့်မြှင့်တင်ချင်ပေမယ့် လျှပ်စစ်မီးလိုအပ်ချက်နဲ့ ငွေကြေးအရင်းအနှီးလိုမျိုး ကန့်သတ်ချက်တွေကလည်း ရှိနေပါတယ်။ ချေးငွေရဖို့ဆိုရင် ပုံစံ(၃၀)ဆိုတာ မရှိမဖြစ် လိုအပ်လာပါတယ်။ တိုင်းနဲ့ ပြည်နယ်မှာ ပုံစံ (၃၀)မရှိဘဲ လည်ပတ်နေတဲ့ စာရင်းတွေကိုလည်း တောင်းခံထားပါတယ်။ မြန်မာနိုင်ငံမှထွက်ရှိတဲ့ ဆန်စပါးရဲ့ ၈၈ ရာခိုင်နှုန်းဟာ ပြည်တွင်းမှာ စားသုံးနေပြီး ကျန် ၁၂ ရာခိုင်နှုန်းခန့်ကိုသာ ပြည်ပကို တင်ပို့နေတာ ဖြစ်တယ်။ ဒါကြောင့်သေချာကြိတ်ခွဲနိုင်မှ ပို့ကုန်မြင့်တက်လာမှာဖြစ်ပါတယ်။ တစ်နှစ်ပတ်လုံး ဆန်ကြိတ်ခွဲဖို့ စပါးကြိုတင်ဝယ်ယူရတဲ့အတွက် ငွေကြေးရင်းနှီးမှုတွေ လုပ်ဆောင်ရသလို အစိုးရအနေနဲ့ကတော့ ချေးငွေနဲ့ စပါးအပေါင်ခံစနစ်တွေကို ဖော်ဆောင်ပေးဖို့ လိုအပ်နေပါတယ်"ဟု နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ဆန်စက်လုပ်ငန်းရှင် ဦးကျော်ကျော်က ပြောသည်။

ဆန်အဓိက တင်ပို့နေသည့် နိုင်ငံများတွင် အစိုးရများ၏ ချေးငွေထောက်ပံ့ပေးမှုများကြောင့် ဆန်စက်များသည် တစ်နေ့ကို တန် ၄၀၀ မှ တန် ၁၀၀၀ အထိ ထုတ်လုပ်နိုင်သည်အထိ တိုးတက်နေကြောင်း၊ ပြည်တွင်းတွင် တစ်နေ့ ဆန်တန်ချိန် ၅၀ ခန့်သာ ကြိတ်ခွဲနိုင်သည့်အတွက် ဆန်စက် အများပိုင်ကုမ္ပဏီများ တည်ထောင်ပြီး ဆန်စက်ကဏ္ဍကိုမြှင့်တင်ရန် လိုအပ်ကြောင်း ဆိုသည်။

၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း လယ်ဧက ၁၇ သန်းကျော်မှ ဆန်စပါးတင်းပေါင်း သန်း ၁၃၀၀ ကျော် ကြိတ်ခွဲထုတ်လုပ်နိုင်ခဲ့သလို ယင်းနောက်ပိုင်းကာလများတွင် ပြည်တွင်း၌ ဆန် ၁၅ တန်အထက် ထုတ်လုပ်နိုင်သည့်ဆန်စက် ၁၂၀၀ ကျော်၊ ၁၅ တန်အောက်ထုတ်လုပ်နိုင်သည့်ဆန်စက် ၁၄၀၀ နီးပါး အပါအဝင် စုစုပေါင်းဆန်စက်အရေအတွက် ၁၅၀၀၀ ကျော် ရှိကြောင်း သိရသည်။ **ဇာလင်းသူ**

# စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

၂၄။ ပုဒ်မ ၁၅ ပုဒ်မခွဲ(က)တွင် မည်သို့ပင်ပါရှိစေကာမူ အောက်ဖော်ပြပါ အချက်များနှင့် ညီညွတ်သော မူပွားခြင်းကို အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်ရယူရန်မလိုဘဲ ပြုလုပ်ခွင့်ရှိသည်။ သို့ရာတွင် ထိုသို့မူပွားခြင်းသည် သင့်လျော်မျှတသည့် လက်တွေ့အသုံးပြုမှုနှင့် ကိုက်ညီသည့်အပြင် မိမိအသုံးပြုလိုသည့် သင့်လျော်သောအရေအတွက်ထက် ကျော်လွန်မှုမရှိစေရ။ ထို့ပြင် မိတ္တူများပေါ်တွင် မူလလက်ရာရှင်၏ အမည်နှင့် မူပွားခြင်းပြုသော စာပေအနုပညာလက်ရာအား ရည်ညွှန်းသည့် အချက်အလက်အထောက်အထားတို့ကို ဖြစ်နိုင်သမျှဖော်ပြရမည် -

(က) ထုတ်ဝေပြီးလက်ရာကိုဖြစ်စေ၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်တို့တွင် ပါဝင်သော ဆောင်းပါး၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပညာသင်ကြားရန်ရည်ရွယ်ချက်အတွက် စာအရေးအသား၊ အသံ သို့မဟုတ် မြင်နိုင်သည့်မှတ်တမ်းဖြင့် မူပွားခြင်း၊

(ခ) ပုဒ်မခွဲ(က)အရ အသုံးပြုခြင်းတွင် ကွန်ပျူတာကွန်ရက်အား အသုံးပြုခွင့်ရှိသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများမှသာ အဆိုပါကွန်ရက်မှတစ်ဆင့် အသုံးပြုခြင်း၊

(ဂ) တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ စီးပွားရေးအတွက် အကျိုးအမြတ်မဖြစ်စေဘဲ ထုတ်ဝေပြီးဆောင်းပါး၊ စာပေအနုပညာလက်ရာ၏ တစ်စိတ်တစ်ဒေသ သို့မဟုတ် ကောက်နုတ်ချက်ကို ပညာသင်ကြားရေးအတွက် မိမိအသုံးပြုလိုသည့် အရေအတွက်နှင့် အတိုင်းအတာအထိ မူပွားခြင်း၊

(ဃ) ပညာရေးဆိုင်ရာအဖွဲ့အစည်းများသည် ၎င်းတို့၏ သင်ရိုးညွှန်းတမ်းများကို သင်ကြားပို့ချသူများနှင့် သင်ယူမည့်သူများသာ အသုံးပြုနိုင်သည့် လုံခြုံစိတ်ချရသော ကွန်ပျူတာကွန်ရက်ပေါ်တွင် ဝက်ဆိုက်မှတစ်ဆင့် ပညာသင်ကြားသည့် နယ်ပယ်၊ သုတေသနလုပ်ငန်း အထောက်အကူပြုနယ်ပယ်နှင့် စာကြည့်တိုက်နယ်ပယ်တို့၌လည်းကောင်း၊ သင်ကြားပို့ချနေသည့် သင်တန်းများ၌လည်းကောင်း အသုံးပြုမည့် အီလက်ထရွန်နစ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို ပုဒ်မခွဲ (က) အရ ပြုလုပ်ထားသော ပုံနှိပ်မိတ္တူများတွင် ပေါင်းစပ်အသုံးပြုခြင်း၊

(င) ယင်းသင်ရိုးညွှန်းတမ်းများကို သင်ယူမည့်ပုဂ္ဂိုလ်များသည် ၎င်းတို့ကိုယ်ပိုင် အသုံးပြုရန်အတွက်လည်းကောင်း၊ စာကြည့်တိုက်တွင် အပ်နှံရန်အတွက် လည်းကောင်း ပုံနှိပ်ပုံစံဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်ပုံစံဖြင့်ဖြစ်စေရှိသော စာပေအနုပညာလက်ရာများ၏ အစိတ်အပိုင်းများကို မိမိတို့မှတ်တမ်း ပြုစုထားသောစာစဉ်၊ သုတေသနစာတမ်းများအတွက် ပေါင်းစပ်အသုံးပြုခြင်း။

၂၅။ ပုဒ်မ ၁၅ ပုဒ်မခွဲ(က)တွင် မည်သို့ပင်ပါရှိစေကာမူ စာကြည့်တိုက်နှင့် မော်ကွန်းတိုက် တစ်ခုခုသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ စီးပွားရေးအကျိုးအမြတ်မဖြစ်စေဘဲ စာပေအနုပညာလက်ရာ တစ်ရပ်ရပ်အား အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်ရယူရန်မလိုဘဲ အောက်ပါတို့အတွက် မူပွား၍မိတ္တူတစ်ခုကိုပြုလုပ်နိုင်သည် -

(က) မူပွားခြင်းသည် စာပေအနုပညာလက်ရာဖြစ်လျှင် ထုတ်ဝေပြီးသော ဆောင်းပါး၊ အခြားစာပေအနုပညာလက်ရာ၏ တစ်စိတ်တစ်ဒေသ သို့မဟုတ် ကောက်နုတ်ချက်ဖြစ်ရမည်ဖြစ်ပြီး မူပွားခြင်း၏ ရည်ရွယ်ချက်မှာ ပုဂ္ဂိုလ်တစ်ဦးဦး၏ တောင်းဆိုချက်အရဖြစ်ရမည်။ သို့ရာတွင် ထိုသို့မူပွားခြင်းမှာ -

(၁) ယင်းမိတ္တူကို လေ့လာရေး၊ ပညာသင်ကြားရေး သို့မဟုတ် ပုဂ္ဂိုလ်ရေးဆိုင်ရာ သုတေသနပြုလုပ်ရေးအတွက်သာဖြစ်ကြောင်း စာကြည့်တိုက် သို့မဟုတ် မော်ကွန်းတိုက်က ကျေနပ်လက်ခံမှုရှိခြင်း၊

(၂) တစ်ခုနှင့်တစ်ခုကွဲပြားပြီး ဆက်စပ်မှုမရှိပါက သီးခြားစီမူပွားခြင်း။

(ခ) မိတ္တူတစ်ခုကို ထိန်းသိမ်းထားရန်နှင့် လိုအပ်ပါက အစားထိုးရန် ပြုလုပ်ခြင်း ဖြစ်လျှင်သော်လည်းကောင်း၊ မိတ္တူတစ်ခုမှာ အခြားအလားတူ စာကြည့်တိုက် သို့မဟုတ် မော်ကွန်းတိုက်က စုဆောင်းရှာဖွေ ထိန်းသိမ်းရာ၌ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း၊ ငှားရမ်းခြင်းပြုရန် အသုံးမပြုနိုင်ခြင်းကြောင့် မိတ္တူတစ်ခုကို အစားထိုးရန်အတွက်သော်လည်းကောင်း မူပွားခြင်းဖြစ်ရမည်။ သို့ရာတွင် ထိုသို့ မူပွားခြင်းမှာ -

(၁) မိတ္တူတစ်ခုကိုရရှိရန် ကြိုးစားရှာဖွေသော်လည်း မရရှိနိုင်ကြောင်း ခိုင်လုံသော အခြေအနေရှိခြင်း၊

(၂) တစ်ခုနှင့်တစ်ခုကွဲပြားပြီး ဆက်စပ်မှုမရှိပါက သီးခြားစီမူပွားခြင်း။

(ဂ) စာပေအနုပညာလက်ရာများကို မိတ္တူပွားရန်နှင့် ထိန်းသိမ်းထားရှိရန် ရည်ရွယ်ချက်အတွက် အောက်ပါအတိုင်း မိတ္တူများကို ပြုလုပ်နိုင်သည် -

(၁) စာကြည့်တိုက် သို့မဟုတ် မော်ကွန်းတိုက်တစ်ခုခုသည် အဖွဲ့အစည်းအတွက် စုဆောင်းမှုပြုလုပ်ရာတွင် စာပေအနုပညာလက်ရာ သို့မဟုတ် ယင်း၏မိတ္တူမပြည့်စုံခဲ့လျှင်ဖြစ်စေ၊ ဈေးကွက် သို့မဟုတ် ထုတ်ဝေသူထံမှ မရရှိနိုင်လျှင်ဖြစ်စေ လိုအပ်သောအပိုင်းများကို အခြားစာကြည့်တိုက် သို့မဟုတ် မော်ကွန်းတိုက်မှ မိတ္တူကူးယူခြင်း သို့မဟုတ် မိတ္တူကိုရရှိအောင် ဆောင်ရွက်ခြင်းပြုနိုင်သည်။

(၂) စာကြည့်တိုက် သို့မဟုတ် မော်ကွန်းတိုက်သည် အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်ရရှိရန် ကြိုးပမ်းအားထုတ်မှုများပြုလုပ်သော်လည်း မရရှိနိုင်လျှင် ဖြစ်စေ၊ ဈေးကွက် သို့မဟုတ် ထုတ်ဝေသူထံမှ မရရှိနိုင်လျှင်ဖြစ်စေ စာပေအနုပညာလက်ရာများကို မိတ္တူပြုလုပ်နိုင်သည်။

(၃) ပုဒ်မခွဲငယ်(၁)နှင့် (၂)တို့နှင့်အညီ ပြုလုပ်ထားသော မိတ္တူများကို အသုံးပြုသူများမှ စာကြည့်တိုက် သို့မဟုတ် မော်ကွန်းတိုက် ပရဝုဏ် အတွင်း လေ့လာခြင်းပြုနိုင်သည်။ ထို့အပြင်စာကြည့်တိုက် သို့မဟုတ် မော်ကွန်းတိုက်သည် အဆိုပါမိတ္တူများကို အသုံးပြုသူများအား ကိုယ်ပိုင်သုံးရန်နှင့် ယင်းပရဝုဏ်အတွင်း လေ့လာခြင်းပြုရန် ငှားရမ်းနိုင်သည်။

(ဃ) စာကြည့်တိုက်များသည် စာတိုက်၊ ဖက်စ် သို့မဟုတ် လုံခြုံစိတ်ချရသော အီလက်ထရွန်နစ်ဆက်သွယ်ရေးဖြင့် တစ်ခုနှင့်တစ်ခု အချင်းချင်း ထောက်ပံ့ပေးနိုင်သည်။ သို့ရာတွင် စာပေအနုပညာလက်ရာ၏ အီလက်ထရွန်နစ်ပုံစံဖိုင် မိတ္တူအား စာရွက်မိတ္တူအဖြစ် ထုတ်ယူပြီးနောက် ယင်းအီလက်ထရွန်နစ်ပုံစံဖိုင်မိတ္တူအား ချက်ချင်းဖျက်ပစ်ရမည်။ ထို့ပြင်လက်ခံရရှိသော စာကြည့်တိုက်သည် ယင်းစာကြည့်တိုက်အသုံးပြုသူအား စာရွက်မိတ္တူကို ထောက်ပံ့ပေးနိုင်သည်။

(င) စာကြည့်တိုက် သို့မဟုတ် မော်ကွန်းတိုက်တစ်ခုခုသည် အသုံးပြုသူများအတွက် စာပေအနုပညာလက်ရာများအား လိုအပ်သော ဘာသာစကားဖြင့် မရရှိနိုင်သော အခြေအနေတွင် ပညာသင်ကြားရေး သို့မဟုတ် သုတေသနပြုလုပ်ရေးအတွက် တရားဝင်ရရှိထားသော သို့မဟုတ် တရားဝင်အသုံးပြုခွင့်ရရှိထားသောစာပေ အနုပညာလက်ရာများကို ဘာသာပြန်ဆိုနိုင်သည်။ အဆိုပါ ဘာသာပြန်ဆိုခြင်းသည် အခြားသော ရည်ရွယ်ချက်အတွက် အသုံးပြုခွင့်မရှိစေရ။

(စ) လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုသည် လူနည်းစုသာပြောဆိုသော ဘာသာစကားမှလည်းကောင်း၊ ယင်းဘာသာစကားသို့လည်းကောင်း၊ စီးပွားရေး အလို့ငှာမဟုတ်ဘဲ အများပြည်သူတို့အား သတင်းအချက်အလက်ပေးရန်အတွက် စာပေအနုပညာလက်ရာများကို ဘာသာပြန်ဆိုနိုင်သည်။

၂၆။ ပုဒ်မ ၁၅ ပုဒ်မခွဲ(က)၊ (စ)နှင့် (ဆ)တို့တွင် မည်သို့ပင်ပါရှိစေကာမူ မူလလက်ရာရှင်၏ အမည်နှင့် အချက်အလက်အထောက်အထားတို့ကို ရနိုင်သမျှရည်ညွှန်းဖော်ပြပါက အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်ရယူရန်မလိုဘဲ အောက်ပါတို့ကို ပြုလုပ်နိုင်သည် -

(က) ထုတ်ဝေပြီးသည့် သတင်းစာတွင်ဖြစ်စေ၊ ပုံမှန်ထုတ်ဝေသည့် စာစောင်တွင်ဖြစ်စေ ပါရှိသည့် မျက်မှောက်ကာလနိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေးဆိုင်ရာ သတင်းဆောင်းပါးများ သို့မဟုတ် အလားတူသတင်းဆောင်းပါး ထုတ်လွှင့်ချက်များကို သတင်းစာ နှင့် ပုံမှန်ထုတ်ဝေသည့်စာစောင်တွင် မူပွားခြင်း သို့မဟုတ် ထုတ်လွှင့်ခြင်း၊ အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း။

**ခြွင်းချက်။** ဤသို့ပြုလုပ်ပိုင်ခွင့်သည် အခွင့်အရေးရရှိသူက မူပွားခြင်းအတွက် သော်လည်းကောင်း၊ စာပေအနုပညာလက်ရာကို သက်ဆိုင်ရာအဖွဲ့အစည်းက ထုတ်လွှင့်ခြင်း သို့မဟုတ် အခြားနည်းဖြင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်းအတွက် သော်လည်းကောင်း အတိအလင်းတားမြစ်ထားပါက ထိုသို့ မူပွားခြင်းမပြုရ။

(ခ) လတ်တလော အဖြစ်အပျက်များကို တင်ပြရန်အလို့ငှာ ထုတ်လွှင့်ဖြန့်ချိပြီးဖြစ်သော စာပေအနုပညာလက်ရာများ၏ ကောက်နုတ်ချက် တစ်စိတ်တစ်ဒေသကို သင့်လျော်စွာ မူပွားခြင်းနှင့် ထုတ်လွှင့်ခြင်း သို့မဟုတ် အခြားနည်းဖြင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း။

(ဂ) လတ်တလော သတင်းအချက်အလက်များကို ဖော်ပြရန် ရည်ရွယ်ချက်ဖြင့် အများပြည်သူသို့ ဟောကြားခဲ့သည့် နိုင်ငံရေးပြောကြားချက်၊ ပို့ချချက်၊ မိန့်ခွန်းပြောကြားချက်၊ တရားဓမ္မဟောကြားချက် သို့မဟုတ် အခြားအလားတူ စာပေအနုပညာဆိုင်ရာ ဇာတ်လမ်းဇာတ်ကွက် သုတရသ ဟောပြောချက်များကို သတင်းစာတွင်ဖြစ်စေ၊ ပုံမှန်ထုတ်ဝေသည့် စာစောင်တွင်ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ ပုံနှိပ်ထုတ်ဝေခြင်း၊ မူပွားခြင်း သို့မဟုတ် ထုတ်လွှင့်ခြင်း၊ အခြားနည်းဖြင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း။ သို့ရာတွင် ဤသို့ပြုလုပ်ခြင်းသည် စီးပွားရေးအလို့ငှာ မဟုတ်ဘဲ လိုအပ်သမျှ အတိုင်းအတာထိသာ ဖြစ်ရမည်။

၂၇။ ကွန်ပျူတာပရိုဂရမ်နှင့် စပ်လျဉ်း၍ -

(က) ပုဒ်မ ၁၅ ပုဒ်မခွဲ(က)နှင့် (ခ)တို့တွင် မည်သို့ပင်ပါရှိစေကာမူ ကွန်ပျူတာပရိုဂရမ် မိတ္တူ၏ တရားဝင်ပိုင်ရှင်သည် အောက်ဖော်ပြပါအချက်တစ်ခုခုနှင့် ညီညွတ်ပါက အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်မပါဘဲ ကွန်ပျူတာပရိုဂရမ်၏ မိတ္တူတစ်ခုကို မူပွားခြင်း သို့မဟုတ် မှီငြမ်းခြင်းပြုနိုင်သည်။

(၁) ကွန်ပျူတာပရိုဂရမ်ကို ရယူခဲ့ပြီးသည့် ရည်ရွယ်ချက်နှင့် အတိုင်းအတာအထိ ယင်းကွန်ပျူတာပရိုဂရမ်အား အသုံးပြုခြင်း၊

(၂) ကွန်ပျူတာပရိုဂရမ် မိတ္တူကို မှတ်တမ်းအဖြစ်ထားရှိရန်နှင့် ကွန်ပျူတာ ပရိုဂရမ်မိတ္တူမှာ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း၊ အသုံးမပြုနိုင်သည့် အခြေအနေရောက်ရှိခြင်းတို့ ဖြစ်ပေါ်သည့်အခါ တရားဝင်ပိုင်ဆိုင်သည့် ကွန်ပျူတာပရိုဂရမ် မိတ္တူကို ပြန်လည်အစားထိုးရန် လိုအပ်ခြင်း၊

(၃) မိမိကိုယ်တိုင် အသုံးပြုရန်အတွက် အရန်အဖြစ်ထားရှိရန် ကွန်ပျူတာ ပရိုဂရမ်ကို မူပွားခြင်း၊

(ခ) ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့်ကိစ္စများမှအပ အခြားရည်ရွယ်ချက် တစ်ခုခုအတွက် ကွန်ပျူတာပရိုဂရမ်၏ မည်သည့်မိတ္တူ သို့မဟုတ် မူရင်းလက်ရာကိုမျှ မှီငြမ်းခြင်းမပြုရ။ ထို့ပြင် ယင်းကွန်ပျူတာပရိုဂရမ်၏ မိတ္တူကို ဆက်လက်၍ တရားဝင်လက်ဝယ်ထားပိုင်ခွင့် ရပ်စဲသည့်အခါ အဆိုပါမိတ္တူကိုဖြစ်စေ၊ မှီငြမ်းထားသည့် ကွန်ပျူတာပရိုဂရမ်ကိုဖြစ်စေ ဖျက်ဆီးရမည်။

၂၈။ လူပုဂ္ဂိုလ်တစ်ဦးဦးသည် စီးပွားရေးအကျိုးအမြတ်အတွက်မဖြစ်စေဘဲ အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်ရယူရန်မလိုဘဲ စာပေအနုပညာလက်ရာ၏ မိတ္တူကို ပြည်တွင်းသို့ တင်သွင်းခြင်း ပြုနိုင်သည်။

၂၉။ (က) ပုဒ်မ ၁၅ ပုဒ်မခွဲ(က)တွင် မည်သို့ပင်ပါရှိစေကာမူ ထုတ်လွှင့်သည့် အဖွဲ့အစည်းသည် ကိုယ်ပိုင်အထောက်အကူပစ္စည်း ကိရိယာများဖြင့် ကိုယ်ပိုင် ထုတ်လွှင့်ခြင်းအတွက် ခွင့်ပြုထားသည့် စာပေအနုပညာ လက်ရာ တစ်ခုခု၏ ယာယီမှတ်တမ်းတင်ခြင်းကို ပြုလုပ်နိုင်သည်။ ထိုသို့ ယာယီမှတ်တမ်း ပြုလုပ်ထားသည့် မိတ္တူအားလုံးကို ပြုလုပ်သည့်နေ့မှ ခြောက်လအတွင်း သို့မဟုတ် မူလလက်ရာရှင်နှင့် သဘောတူထားသော ခြောက်လထက်ပိုသည့် ကာလအတွင်း ဖျက်ဆီးရမည်။

(ခ) ထူးခြားသောလက္ခဏာရှိသည့် စာပေအနုပညာလက်ရာဖြစ်ပါက အဆိုပါ ယာယီမှတ်တမ်းအား အစိုးရမော်ကွန်းတိုက်သို့ ထိန်းသိမ်းထားရန် ပေးပို့နိုင်သည်။

၃၀။ (က) ပုဒ်မ ၁၅ ပုဒ်မခွဲ (က)၊ (ဂ)၊ (င)၊ (ဆ)ပါ ပြဋ္ဌာန်းချက်များတွင် မည်သို့ပင် ပါရှိစေကာမူ အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ စာပေအနုပညာလက်ရာကို အသုံးပြု၍ရသော ပုံစံမိတ္တူပြုလုပ်ရန်၊ အမြင်အာရုံချို့တဲ့သူများအတွက် ဆောင်ရွက်ပေးသော တာဝန်ရှိအဖွဲ့အစည်းတစ်ခုခုထံမှ ယင်းပုံစံမိတ္တူကိုရရှိရန်နှင့် စီးပွားရေး အလို့ငှာမဟုတ်ဘဲ ငှားရမ်းခြင်း၊ ဝိုင်ယာကြိုးဖြင့် သို့မဟုတ် ဝိုင်ယာကြိုးမဲ့နည်းဖြင့် ဆက်သွယ်ခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို အမြင်အာရုံချို့တဲ့သော ပုဂ္ဂိုလ်များအား အဆိုပါမိတ္တူများကို ထောက်ပံ့နိုင်ရေးအတွက် အောက်ဖော်ပြပါ အချက်များနှင့် ကိုက်ညီပါက တာဝန်ရှိအဖွဲ့အစည်းအား ခွင့်ပြုရမည် -

(၁) ပုဒ်မခွဲ(က)ပါလုပ်ငန်းများကို ဆောင်ရွက်ရန် ဆန္ဒရှိသော တာဝန်ရှိ အဖွဲ့အစည်းသည် ယင်းစာပေအနုပညာလက်ရာ သို့မဟုတ် မိတ္တူကို တရားဝင်အသုံးပြုခွင့်ရှိခြင်း၊

(၂) စာပေအနုပညာလက်ရာများကို အသုံးပြု၍ရသော ပုံစံမိတ္တူသို့ပြောင်းလဲရာတွင် အမြင်အာရုံချို့တဲ့သောပုဂ္ဂိုလ် နားလည်စေရန် ဆောင်ရွက်ခြင်းမှတစ်ပါး အခြားပြောင်းလဲခြင်းများ မပါဝင်ဘဲ အသုံးပြု၍ရသောပုံစံတွင် ပါဝင်သည့် အချက်အလက်များကို လမ်းညွှန်ပေးခြင်း၊

(၃) ယင်းပုံစံမိတ္တူများကို အမြင်အာရုံချို့တဲ့သူများ သီးသန့်အသုံးပြုနိုင်စေရန် ထောက်ပံ့ပေးခြင်း၊

(၄) အကျိုးအမြတ်မပါဘဲ လှူပ်ရှားဆောင်ရွက်ခြင်း။

(ခ) အမြင်အာရုံချို့တဲ့သော ပုဂ္ဂိုလ်ကိုယ်တိုင်ကဖြစ်စေ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူအပါအဝင် ကိုယ်စားဆောင်ရွက်ပေးနေသော ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ၎င်းပုဂ္ဂိုလ်များ ကိုယ်ပိုင်အသုံးပြုရေးအတွက် ပုံစံမိတ္တူကို ပြုလုပ်နိုင်သည့်အပြင် တရားဝင်အသုံးပြုခွင့်ရှိသည့် လက်ရာကိုလည်းကောင်း၊ လက်ရာ၏ မိတ္တူကိုလည်းကောင်း အသုံးပြု၍ရသော ပုံစံမိတ္တူ ပြုလုပ်ရန်နှင့် အသုံးပြုရန်တို့ကို ကူညီနိုင်သည်။

(ဂ) ထုတ်ဝေပြီးသည့် လက်ရာများကို အမြင်အာရုံချို့တဲ့သောပုဂ္ဂိုလ်များ ရယူသုံးစွဲနိုင်စေရန် အခွင့်အရေးပေးသည့် မာရာကက်ရှ်သဘောတူစာချုပ် ((Marakesh Treaty)၏ အဖွဲ့ဝင်ဖြစ်သော အခြားနိုင်ငံတစ်ခုရှိ တာဝန်ရှိအဖွဲ့အစည်းထံ ၎င်းပုဂ္ဂိုလ်များ အသုံးပြု၍ရသော ပုံစံမိတ္တူများကိုဖြန့်ချိရန် သို့မဟုတ် ၎င်းပုဂ္ဂိုလ်များ သီးသန့်အသုံးပြုခွင့်ရရန် အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်မပါဘဲ တာဝန်ရှိအဖွဲ့အစည်းအား ခွင့်ပြုရမည်။

(ဃ) ထုတ်ဝေပြီးသည့် လက်ရာများကို အမြင်အာရုံချို့တဲ့သောပုဂ္ဂိုလ်များ ရယူသုံးစွဲနိုင်စေရန် အခွင့်အရေးပေးသည့် မာရာကက်ရှ်သဘောတူစာချုပ် (Marakesh Treaty)၏ အဖွဲ့ဝင်ဖြစ်သော အခြားနိုင်ငံတစ်ခုရှိ အမြင်အာရုံချို့တဲ့သော ပုဂ္ဂိုလ်များထံ အသုံးပြု၍ရသော ပုံစံမိတ္တူများကို ဖြန့်ချိရန် သို့မဟုတ် အဆိုပါ ပုံစံမိတ္တူများကို သီးသန့်အသုံးပြုခွင့်ရရန် အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်မပါဘဲ တာဝန်ရှိအဖွဲ့အစည်းအား ခွင့်ပြုရမည်။

(င) အမြင်အာရုံချို့တဲ့သော ပုဂ္ဂိုလ်များမှအပ အခြားသူများအတွက် အသုံးပြု၍ရသောပုံစံမိတ္တူကို အသုံးပြုနိုင်ရန် မသိ၍ဖြစ်စေ၊ သိရန်အကြောင်း တစ်စုံတစ်ရာမရှိ၍ဖြစ်စေ ကြိုတင်ဖြန့်ချိခြင်း သို့မဟုတ် အသုံးပြုနိုင်ရန် ပြုလုပ်ခြင်းတို့ကို စတင်ဆောင်ရွက်သော တာဝန်ရှိအဖွဲ့အစည်း၏ ဆောင်ရွက်ချက်အပေါ် ပုဒ်မခွဲ (ဂ)နှင့် (ဃ) အရ ခွင့်ပြုထားသောအချက်များ သက်ရောက်မှုရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကျွန်တော်နဲ့ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု



ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

တလောက နေပြည်တော်မှာ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်ပြီး နိုင်ငံတော်အဆင့် ဆွေးနွေးပွဲကြီးတစ်ရပ်ကို ကျင်းပခဲ့တယ်။ နိုင်ငံ့ခေါင်းဆောင်က မိန့်ခွန်းပြောကြားခဲ့တယ်။ အစိုးရသစ်အနေနဲ့ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုကို ဦးစားပေးခဲ့တာကို ကြိုဆိုပါတယ်။ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုဟာ အစိုးရအတွက်သာမက နိုင်ငံသားအားလုံးနဲ့ ပတ်သက်သက်ဆိုင်မှု ရှိနေတာဖြစ်တယ်။ ယခင်အစိုးရလက်ထက်မှာ တတိယလှိုင်းအဖြစ် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ခဲ့တယ်။ ကျွန်တော့်အနေနဲ့ တစ်ဖက်ကလည်း ပါဝင်ခွင့်ရခဲ့တယ်။ ကိုယ်ကိုယ်တိုင်က အုပ်ချုပ်ရေးနဲ့ပတ်သက်ပြီး လေ့လာခဲ့တယ်။ သင်ကြားပို့ချခဲ့တာမို့ အတွေ့အကြုံတွေကို မျှဝေနိုင်ခဲ့တယ်။

ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ဖို့ အစီအစဉ်တွေ၊ မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေ စဉ်းစားတဲ့အခါမှာ အခြေခံအချက်တစ်ခုကို သတိပြုဖို့လိုတယ်။ ဒါကတော့ ပြောင်းလဲမှု(Change)ကို စဉ်းစားရင် ရှိနေတာတွေအားလုံးကို ပြင်တာမျိုး၊ ကျင့်သုံးနေတာတွေအားလုံးကို ပစ်ပယ်ဖို့သာမဟုတ်ဘဲ လက်ရှိအခြေအနေမှာ အဆင်ပြေနေတာ၊ ကောင်းနေတာတွေကို ဆက်ပြီး ထိန်းသိမ်းနေဖို့ အရေးကြီးတယ်။ တစ်နည်းပြောရင်(Continuity)ဖြစ်တယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပြုပြင်ပြောင်းလဲမှု၊ စီမံခန့်ခွဲမှုဘာသာကို သင်ကြားပို့ချတဲ့အခါ နှစ်လုံးဖြစ်တဲ့ Change (ပြောင်းလဲမှု)နဲ့ Continunity (ဆက်လက်ထိန်းသိမ်းမှု)ကို တစ်ပြိုင်တည်း ထည့်သွင်းစဉ်းစားဖို့ အမြဲသတိပေးမိတယ်။ ပြောင်းချင်တဲ့ စိတ်ပြင်းပြပြီး ရှိဆဲ၊ တည်ဆဲဖြစ်တဲ့အရာတိုင်းကို စွန့်လွှတ်ပြီးအသစ်က ပြန်စရင် အခက်အခဲအများကြီးရှိနိုင်တာ တွေ့ရတယ်။ ဒါကြောင့် ဝိရောဓိဆန်တဲ့ အဆုံးအဖြတ်ကို လုပ်ရ၊ စဉ်းစားရတာ မလွယ်ပါဘူး။ ဘာကိုပြင်မလဲ၊ ဘာကိုထိန်းသိမ်းမလဲဆိုတဲ့ ရွေးချယ်မှုဟာ အလွန်သိမ်မွေ့ပြီး ခက်ခဲလှတဲ့ ပြဿနာတစ်ရပ်ဖြစ်တယ်။ ဒီရွေးချယ်မှု ပြဿနာဟာ ကျွန်တော်တို့နိုင်ငံမှာ သာမက နိုင်ငံတိုင်း၊ အဖွဲ့အစည်းတိုင်းမှာ ရင်ဆိုင်ရပါတယ်။ ရွေးချယ်မှုမှန်ဖို့ အလွန်အရေးကြီး လှတယ်။ အားလုံးကို တစ်ကပြန်စဖို့ မဖြစ်နိုင်သလို ရှိတာတွေအားလုံးကို ထိန်းသိမ်းထားလို့လည်း မသင့်လျော်ပါဘူး။ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုကို လွတ်လပ်ရေးရတဲ့အချိန်ကစပြီး ဆောင်ရွက်ခဲ့တာ ယခုအချိန်အထိပဲဖြစ်တယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာ အုပ်ချုပ်မှုယန္တရားတစ်ခုလုံးကို ချုပ်ကိုင်ထားတဲ့ အိုင်စီအက်(စ်) (ICS) တွေကို ဘီစီအက်(စ်)တွေနဲ့ အစားထိုးခဲ့တယ်။ ဝန်ကြီးဌာနတွေမှာအမြဲတမ်းအတွင်းဝန်တွေခန့်ပြီး အုပ်ချုပ်ခဲ့တယ်။ ဒီအတွင်းဝန်စနစ်ကို တော်လှန်ရေးကောင်စီလက်ထက်မှာ ရုပ်သိမ်းခဲ့ပြီး အတွင်းဝန်တွေအစား ညွှန်ကြားရေးမှူးချုပ်တွေ၊ ဦးဆောင်ညွှန်ကြားရေးမှူးတွေနဲ့ အစားထိုးခဲ့ပြန်တယ်။ ဦးသိန်းစိန်လက်ထက်မှာတော့ အမြဲတမ်းအတွင်းဝန်တွေကို တတိယပြုပြင်ပြောင်းလဲမှု အစီအစဉ်အရ ပြန်လည်ခန့်ထားခဲ့ပြန်တယ်။ အစိုးရသစ်လက်ထက်မှာ အမြဲတမ်းအတွင်းဝန်စနစ်ကို ဆက်လက်ပြီး ကျင့်သုံးလက်ခံနေတာ တွေ့ရတယ်။

ဒီစနစ်ရဲ့ အခြေခံက ပြည်သူ့ဝန်ထမ်းနဲ့ နိုင်ငံရေးအရ အာဏာယူတဲ့သူတွေရဲ့တာဝန် ကို သီးခြားခွဲခြားတာဖြစ်တယ်။ နိုင်ငံရေးအရ တာဝန်ယူတဲ့ သူတွေဟာ ရွေးကောက်ပွဲရလဒ်အရ အပြောင်းအလဲရှိနိုင်မှာဖြစ်တယ်။ ပြည်သူရဲ့ ထောက်ခံအားပေးမှုရယူပြီး ဦးဆောင်နေတာဖြစ်တယ်။ ဒါပေမယ့် သူတို့ရဲ့ သဘာဝက ယာယီသာဖြစ်တယ်။ ငါးနှစ်တစ်ကြိမ် အပြောင်းအလဲရှိနိုင်တယ်။ နိုင်ငံရေးမူဝါဒကို လက်ကိုင်ပြီး စီစဉ်ဆောင်ရွက်ကြတယ်။ အမြဲတမ်းအတွင်းဝန်တွေ အပါအဝင် ဝန်ထမ်းတွေအနေနဲ့ မိမိတို့ရဲ့ကျွမ်းကျင်မှုကို အခြေခံပြီး နိုင်ငံရေးအရ အာဏာရထားသူတွေရဲ့လမ်းညွှန်မှုကို ခံယူပြီး အကြံပေးတယ်။ အကောင်အထည်ဖော်ကြတယ်။ ပြည်သူ့ဝန်ထမ်းတွေဟာ နိုင်ငံရေးနဲ့ကင်းရှင်းပြီး တက်လာတဲ့

> **အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုကို စဉ်းစားတဲ့အခါမှာ (Size of Government) အစိုးရယန္တရားရဲ့ အရွယ်အစား ပမာဏကို စဉ်းစားပြီး ဆုံးဖြတ်ရမယ်။ လူဦးရေသန်း ၅၀ ကျော်ရှိတဲ့ ကျွန်တော်တို့နိုင်ငံမှာ အုပ်ချုပ်ရေးယန္တရား အရွယ်အစားပမာဏ မည်မျှရှိရမယ်ဆိုတာကို စဉ်းစားဆုံးဖြတ်ရလိမ့်မယ်**

အစိုးရကို သြဇာခံရမှာသာဖြစ်တယ်။ မိမိရဲ့အတွေ့အကြုံပညာတွေကို အခြေခံပြီး လိုအပ်တဲ့အကြံဉာဏ်တွေကို လွတ်လပ်စွာ ပေးကြတယ်။ ပြည်သူ့ဝန်ထမ်းတစ်ဦးဟာ ပြည်သူ့မျက်နှာကိုသာကြည့်ပြီး ပြောသင့်ပြောထိုက်တာ၊ လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ရဲရမယ်။ သတ္တိရှိဖို့လိုတယ်။ ပေးတဲ့ အကြံဉာဏ်တွေကိုယူခြင်း၊ မယူခြင်းဟာ နိုင်ငံရေးအရ အာဏာရထားသူတွေနဲ့သာဆိုင်တယ်။

စောစောက တင်ပြခဲ့တဲ့ အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေး ညီလာခံမှာ ပညာရှင်တွေ၊ တာဝန်ရှိသူတွေ စာတမ်းတွေ ဖတ်ကြတယ်။ဆွေးနွေးကြတယ်။ အမြင်ချင်းဖလှယ်ကြတယ်။ ပြီးပြည့်စုံလိမ့်မယ်လို့ ယူဆမိတယ်။ ဒီအကြောင်းအရာကို စိတ်ဝင်စားသူတစ်ဦးအနေနဲ့ အကြောင်းအချက်တချို့ကို တင်ပြလိုပါတယ်။ စည်းဝိုင်းအပြင်က ပြောချင်တာဖြစ်ပါတယ်။ စည်းဝိုင်းအတွင်းက သူတွေက ပိုသိနားလည်မှာသာ ဖြစ်တယ်။

အမြဲတမ်းအတွင်းဝန်စနစ်ဟာ အမှန်တော့ အင်္ဂလန်နိုင်ငံမှာ စခဲ့ပြီး နောက်ပိုင်းမှာ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံမှာ ကျင့်သုံးခဲ့တာ။ ဒါပေမယ့် ထူးခြားတဲ့ ကွာခြားမှုတစ်ရပ်ရှိတယ်။ အင်္ဂလန်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ စနစ်က စိတ်ဝင်စားစရာ၊ စဉ်းစားစရာဖြစ်တယ်။ အုပ်ချုပ်ရေးစနစ်ကို အရာရှိငယ်အနေနဲ့ တာဝန်စယူတဲ့သူဟာ ပညာရေးဝန်ကြီးဌာနမှာ တာဝန်ယူပြီး လက်ထောက်အတွင်းဝန်အဖြစ် ရာထူးတိုးမြှင့်ခြင်းခံရတဲ့အခါ ကျန်းမာရေးဝန်ကြီးဌာနမှာ တာဝန်ပေးခြင်း ခံရတယ်။

ဒုတိယအတွင်းဝန်အဖြစ် ရာထူးတိုးမြှင့်ခြင်းခံရတဲ့အခါ ကုန်သွယ်ရေးဝန်ကြီးဌာနမှာ တာဝန်ယူပြန်တယ်။ အတွင်းဝန်ဖြစ်လာချိန်မှာ စက်မှုဝန်ကြီးဌာနမှာ တာဝန်ယူပြီး အမြဲတမ်းအတွင်းဝန်ရာထူးကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှာ တာဝန်ယူပြန်တယ်။ အခုလို ဝန်ထမ်းအရာရှိဟာ ဝန်ကြီးဌာနပေါင်းစုံမှာ တာဝန်ယူပြီး အတွေ့အကြုံတွေ စုစည်းနိုင်တာမို့ အုပ်ချုပ်ရေးယန္တရားတစ်ခုလုံးနဲ့ ပတ်သက်ပြီး ကျွမ်းကျင်မှုရှိတယ်။ လိမ္မာပါးနပ်တယ်။ အရာရှိငယ်ဟာ ပညာရေးဝန်ကြီးဌာနမှာ တာဝန်ယူပြီး အမြဲတမ်းအတွင်းဝန်အထိ ပညာရေးဝန်ကြီးဌာနမှာသာ တာဝန်ပေးခြင်းခံရရင် ဌာနတစ်ခုအကြောင်းပဲသိပြီး လွှမ်းခြုံမြင်နိုင်စွမ်းရှိမှာမဟုတ်ပါဘူး။ တစ်ဖက်ကတော့ ဌာနတစ်ခုတည်းမှာ တစိုက်မတ်မတ်လုပ်ခဲ့တာမို့ ကျွမ်းကျင်မှုတွေကို စုစည်းနိုင်မယ်လို့ ယူဆနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် စဉ်းစားသင့်တဲ့၊ စဉ်းစားရမယ့် ကိစ္စတစ်ခုဖြစ်တယ်။

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်တဲ့နေရာမှာ လက်ရှိအခြေအနေရဲ့အားနည်းချက်တွေကို ဆန်းစစ်ပြီး အဖြေတွေထုတ်ခဲ့ကြတယ်။ ဦးတည်ချက်က တာဝန်ကျေပွန်တဲ့ အစိုးရ (Responsible Government) ဖြစ်တယ်။ အစိုးရဟာ ပြည်သူ့အပေါ်မှာ တာဝန်ကျေပွန်ရမယ်။ တာဝန်ကျေပွန်မှုကို ပေတံနှစ်ခုနဲ့ တိုင်းတာတယ်။ ထိရောက်မှုရှိခြင်း (Effective)နဲ့ စရိတ်သက်သာခြင်း(Efficient) ဖြစ်တယ်။ တစ်နည်းပြောရင် လုပ်ငန်းတစ်ခုဆောင်ရွက်ရာမှာ တစ်ဖက်က သတ်မှတ်ထားတဲ့ ရည်မှန်းချက်တွေပြည့်မီသလို အခုလို ဆောင်ရွက်တဲ့နေရာမှာလည်း စရိတ်သက်သက်သာသာနဲ့ ခြိုးခြံပြီး ဆောင်ရွက်နိုင်ဖို့ လိုအပ်တယ်။ ဒါပေမယ့် အစွန်းနှစ်ခုကို ရှောင်ဖို့လိုမယ်။ စရိတ်သက်သာတာတစ်ခုတည်း စဉ်းစားပြီး ဆောင်ရွက်နေရင် ထိရောက်မှုအားနည်းနိုင်တယ်။ တစ်ဖက်က ထိရောက်မှုကိုသာ အာရုံပြုပြန်ရင် ကုန်ကျစရိတ်တွေ အဆမတန်ကြီးထွားနိုင်တယ်။ ဒီအစွန်းနှစ်ခုအကြား မျှတအောင် ရွေးချယ်ဆုံးဖြတ်ရမှာဖြစ်တယ်။


အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုကို စဉ်းစားတဲ့အခါမှာ (Size of Government) အစိုးရယန္တရားရဲ့အရွယ်အစား ပမာဏကို စဉ်းစားပြီး ဆုံးဖြတ်ရမယ်။ လူဦးရေသန်း ၅၀ ကျော်ရှိတဲ့ ကျွန်တော်တို့နိုင်ငံမှာ အုပ်ချုပ်ရေးယန္တရား အရွယ်အစား ပမာဏ မည်မျှရှိရမယ်ဆိုတာကို စဉ်းစားဆုံးဖြတ် ရလိမ့်မယ်။ (Lean Government) လို့ခေါ်တဲ့ အဆီတွေမပါတဲ့၊ ကျစ်လျစ်တဲ့၊ သွက်လက်တဲ့၊ လျင်မြန်တဲ့အုပ်ချုပ်ရေး စနစ်ကို တည်ထောင်ရမယ်။ များသောအားဖြင့်အစိုးရ အုပ်ချုပ်ရေး ယန္တရားတွေမှာ လိုတာထက်ပိုပြီး ခန့်ထားတာတွေ့ရတယ်။ ခေတ်မီနည်းပညာတွေသုံးပြီး လုပ်ငန်းဆောင်ရွက်မှုတွေကို သွက်လက်အောင် ဝန်ထမ်းအရေအတွက် နည်းနည်းနဲ့ ဆောင်ရွက်နိုင်ဖို့ အရေးကြီးတယ်။ စက္ကူသုံးတဲ့စနစ်ကိုရှောင်ပြီး နည်းပညာကိုအားကိုးရမှာဖြစ်တယ်။

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ပါဝင်လှုပ်ရှားတဲ့အခါမှာ ထူးခြားချက်တစ်ခုကို အံ့သြစရာတွေ့မြင်ရတယ်။ အုပ်ချုပ်ရေးပြုပြင်မှုဟာ ပြည်သူ့ ဝန်ထမ်းတွေကို အခြေပြုရမှာဖြစ်တယ်။ ဒါပေမယ့် အစိုးရဌာနတွေမှာ အုပ်ချုပ်ရေးဌာနတွေကို သီးခြားတည်ထောင်ထားပြီး ဝန်ထမ်းရေးရာတွေကို တာဝန်ယူစေတယ်။ အုပ်ချုပ်ရေးနဲ့ ဝန်ထမ်းရေးရာဟာ မတူညီပါဘူး။ ခွဲခြားသုံးသပ်နိုင်ဖို့ လိုအပ်တယ်။ ပုဂ္ဂလိကလုပ်ငန်း အဖွဲ့အစည်းတွေမှာ အုပ်ချုပ်ရေးဌာနနဲ့ ဝန်ထမ်းရေးရာကိစ္စတွေကို တာဝန်ယူတဲ့ (Human Resource) အိပ်(ချ်)အာ ဌာနတွေတည်ထောင်ထားတယ်။ ဒီကိစ္စကို ကျွန်တော်တစ်ချိန်က ထောက်ပြခဲ့တယ်။ အမှန်တော့ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုကို စဉ်းစားရင် (HR) ကို စဉ်းစားရမှာသာဖြစ်တယ်။ ညီလာခံမှာ(HR) ဌာနတွေ တည်ထောင်ဖို့ စဉ်းစားကြလိမ့်မယ်လို့ ယူဆမိပါတယ်။ တကယ်တော့ အစိုးရဌာနတွေဟာ ပုဂ္ဂလိကလုပ်ငန်းတွေရဲ့ အောင်မြင်မှုတွေကို အတုယူနိုင်ဖို့ လိုအပ်တယ်။

ဒါကြောင့်လည်း ကျွန်တော်က အစိုးရဟာ ဌာနတွေမှာ စွန့်ထွင်ဦးစီးမှုကို အလေးထားရမယ်။ အသိမှတ်ပြုရမယ်။ ဝန်ကြီးဌာနတွေဟာ ကုမ္ပဏီတစ်ခုလို့ စဉ်းစားရင် အဖြေတစ်မျိုးရနိုင်တယ်။ အမိန့်ပေးမှလုပ်ရင်၊ ညွှန်ကြားချက်မရမချင်း ဘာမှမလုပ်ရင် စီးပွားရေးလုပ်ငန်းတွေမှာ အရှုံးပေါ်မှာသေချာပါတယ်။ တာဝန်ကျေပွန်တဲ့၊ တာဝန်ခံယူတဲ့ ပြည်သူ့ဝန်ထမ်းတွေဖြစ်ဖို့ လိုအပ်လှပါတယ်။ နိုင်ငံတကာအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုတွေမှာ ပုဂ္ဂလိကကဏ္ဍရဲ့အားသာချက်တွေကို အစိုးရယန္တရားမှာ အသုံးချနိုင်ဖို့ လိုအပ်လှပါတယ်။

ကျွန်တော်သတိပြုမိတဲ့ အရာတစ်ခုက အခမ်းအနားတွေ၊ ညီလာခံတွေပြီးတဲ့ အချိန်တွေမှာ သဘောတူခဲ့တာတွေ၊ ဆုံးဖြတ်ခဲ့တာတွေကို အကောင်အထည်ဖော်ဖို့ လိုအပ်တယ်။ ပွဲပြီးမီးသေမဖြစ်ဖို့ အလွန်အရေးကြီးတယ်။ လုပ်လိမ့်မယ်လို့လည်း ယုံကြည်မိပါတယ်။

## ဝါးဘိုးတော-ကမမောင်းကားလမ်း၊ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်



ဘားအံ ဩဂုတ် ၂၇

ကရင်ပြည်နယ်အတွင်းရှိ ဝါးဘိုးတော-ကမမောင်း ကားလမ်းသည် ဝါးဘိုးတောမှ ကမမောင်းအထိ ၃၄ မိုင် ၂ ဖာလုံရှိ သည်။ အဆိုပါကားလမ်းအား ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် လမ်းအထူးအဖွဲ့(၂၂)က တာဝန်ယူ၍ လမ်းချဲ့ခြင်း၊ ကတ္တရာခင်းခြင်း၊ ကွန်ကရစ်တံတားများ တည်ဆောက်ခြင်းကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကားလမ်းမှာ မူလက ၁၂ ပေ ကားလမ်းဖြစ်ပြီး ဝါးဘိုးတော၊ ကျောက်တစ်လုံး၊ ဝင်းဒရယ်၊ နိုးထ၊ တံတားဦး၊ ညောင်တုန်း၊ ရွှေလူး၊ ဘန်ဘွေးကုန်း၊ မဲလန်၊ မီးပုံး၊ ကုန်းတန်းကြီး၊ မြိုင်၊ ဝဲယံ၊ ပေပင်ဆိပ်၊ မိတ္တီလာ၊ ချောင်းညီနောင်၊ မိဇိုင်း စသည့် ကျေးရွာများကို ဖြတ်သန်းဖောက်လုပ်ထားသော ကားလမ်းဖြစ်သည်။

ယခုအခါမူလ ၁၂ ပေမှ ၁၈ ပေချဲ့ခြင်းကို မိုင် ၃၀ ၁၈၊ ၂၃ ပေချဲ့ခြင်းကို လေးမိုင် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို ၁ ဒသမ ၁၆ မိုင်၊ ကတ္တရာရေပိတ်လွှာနှစ်ထပ်ခင်းခြင်းကို ၁၂ မိုင် ၄ ဖာလုံစသည်ဖြင့် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ခရမ်းစိုးမြင့်

## ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ တရားခွင် လက်တွေ့လုပ်ငန်းလေ့လာခြင်းပြုလုပ်

မော်လမြိုင် ဩဂုတ် ၂၇

မော်လမြိုင်တက္ကသိုလ်မှ ဥပဒေပညာအထူးပြု ပဉ္စမနှစ် ကျောင်းသား ကျောင်းသူများ တရားခွင်လက်တွေ့လုပ်ငန်းလေ့လာရေး အခမ်းအနားကို ဩဂုတ် ၂၃ ရက်နေ့ ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဥပဒေချုပ်တို့မှ အမှာစကားပြောကြားခဲ့ကြသည်။ မော်လမြိုင်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာသင်းသင်းမော်က ဥပဒေပညာဌာန ကျောင်းသား ကျောင်းသူများ တရားခွင်လက်တွေ့လုပ်ငန်း လာရောက်လေ့လာရသည့်အကြောင်းကို ရှင်းလင်းတင်ပြပြီး ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်ကြည်ကြည်စိန်းက တရားစီရင်ရေးရာ ဆောင်ရွက်မှုလုပ်ငန်းများအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများသည် ကြီးကြပ်ဆရာ၊ ဆရာမများလိုက်ပါ၍ ပြည်နယ် တရားလွှတ်တော်၊ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးတို့တွင် တရားစီရင်နေမှုများနှင့် တရားခွင်လက်တွေ့လုပ်ငန်းများကို လေ့လာခဲ့ကြကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

# ကော့သောင်းမြို့အဝင် သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၂၇**

ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက်ရှိ မြို့အဝင် ကြိုဆိုပါ၏ဆိုင်းဘုတ်ရှိရာ View Point ပတ်ဝန်းကျင် တစ်ဝိုက် သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဌာနစိတ်က ဩဂုတ် ၂၄ ရက်တွင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကော့သောင်းမြို့သို့ ပြည်ထောင်စုလမ်းမကြီးအတိုင်း ကားလမ်းဖြင့်စတင်ဝင်ရောက်ပါက မြို့တွင်းမှ သုံးမိုင်ခန့် အကွာ ကြိုဆိုပါ၏ဆိုင်းဘုတ်ရှိရာ View Point သည် တောင်စောင်းကုန်းအမြင့်ပိုင်း အပေါ်စီးမြင်ကွင်းဖြင့် အက်ဒမန်ပင်လယ်ပြင်အတွင်းမှ မှုန်ပြပြကျွန်းများကို ကြည့်ရှုနိုင်သည့် သာယာသော နေရာတစ်ခုဖြစ်ပြီး ကော့သောင်းမြို့သို့လာကြသည့် ခရီးသွားဧည့်သည်များ၏စိတ်အာရုံကို ဖမ်းစားနိုင်ကာ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်အများစု မဖြစ်မနေ အမှတ်တရဓာတ်ပုံရိုက်ကူး မှတ်တမ်းတင်လေ့ရှိသည့် နေရာတစ်ခုဖြစ်သည်။

ထို့ကြောင့် အဆိုပါ View Point ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် လမ်းဘေးဝဲယာ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ကတ္တရာလမ်းအစပ်တွင်ပေါက်ရောက်နေသည့် မြက်ပင်များကို ရှင်းလင်းဖယ်ရှားခြင်း၊ မြို့အဂ်ါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး ရည်ရွယ်ချက်များဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။



**ကျော်စိုး(ကော့သောင်း)**

# သာစည်မြို့နယ်၌ ကျေးရွာရေရရှိရေးလုပ်ငန်းများ ဖြည့်စွက်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်သွားမည်

**သာစည် ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ရေလည်ကွေ့ကျေးရွာမှ ဒေသခံ ကျေးလက်ပြည်သူများ စဉ်ဆက်မပြတ် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် တွင်းတိမ်နှစ်တွင်း၊ ရေစက်ရုံ အုတ်ရေလှောင်ကန်နှင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန် လျာထားသတ်မှတ်ထားကြောင်း သိရသည်။

သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဖြည့်စွက်ရန်ပုံငွေ ရရှိပါက လုပ်ငန်းများ စီစဉ်ဆောင်ရွက်သွားနိုင်ရန် မြို့နယ်ဦးစီးမှူး ဦးဌေးကိုနှင့် ဝန်ထမ်းအဖွဲ့သည် ဩဂုတ် ၂၅ရက်က အဆိုပါ ရေလည်ကွေ့ကျေးရွာသို့ သွားရောက်ပြီး ကျေးရွာမှ တာဝန်ရှိသူများနှင့်အတူ ကျေးရွာပတ်ဝန်းကျင်မှ ရေချိုထွက်ရှိနိုင်မည့် နေရာများကို စိစစ်ရွေးချယ်ခဲ့ကြသည်။

ရေလည်ကွေ့ကျေးရွာသည် သာစည်မြို့၏တောင်ဘက်ပိုင်း ညောင်ရမ်းကျေးရွာအုပ်စုအတွင်းတွင် တည်ရှိပြီး အိမ်ခြေ ၆၀၊ လူဦးရေ ၃၃၃ ဦးရှိကြောင်းနှင့် နှစ်စဉ် နွေရာသီကာလတိုင်း သောက်သုံးရေရှားပါးလေ့ရှိသော ကျေးရွာတစ်ရွာဖြစ်၍ ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး လုပ်ငန်းရှင်များအား အသိပညာပေးဟောပြော

**သုံးခွ ဩဂုတ် ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် သုံးခွမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနတို့ပူးပေါင်း၍ သုံးခွမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး အသိပညာပေးဟောပြောပွဲကို သုံးခွမြို့နယ် ရှစ်မျက်နှာ စေတီတော်ပရိဝုဏ်အတွင်း ဓမ္မာရုံ၌ ဩဂုတ် ၂၃ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးရွှေဖြူက စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များဖြစ်သည့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ လုပ်ကိုင်ခြင်း၊ ရှင်းလင်းမှန်ကန်သော သတင်းအချက်အလက်များပေးခြင်း၊ ခွဲခြားမှုမရှိ ဖြောင့်မတ်မှန်ကန်စွာ ဆက်ဆံခြင်း၊ သတ်မှတ်ထားသော စံချိန်စံညွှန်း အရည်အသွေးအပေါ်အခြေခံ၍ အာမခံချက်ပေးခြင်း၊ လိုအပ်ပါက စားသုံးသူအား စမ်းသပ်နိုင်သည့် အခွင့်အရေးပေးခြင်း၊ အာမခံကာလအတွင်း ပျက်စီးဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ အာမခံချက်အတိုင်း တာဝန်ယူဆောင်ရွက်ပေးခြင်း၊ ကုန်စည်သည် သဘောတူညီချက်နှင့် ကိုက်ညီမှုမရှိပါက သဘောတူထားသည့်အတိုင်း တာဝန်ယူဆောင်ရွက်ပေးခြင်း၊ အငြင်းပွားမှုဖြေရှင်းနေစဉ် မည်သည့်နည်းလမ်းဖြင့်မဆို စားသုံးသူအား ထိခိုက်အောင် ပြောဆိုရေးသားပြုမူခြင်းမျိုးမှ ရှောင်ကြဉ်ခြင်း စသည့် ထုတ်လုပ်သူ လုပ်ငန်းရှင်များ လိုက်နာရမည့်အချက်များကို အသေးစိတ်ရှင်းလင်း အသိပညာပေးဟောပြောကာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ဝေထားသည့် ပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြသည်။



ဆက်လက်၍ သုံးခွမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးဇေဝင်းအောင်က ဖော်မလင်ဆေးအကြောင်း သိကောင်းစရာများနှင့် ဆိုးကျိုးများကို ရှင်းလင်းဟောပြောပြီး ကျန်းမာရေးမှူးအဆင့်(၃) ဦးသက်ဦးမောင်ကလည်း ပြည်သူများသိရှိထားသင့်သော ကျန်းမာရေးဆိုင်ရာများကို ဟောပြောခဲ့ကြသည်။

**ကြည်စိုးလွင်(သုံးခွ)**

# (၁၀၅)မိုင်ကုန်သွယ်ရေးဇုန် ကုန်ပစ္စည်းစစ်ဆေးရေးကွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်

**မူဆယ် ဩဂုတ် ၂၇**

မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန် ကုန်ပစ္စည်းစစ်ဆေးရေးကွင်းအတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဩဂုတ် ၂၄ ရက်က စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ကုန်ပစ္စည်းစစ်ဆေးရေးကွင်း ပြင်ဆင်ဆောက်လုပ်ရေးလုပ်ငန်း ထောက်ပံ့ကူညီမှု သဘောတူစာချုပ်ကို မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲအစိုးရတို့ မေ ၂၆ ရက်က ချုပ်ဆိုခဲ့ပြီးဖြစ်သည်။ စာချုပ်ကို ကုန်သွယ်ရေးဇုန်တာဝန်ခံညွှန်ကြားရေးမှူး ဦးမြင့်သူရနှင့် တရုတ်နိုင်ငံ ရွှေလီမြို့ ပါတီကော်မတီ ဒုတိယအတွင်းရေးမှူး ရွှေလီမြို့တော်ဝန် မစ္စတာရှဲ့တဖုန်တို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါစာချုပ်အရ တရုတ်နိုင်ငံ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုက ပို့ကုန် (Export) ကုန်ပစ္စည်းစစ်ဆေးရေးကွင်းအတွင်း ကွန်ကရစ်ခင်းရန် မြေထိုးမြေညှိခြင်းနှင့် လိုအပ်သည့်နေရာများတွင် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေခြင်းဖြစ်သည်။

"ဒီယာဉ်စစ်ဆေးကွင်းကို ပြင်သင့်တာကြာပါပြီ။ နွေဆိုရင်ဖုန်တွေများတာတစ်မျိုး၊ မိုးတွင်းဆိုရင်လည်း ရွှံ့ဗွက်နဲ့ ချိုင့်ခွက်တွေကတစ်မျိုး ကားပေါ်အတက်အဆင်းလုပ်ရတာလည်း အဆင်မပြေဘူး။ တချို့နေရာတွေဆို ကားအောက်ပိုင်းနဲ့တောင် မလွတ်ချင်ဘူး။ တစ်ခါတလေ လေးကျိုးတာတွေ၊ ဆီတိုင်ကီပြုတ်ကျတာတွေ၊ အပိုဘီးတွေပြုတ်ကျတာတွေရှိခဲ့တယ်။ ဒါတွေအားလုံးက ကွင်းကြီးရဲ့အားနည်းချက်တွေပဲ။ ဒါကြောင့် ဒီကွင်းကြီးကို အမြန်ဆုံးပြုပြင်ပေးစေချင်နေတာ ကြာပါပြီ"ဟု ကုန်တင်ကားမောင်းသူတစ်ဦးက ပြောသည်။

(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် ကုန်ပစ္စည်းစစ်ဆေးရေးကွင်းသည် အိမ်နီးချင်းတရုတ်နိုင်ငံနှင့် ထိစပ်လျက်ရှိပြီး တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုမှာလည်း နှစ်စဉ် တိုးတက်လျက်ရှိကာ တစ်နိုင်ငံလုံး နယ်စပ်ကုန်သွယ်မှုတန်ဖိုး၏ ၇၅ ရာခိုင်နှုန်းမှာ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ရရှိနေကြောင်း၊ ကုန်သွယ်ရေးဇုန်သို့ နေ့စဉ် တရုတ်နိုင်ငံဘက်မှ ယာဉ်နှင့်ယန္တရားများ၊ အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ သံပိုက်လုံး သံချောင်းများ၊ ကော်ပိုက်လုံးများနှင့် ဓာတ်မြေဩဇာများ ဝင်ရောက်လျက်ရှိကာ မြန်မာဘက်မှ ပဲမျိုးမျိုး၊ သကြား၊ ပြောင်း၊ ဆန်နှင့်ဆန်ကွဲ၊ ကျောက်မျက်အချောထည်ပစ္စည်းများ၊ ရော်ဘာ၊ ကဏန်းနှင့် အသီးအမျိုးမျိုးတို့ တင်ပို့နေကြောင်း သိရသည်။

ကုန်သွယ်ရေးဇုန်အတွင်း နှစ်နိုင်ငံဘက်မှ နေ့စဉ်ဝင်ရောက်သော ကုန်တင်ကားအရေအတွက်မှာ ပုံမှန်အားဖြင့် ပို့ကုန်ကားနှင့် သွင်းကုန်ကားပေါင်း အစီးရေ ၈၀၀ ကျော်မှ ၁၀၀၀ ကျော်ရှိကာ လက်ရှိအချိန်တွင်မူ အစီးရေ ၆၀၀ ကျော်၊ ၇၀၀ ခန့်ရှိကြောင်း၊ သီးနှံများပေါ်ပြီး တရုတ်နိုင်ငံဘက်သို့ တင်ပို့ချိန်များတွင် အသီးကားများအပါအဝင် ကုန်တင်ကားအစီးရေ ၂၀၀၀ ခန့်အထိ ဝင်ရောက်မှုရှိကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-သန့်ဇင်(မူဆယ်)**



# သန်းခေါင်စာရင်း ကိန်းဂဏန်းများအရ မြန်မာ့လူ့ဘောင်တွင် ကျား-မ အခွင့်အရေးမညီမျှမှုများရှိနေဟုဆို

**ရန်ကုန် ဩဂုတ် ၂၇**

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပင်မအစီရင်ခံစာကို ၂၀၁၅ မေလက ထုတ်ပြန်ခဲ့ပြီး အသေးစိတ်ဆန်းစစ်လေ့လာသည့် သုတေသနစာတမ်း ၁၃ စောင်ကိုလည်း ထုတ်ပြန်ပေးခဲ့သည်။ အဆိုပါစာတမ်းများထဲမှ ဆန်းစစ်လေ့လာပြီးစာတမ်းများကို အဆင့်ဆင့် ထုတ်ပြန်ပေးလျက်ရှိရာ ယခုနှစ် ဩဂုတ် ၂၄ ရက်က ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့၏ ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံအတွင်းနေထိုင်ကြသော အမျိုးသမီးများ၏ ဘဝတစ်လျှောက်နှင့် လူမှုအသိုင်းအဝိုင်းအတွင်း ကျား-မ မညီမျှစွာ ဆက်ဆံခံရမှုများကို ကျယ်ကျယ်ပြန့်ပြန့် ကြုံတွေ့နေရသည်ကိုတွေ့ရကြောင်း ဖော်ပြထားသည်။

"အမျိုးသမီးတွေအနေနဲ့ စီးပွားရေးအရ ပိုမိုစွမ်းဆောင်လုပ်ကိုင်လာနိုင်အောင်နဲ့ မြန်မာ့လူမှုအသိုင်းအဝိုင်းမှာ အမျိုးသမီးတွေအတွက် အခွင့်အရေးမညီမမျှဖြစ်နေတာကနေ အခွင့်အရေးတွေ တန်းတူညီမျှရလာကြစေဖို့အရှိန်မြှင့်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ချမှတ်လိုက်တဲ့ လုပ်ငန်းစဉ်တွေ၊ စီမံချက်တွေအားလုံးဟာ အမျိုးသမီးတွေရဲ့လိုအပ်ချက်တွေကိုသာမက အမျိုးသားတွေရဲ့လိုအပ်ချက်တွေကိုလည်း ညီတူညီမျှ ထည့်သွင်းစဉ်းစားပေးဖို့ လုပ်ဆောင်ခြင်းဖြင့် ကျား-မ ကဏ္ဍမှာ တန်းတူညီမျှဖြစ်ရေးဟာ မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေးမှာ မရှိမဖြစ်ပါဝင်ရမယ့် အစိတ်အပိုင်းတစ်ခု ဖြစ်လာပါလိမ့်မယ်"ဟု ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စဂျဲနက် ဂျက်ဆင်က ပြောကြားသည်။

အစီရင်ခံစာတွင် အမျိုးသမီးများကဦးဆောင်သည့် အိမ်ထောင်စုများအကြောင်းကိုလည်း ဖော်ပြထားရာ အိမ်ထောင်စု ၂၃ ဒသမ ၇ ရာခိုင်နှုန်းသည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများဖြစ်ကြောင်း၊ အိမ်ထောင်ဦးစီး အမျိုးသားများတွင် ၉၂ ရာခိုင်နှုန်းသည် အိမ်ထောင်ရှိသူများဖြစ်သော်လည်း အိမ်ထောင်ဦးစီး အမျိုးသမီးများတွင် ၃၁ရာခိုင်နှုန်းသာ အိမ်ထောင်ရှိသူများဖြစ်ကြပြီး ထိုအချက်က အမျိုးသမီးများသည် အမျိုးသားများထက် သက်တမ်းပိုရှည်စွာ နေထိုင်ရကြောင်း ဖော်ပြထားကာ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၏ ၂၈ ရာခိုင်နှုန်းသည် မြို့ပြတွင်နေထိုင်နေကြပြီး ၂၂ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ကြကြောင်းလည်း သိရသည်။

အပျိုဖော်ဝင်ခါစ မိန်းကလေးငယ်များသည် သက်ရွယ်တူ ယောကျ်ားလေးများထက် စောစီးစွာ အိမ်ထောင်ကျနိုင်သည်ဆိုသည့်အချက်အရ ကျား-မ ရေးရာတွင် အခွင့်အရေးမညီမျှမှုကိုဖော်ပြနေကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ ဆယ်ကျော်သက်မိန်းကလေးပေါင်း သုံးသိန်းသည် အိမ်ထောင်ရှိသူများဖြစ်နေကြချိန်တွင် သက်ရွယ်တူ ယောကျ်ားလေးများသည် တစ်သိန်းသာ အိမ်ထောင်ရှိသူများဖြစ်ကြောင်း၊ ဆယ်ကျော်သက်မိခင်ပေါင်းမှာ ၈၉၀၀၀ မျှရှိကြောင်းလည်း အစီအရင်ခံစာတွင် ဆိုထားသည်။

ပညာရေးကဏ္ဍတွင် လက်ရှိပညာသင်ယူနေသည့် ကျား-မ ဦးရေ ကွာဟမှုမှာ မပြောပလောက်သော ပမာဏမျှသာရှိနေပြီး ဘွဲ့ရသူနှင့် ဘွဲ့လွန်ပညာ ဆက်လက်သင်ယူအောင်မြင်သူများ အရေအတွက်တွင် အမျိုးသမီးဦးရေက အမျိုးသားဦးရေထက် ပိုမိုများပြားနေကြောင်း အဆိုပါအစီရင်ခံစာအရ သိရသည်။

လုပ်သားအင်အားစုကဏ္ဍတွင်မူ အမျိုးသမီးဦးရေ စုစုပေါင်း၏ ၅၀ ဒသမ ၅ ရာခိုင်နှုန်းသည်သာ လုပ်သားအင်အားစုတွင် ပါဝင်နေကြပြီး အမျိုးသားများမှာမူ ၈၅ ဒသမ ၆ ရာခိုင်နှုန်းအထိ ပါဝင်နေကြသည်ကို တွေ့ရှိရကြောင်း သိရသည်။ "အမျိုးသမီးတွေ လုပ်ငန်းခွင်ထဲ ပိုမိုဝင်ရောက်လာနိုင်ကြစေဖို့နဲ့ အဲဒီကမှတစ်ဆင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးမှာ ပါဝင်ဆောင်ရွက်လာကြစေဖို့ အတားအဆီးတွေကို ဖယ်ရှားပေးကြရပါမယ်။ အထူးသဖြင့် အမျိုးသမီးတစ်ဦး ကလေးမွေးလိုက်တာဟာ သူ့အတွက် အလုပ်ဆက်လက်ရရှိ လုပ်ကိုင်နိုင်မှုကို ဘယ်လိုမှ မထိခိုက်စေအောင် အစိုးရနဲ့ပုဂ္ဂလိကကဏ္ဍတွေမှာ အစီအမံတွေ အသေအချာ ဆောင်ရွက်ထားကြရမှာဖြစ်ပါတယ်"ဟု မစ္စဂျဲနက်ဂျက်ဆင်က ပြောကြား သည်။ လုပ်သားအင်အားစုတွင် မပါဝင်သော အမျိုး သမီးများမှ လေးပုံသုံးပုံကျော်သည် ဝင်ငွေမရသော အိမ်ထောင်ထိန်းသိမ်းရေးကိစ္စများကို လုပ်ကိုင်နေရကြောင်းလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။


**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# သီးနှံစိုက်ပျိုးမှု နည်းပညာပြန့်ပွားရေး ဆွေးနွေးပွဲများပြုလုပ်

**နေပြည်တော် ဩဂုတ် ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သီးနှံသုတေသန ပညာရှင်များသည် ကယားပြည်နယ် ဘောလခဲမြို့နယ်မှ အဆင့်မြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စံပြကျေးရွာဖြစ်သည့် မိုင်းထမ်းကျေးရွာနှင့် ဒီးမော့ဆိုမြို့နယ် ဟိုဖိတ်ကျေးရွာသို့ ဩဂုတ် ၁၉ ရက်နှင့် ၂၀ ရက်က သွားရောက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများနှင့် ပူးပေါင်းကာ သီးနှံစိုက်ပျိုးမှု နည်းပညာပြန့်ပွားရေး ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ဆွေးနွေးပွဲများတွင် ကယားပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒေါ်ညိုညိုအောင်နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဇီဝနည်းပညာ၊ မျိုးစေ့ဘဏ်နှင့် သီးနှံကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာနွဲ့နွဲ့ယဉ်တို့က တောင်သူများ သိရှိထားသင့်သည့် စိုက်နည်းစနစ်များ၊ စိုက်ပျိုးရေး သုတေသနပညာရှင်များ၏ သီးနှံမျိုးများနှင့် စိုက်နည်းစနစ်များကို သုတေသနပြု ဆောင်ရွက်နေမှု အခြေအနေများ စသည်တို့ကို ဒေသခံများအား အသိပေး ဆွေးနွေးကြခဲ့ကြသည်။

**ကိုကိုရှူ**


UPG PREMIER
♦ အရောင်ထောင်ပေါင်းများစွာကို အချိန်တိုအတွင်း Computerized Tinting System ဖြင့် အရောင်စုံထုတ်လုပ်ပေးနေပါပြီ။
♦ နမူနာအရောင်များကို Computer Color Planner Software တွင်ထည့်သွင်း ကြည့်ရှုနိုင်ပါပြီ။
♦ ၁လီတာတိုင်းအတွက် လူမှုရေးရံပုံငွေ (CSR) တွင် ၁၀၀ကျပ် ထည့်ဝင်လှူဒါန်းပါမည်။
THOUSANDS of designing colors Through Tinting System
COMPUTERIZED TINTING SYSTEM MAKES IT POSSIBLE!
Odourless
Legendary Performance All in One
Near Zero-VOC, Non-Toxic Paint
အဆိပ်အတောက်မရှိအတွင်းနံရံသုံးအနံ့မဲ့ ပြိုင်စံရှားရေဆေး
ဂုဏ်သတ္တိထူးများ
✓ အနံ့မရှိခြင်း
✓ အဆိပ်အတောက်မရှိခြင်း
✓ အငွေ့ပျံနိုင်သောဓါတုပစ္စည်းပါဝင်မှုသုညနီးပါးဖြစ်ခြင်း
✓ အရောင်စွဲမြဲမှုအားအထူးကောင်းမွန်ခြင်း
✓ ဆေးကြောမှုဒဏ်ခံနိုင်ရည်အထူးကောင်းမွန်ခြင်း
✓ ဆံခြည်မျှင်အက်ကြောင်းများကိုဖုံးအုပ်နိုင်ခြင်း
✓ ဘက်တီးရီးယားပိုးများကိုကာကွယ်နိုင်ပြီး၊ ကျန်းမာရေးနှင့် ညီညွတ်ခြင်း
✓ ရေညှိ၊ မှိုနှင့် အယ်ကာလီဒဏ်တို့ကိုခံနိုင်ခြင်း
✓ ဂန္တဝင်ဆန်ဆန်လှပစေခြင်း
✓ အသုံးပြုရလွယ်ကူခြင်း
✓ လိုအပ်သည့်နေရာကိုကွက်၍ အလွယ်တကူဖြည့်စွက်သုတ်နိုင်ခြင်း
✓ ဆေးသုတ်ရာတွင် ဆေးစက်များလွင့်စင်မှုမရှိခြင်း
✓ ဆေးသားဖုံးအုပ်မှုအထူးကောင်းမွန်ခြင်းနှင့် အထူးတာရှည်ခံခြင်း
✓ ပွတ်တိုက်မှုဒဏ်ကိုကောင်းစွာခံနိုင်ခြင်း
✓ ခဲနှင့်ပြဒါးပါဝင်မှုမရှိခြင်း
✓ ပတ်ဝန်းကျင်ဂေဟနှင့် သဟဇာတဖြစ်ခြင်း
VERY LOW ODOUR near ZERO VOC
ECO FRIENDLY
Go "GREEN" Eco Friendly Paint
UPG PREMIER Odourless Legendary Performance All in One Near Zero-VOC, Non-Toxic Paint 5 Litres
UPG PREMIER Odourless 10 Litres
SAY yes TO THE BEST ... UPG
UPG UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care
Global Compact Network (Myanmar)
No. 174/ 188, 2nd Floor, Bo Myat Tun Street, Shwe Gabar Tower (II), Pazundaung Township, Yangon, Myanmar.
Tel: 95-1-200535, 299432 Fax: 95-1-299605
web site : www.upgpaint.com
email : info@upgpaint.com
facebook.com/upgpaint

## ကိုရီးယား - မြန်မာTrade Delegation Business Meeting နှင့် ပစ္စည်းမိတ်ဆက်ပွဲဖိတ်ကြားခြင်း

ကိုရီးယားသံရုံးစီးပွားရေးဌာန (KOTRA)မှ ကြီးမှူး၍ကိုရီးယားနိုင်ငံထုတ် Car Filter, အလှကုန်ပစ္စည်းများ၊ အလှအပဆိုင်ရာ စက်ပစ္စည်းများ၊ UV Lamp, Medical Equipment, Packing Machine, Battery Charger, Inverter Welding Machine စသည့် ကုန်ပစ္စည်းများနှင့် ပတ်သတ်ပြီးပစ္စည်းမိတ်ဆက်ခြင်း၊ ကိုရီးယားမှ တင်သွင်းရောင်းချလိုသူ မြန်မာလုပ်ငန်းရှင်များနှင့် ဆွေးနွေးပွဲအား အောက်ပါအတိုင်းကျင်းပမည် ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော လုပ်ငန်းရှင်များအားပွဲတတ်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| No | Company Name | Products | Website |
|---|---|---|---|
| 1 | KoreafilteringCo.,Ltd | Filter for Cars (CRDI fuel filter and injector, Auto filter assembly equipment) | www.crdifilter.com |
| 2 | MS Tech Co., Ltd | UV LAMP for Printing Service, UV Curing System | www.msuv.co.kr |
| 3 | Sinwoo Tech Co., Ltd | Inverter Welding Machine Air Plasma Cutting Machine | www.wtkorea.co.kr |
| 4 | Allincare Co., Ltd | Medical Equipment (ARM SPLINT,LEG SPLINT) | www.allincare.co.kr |
| 5 | F&G international Co., Ltd | Packaging Machinery (Sinks or wash basins which are made of stainless steel) | www.fnginternational.com |
| 6 | Realston Co., Ltd | Filter for Car (Oil Filter, Fuel Filter, Fuel Pump) | www.realston.com |
| 7 | Deadukp&p Co., Ltd | Bathroom Accessories (Faucets,Multiple Water Treatment device, Skin care solution(LED) | www.dpnp.co.kr |
| 8 | Daeun medical Co., Ltd | Medicine (Neo Dermal Activator, Eco AT gel, Medicine) | Under construction |
| 9 | Magiccos Co., Ltd | Cosmetic(Lapriz placenta gold 5 set,Lapriz lift eyecream) | www.magiccos.biz |
| 10 | RepowertekInc | Prime Battery Regenerator, Prime Battery Discharger | www.repowertek.com |
| 11 | ES Co., Ltd | Lady Care Product,dailyhue (Near infrared ray phototherapy) | www.dailyhue.net |

နေ့ရက် ။ ။ ၅ ရက် ၊ ၉ လ ၊ ၂၀၁၇ ခုနှစ်

နေရာ ။ ။ Bago Room, SuleShangarila Hotel

ကျင်းပချိန်။နေ့စ်သက်သောအချိန်အား ကြိုတင်စာရင်းပေးသွင်းပြီးတတ်ရောက်နိုင်ပါသည်။

အသေးစိတ် စုံစမ်းခြင်းနှင့် ကြိုတင်စာရင်းပေးသွင်းရန်ဖုန်း ၀၁ ၂၃၅၄၅၃ မှ ၀၁ ၂၃၅၄၅၆ (မခင်မြတ်မော်) ၊ kotrayangon9112@gmail.comသို့ အီးမေးလ် ဖြင့်လည်းကောင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ရာဇတံခွန်ကုမ္ပဏီ(ကမ္ဘာကျော်စာတ်မြေသြဇာ)ဝန်ထမ်းများခေါ်ယူခြင်း

**ရာဇတံခွန်ကုမ္ပဏီ(ကမ္ဘာကျော်ဓာတ်မြေသြဇာ) မှ အောက်ပါဝန်ထမ်းများခေါ်ယူမည်။**

**(၁) နယ်လှည့်အရောင်းမန်နေဂျာ (ကျား)**

(က) အချိန်မရွေးနယ်ထွက်နိုင်ရမည်။ အပင်ပန်းခံနိုင်ရမည်။ စာရင်းစစ်၊ စာရင်းကိုင်ကျွမ်းကျင်ရမည်။ တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူ၊ အသက် ၂၅ နှစ်မှ ၃၅နှစ်အတွင်းဖြစ်ရမည်။ ဈေးကွက်အတွင်းဖြန့်ချိရေးအတွေ့အကြုံရှိသူ၊ တောင်သူများအား မြေသြဇာအကြောင်း စည်းရုံးဟောပြောနိုင်သူများ ဦးစားပေးခန့်ထားမည်။ ဝန်ထမ်းများအား ထိန်းသိမ်းအုပ်ချုပ်နိုင်ရမည်။

(ခ) ကုမ္ပဏီမှချမှတ်ထားသော စည်းကမ်းများအားလိုက်နာရမည်။ အခြေခံလစာအဖြစ်အချိန်ပိုကြေးပါရှိပြီး အလုပ်သင်ကာလတွင် (၂၀၀၀၀၀ိ/-)မှ စတင်ရရှိပြီး လုပ်ငန်းကျွမ်းကျင်၍ ရုံးခွဲများတွင် ကိုယ်တိုင်ဦးစီးဖြန့်ဖြူးရောင်းချနိုင်ပါက ပထမလတွင် (၃၀၀၀၀၀ိ/-)၊ ဒုတိယလတွင်(၄၀၀၀၀၀ိ/-)ရရှိမည်။ လစာအပြင် အခြားအကျိုးခံစားခွင့်များ ခံစားခွင့်ရှိမည်။

**(၂) အုပ်ချုပ်မှုမန်နေဂျာ (ကျား)**

(က) အသက် ၃၀နှစ်မှ ၄၅နှစ်အတွင်းဖြစ်ရမည်။ တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူ ဖြစ်ရမည်။ အုပ်ချုပ်မှုအတွေ့အကြုံ (၂)နှစ်အထက်ရှိပြီးသူ ဦးစားပေးမည်။ စာရင်းစစ်စာရင်းကိုင် ကျွမ်းကျင်ရမည်ဖြစ်ပြီး အချိန်မရွေးနယ်ထွက်၍ စာရင်းစစ်နိုင်ရမည်။ အခြေခံလစာအဖြစ် အချိန်ပိုကြေးပါပြီး အလုပ်သင်ကာလတွင် (၂၀၀၀၀၀ိ/-)မှ စတင်ရရှိပြီး လုပ်ငန်းကျွမ်းကျင်ပါက (၃၀၀၀၀၀ိ/-)မှ စတင်ရရှိမည်ဖြစ်သည်။

**(၃) အိမ်စီးကားသီးသန့်ယာဉ်မောင်း (ကျား)**

(က) အသက် ၃၀နှစ်မှ ၄၅နှစ်အတွင်းဖြစ်ရမည်။ ယာဉ်မောင်းအတွေ့အကြုံ(၃)နှစ်အထက်ရှိပြီးသူ၊ ယာဉ်မောင်းလိုင်စင်ရှိပြီးသူ၊ ယဉ်ကျေးသိမ်မွေ့စွာပြောဆိုဆက်ဆံနိုင်သူများ ဦးစားပေးခန့်ထားမည်။ အချိန်မရွေးနယ်ထွက်နိုင်ရမည်။ အခြေခံလစာအဖြစ် (၂၀၀၀၀၀ိ/-)မှ စတင်ရရှိမည်။

**(၄) နယ်လှည့်အရောင်းစာရေး (ကျား)**

(က) အသက် ၁၈နှစ်မှ ၃၅နှစ်အတွင်းဖြစ်ရမည်။ အချိန်မရွေးနယ်ထွက်နိုင်ရမည်။ အပင်ပန်းခံနိုင်ရမည်။ အိမ်ထောင်မရှိသူများဦးစားပေးမည်။ အခြေခံလစာအဖြစ် အချိန်ပိုကြေးပါပြီး(၉)တန်းအောင် (၁၇၀၀၀၀ိ/-)၊ (၁၀)တန်းအောင် (၁၈၀၀၀၀ိ/-)၊ ဘွဲ့ရ(၁၉၀၀၀၀ိ/-)မှ စတင်ရရှိမည်။

အလုပ်လျှောက်ထားရာတွင် ကျောင်းဆက်တက်မည့်သူများ၊ ကျန်းမာရေးမကောင်းသူများ၊ အပင်ပန်းမခံနိုင်သူများ၊ နယ်မထွက်နိုင်သူများ၊ အချိန်ပိုမလုပ်နိုင်သူများ၊ ကုမ္ပဏီစည်းကမ်းမလိုက်နာနိုင်သူများကို အလုပ်ခန့်ထားမည်မဟုတ်ပါ။ နယ်ထွက်လျှင် နေ့စဉ်စားစရိတ်၊ ခရီးစရိတ်များရရှိမည်ဖြစ်ပြီး နေထိုင်ရန်အဆောင်ပေးမည်။ အလုပ်လျှောက်ထားရာတွင် ကုမ္ပဏီမှလျှောက်လွှာဝယ်ယူ လျှောက်ထားရမည်ဖြစ်ပြီး ၉တန်းအောင်(သို့) ၁၀တန်းအောင်ကြောင်းထောက်ခံစာ(သို့)ဘွဲ့လက်မှတ်(မူရင်း/မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းရပ်ကွက်၊ ရဲစခန်းထောက်ခံစာ(မူရင်း/မိတ္တူ)၊ အိမ်ထောင်စုဇယားပုံစံ(၆၆)၊ မူရင်း/မိတ္တူ၊ တစ်ပတ်အတွင်း ရိုက်ထားသော ကာလာဓာတ်ပုံ(၅)ပုံ၊ မှတ်ပုံတင်(မူရင်း/မိတ္တူ)၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့ဖြင့် ၁၅-၈-၂၀၁၇ မှ ၃၀-၉-၂၀၁၇ရက် နောက်ဆုံးထားပြီး အောက်ပါအတိုင်း ကိုယ်တိုင်ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

လိပ်စာ-

**ရာဇတံခွန်ကုမ္ပဏီလီမိတက်(ကမ္ဘာကျော်ဓာတ်မြေသြဇာ) ၁၆လမ်း၊ ခတ္တာလမ်းထောင့်၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်**

**ဖုန်း-၀၉-၄၂၄၆၈၂၁၀၇၊ ၀၉-၄၂၄၆၈၂၁၀၉၊ ၀၉-၉၆၈၆၃၃၆၈၄၊ ၀၆၇-၂၅၁၁၈၊ ၀၆၇-၂၂၀၅၃၊ ၀၆၇-၂၂၉၂၉၊ ၀၆၇-၂၂၃၀၃၊ ၀၆၇-၂၅၉၅၅**

**ဖခင်အမည်မှန်**

ညောင်ရွှေမြို့နယ် အထက(ခွဲ)သပြေပင် တက္ကသိုလ်ဝင်တန်း(က)မှ မသန်းသန်းဝင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မြတ်တိုး ၁၃/ညရန(နိုင်)၁၁၇၇၃၀ ဖြစ်ပါကြောင်း။

**ဦးအောင်မြတ်တိုး**

**ဖခင်အမည်မှန်**

ညောင်ရွှေမြို့နယ် (အထက) သာလေး တက္ကသိုလ်ဝင်တန်း(ခ)မှ နန်းမိုးမိုးအေး၏ဖခင် အမည်မှန်မှာ ဦးစိုး ၁၃/ညရန(နိုင်)၀၇၃၆၁၄ ဖြစ်ပါကြောင်း။

**ဦးစိုး**

# ခေတ်မီအိတ်ချိန်းစက်များ လဲလှယ်မည်ဖြစ်သဖြင့် အော်တိုတယ်လီဖုန်းနံပါတ်များအားပြောင်းလဲမည်

MPT အနေဖြင့် ပိုမိုကောင်းမွန်သည့် အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများကိုပေးနိုင်ရန်အတွက် လက်ရှိအသုံးပြု နေသော အော်တိုတယ်လီဖုန်းနံပါတ် များကို ဂဏန်း (၇) လုံးပါရှိသည့် အော်တိုတယ်လီဖုန်းနံပါတ်အသစ်များဖြင့် ပြောင်းလဲတပ်ဆင်ပေးသွားမည်ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ဝန်ကြီးများရုံး RSU အိတ်ချိန်းကို ၂၀၁၇ ခုနှစ် ဩဂုတ်လ (၃၁)ရက်နေ့ နှင့် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ ပလိပ်အိတ်ချိန်းကို ၂၀၁၇ခုနှစ် စက်တင်ဘာလ (၁၅)ရက်နေ့တို့တွင် ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲတပ်ဆင်မည်ဖြစ်ပါသဖြင့် အော်တိုတယ်လီဖုန်းနံပါတ်များလည်း အောက်ပါ အတိုင်း ပြောင်းလဲသွားမည်ဖြစ်ပါသည်။

| အိတ်ချိန်း | နယ်မြေ | လက်ရှိအသုံးပြုနေသော ဖုန်းနံပါတ် | အသစ်ပြောင်းလဲမည့် ဖုန်းနံပါတ် |
|---|---|---|---|
| ဝန်ကြီးများရုံး RSUအိတ်ချိန်း | ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၀၁-၂၄×××× | ၀၁-၈၂၄×××× |
| | | ၀၁-၂၅×××× | ၀၁-၈၂၅×××× |
| | | ၀၁-၃၇×××× | ၀၁-၈၃၇×××× |
| | | ၀၁-၃၈×××× | ၀၁-၈၃၈×××× |
| | | ၀၁-၃၉×××× | ၀၁-၈၃၉×××× |
| ပလိပ်အိတ်ချိန်း | စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၀၆၆-၄၂××× | ၀၆၆-၂၀၄၂××× |

*အဆိုပါ နံပါတ်အဟောင်းမှ နံပါတ်အသစ်သို့ ပြောင်းလဲစဉ်ကာလအတွင်းတွင် **MPT**မှ မိမိတို့၏ဝန်ဆောင်မှုကို အသုံးပြုနေသူများအနေဖြင့် ဆက်သွယ်မှုအဆင်ပြေစေရန် **Call Forward** ဝန်ဆောင်မှုကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလအကုန်အထိ အခမဲ့ပေးထားမည်ဖြစ်ပြီး သုံးစွဲသူများသည် နံပါတ်အသစ်သို့ ပြောင်းလဲနေစဉ်ကာလအတွင်းတွင် လက်ရှိနံပါတ် သို့မဟုတ် နံပါတ်အသစ်သို့ခေါ်ဆိုနိုင်မည်ဖြစ်ပါသည်။*

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

## ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ ထနောင်းတိုင်ရွာ၊ အခြေခံပညာ အထက်တန်းကျောင်း၊ န၀မတန်းမှ မောင်စည်သူကို၏ ဖခင်အမည်မှန်မှာ ဦးတင့်လွင် ၉/မခန(နိုင်)၀၆၁၂၄၅ ဖြစ်ပါသည်။

**ဦးတင့်လွင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး အတွင်းရုံဆိုင်ခန်းအမှတ် (D -၆၀)အား ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ (၆)လမ်း၊ အိမ်အမှတ် (၃/၄၂)နေ ဒေါ်ခင်ရီ ၉/ပမန(နိုင်)၀၉၂၄၈၆ အမည်ပေါက်ပိုင်ဆိုင်ပြီး ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ (၂)လမ်း၊ အိမ်အမှတ် (၁၅/၅၆)နေ ဒေါ်နုနုဝင်း ၉/ပမန(နိုင်)၀၀၂၃၈၉သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမြန်ပြန်လာပါ



ဦးပြည့်စုံကျော် အသက်(၃၂)နှစ် (ဘ) ဦးကျော်ဝင်း ၁၂/ဒဂန(နိုင်) ၀၃၀၄၃၄သည် ၁၉-၈-၂၀၁၇ရက် နံနက် ၉း၀၀နာရီတွင် နေအိမ်မှ ထွက်သွားပြီးနောက် ယနေ့ထိ ပြန်လည်ရောက်ရှိခြင်းမရှိ၍ မိသားစုမှ စိုးရိမ်ပူပန်နေပါသည်။ တွေ့ရှိသူများ အကြောင်းကြားပေးပါရန်။

**ဇနီးဖြစ်သူ-ဒေါ်မူမြင့်မြတ်ခင်**
**ဖုန်း-၀၉-၂၁၃၂၅၅၆၊ ၀၉-၂၅၇၉၅၉၅၉၉**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရေကြည်မြို့နယ်၊ အသုတ်မြို့၊ အမှတ်(၅)ရပ်ကွက်နေ ဒေါ်စန်းစန်းခိုင်၏ သမီး ဒေါ်အိအိခိုင် ၁၄/ကပန(နိုင်)၁၂၈၈၂၈ သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်သော ကိစ္စအရပ်ရပ်အား တာဝန်ယူမည်မဟုတ်ပါ။

**(မေးမြန်းခြင်းသည်းခံပါ။)** **ဒေါ်စန်းစန်းခိုင်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5A/8523 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရှာသာကြီး)**

## ဖခင်အမည်မှန်

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ အထက(၁၉) တက္ကသိုလ်ဝင်တန်း (E)မှ မောင်အောင်ချိုလင်း၏ ဖခင်အမည်မှန်မှာ ဦးကိုစီ(ခ)ဦးစီ ၉/ပမန(နိုင်) ၂၀၀၆၂၂ အမှန်ဖြစ်ပါကြောင်း။

**ဦးစီ**

## မွေးသက္ကရာဇ်အမှန်

ဦးဇော်မြင့်၏သား မော်လမြိုင်ကျွန်းမြို့၊ အ·ထ·က(၁) တက္ကသိုလ်ဝင်တန်းမှ မောင်ဇော်နန္ဒအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ဖွားစာရင်းအရ ၂၆-၁-၂၀၀၂ ဖြစ်ပါကြောင်း။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ(ဦးသက်ဝေ)-ဒေါ်ယဉ်ဌေး တို့၏သား မောင်ကျော်သက်ဇော် ၁၂/ဥကတ(နိုင်)၁၇၃၃၄၇ သည် မိသားစုအပေါ် အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သည့် မည်သည့် ကိစ္စအဝဝကိုမှ လုံးဝတာဝန်မယူပါ။

**မိခင်-ဒေါ်ယဉ်ဌေး**
**၁၂/ဥကတ(နိုင်)၀၅၄၈၈၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ် ၁/၂၀၁၇

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားစီမံကိန်းအဖွဲ့(၂)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ကလေးဝမြို့မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်ရှိ တံတား(၅)စင်းလုပ်ငန်းများအတွက် လိုအပ်သည့် (ဘိလပ်မြေ၊ မြစ်သဲ၊ မြစ်ကျောက်စရစ်၊ သံချောင်းရှယ်စုံ၊ တောသစ်ခွဲသား၊ ဘင်တိုနိုက်၊ ဒီဇယ်ဆီ၊ လေအိုး၊ မီးအိုး)စသည့် ပစ္စည်းများအား လုပ်ငန်းခွင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

